၂၀၁၁ ခုနှစ်၊
စက်တင်ဘာလ (၅) ရက်မှ
စတင်ထုတ်ဝေသည်။
နှစ်ပတ်တစ်ကြိမ်
(ဗုဒ္ဓဟူးနေ့တိုင်း) ထုတ်ဝေသည်။
www.transcomjournal.com

# ပို့ဆောင်ဆက်သွယ်
သတင်းဂျာနယ်
TRANSCOM NEWS JOURNAL

အတွဲ (၈)၊ အမှတ် (၁၀)
၂၀၁၈ခုနှစ်၊ မေလ (၂၃)ရက်






## မေလ ၁၈ရက် မွန်းလွဲ ၂နာရီမှစ၍ မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ယခင်အချိန်များအတိုင်း ပုံမှန်ပြန်လည်ပြေးဆွဲ

စာ-၉ »

## ရေနှင့်ဆက်နွယ်နေသည့်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးပါဝင်ဆောင်ရွက်သွားရန်လိုအပ်

စာ-၁၇ »

## e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

စာ-၁၆ »

## မြန်မာအမျိုးသားလေကြောင်း
## လေယာဉ်မောင်း၊ မယ်သင်တန်း ၁ / ၂၀၁၈ ဖွင့်ပွဲကျင်းပ

စာ-၂၀ »

## ကချင်ပြည်နယ်အတွက် အဓိကဝန်ဆောင်မှုပေးနေသည့် မြစ်ကြီးနားလေဆိပ်


စာ-၂၀ »

## တရားဝင်မှတ်ပုံတင်ထားသည့် ယာဉ်ဟုတ်၊ မဟုတ်စစ်ဆေးမှု ရုံးပိတ်ရက်မှအပ နေ့စဉ်စစ်ဆေးပေးနေ

စာ-၁၈ »

## ဂျပန်နိုင်ငံမှထောက်ပံ့သည့် ကစ္စပနဒီ(၃) ရေယာဉ်ရောက်ရှိလာပါက ရခိုင်ပြည်နယ်၏ လိုအပ်မည့် ရေလမ်းခရီးတွင် ပြေးဆွဲပေးမည်

စာ-၄ »




## ရန်ကုန်မြစ်အတွင်း သင်္ဘောကြီးများဝင်ထွက်ရာတွင် အဆင်ပြေစေရေးအတွက် အကြီးစားသောင်တူးခြင်းလုပ်ငန်းများစတင်

စာ-၁၄ »



# အယ် ဒီ တာ့ အာ ဘော်

## "၂၁ ရာစုပင်လုံတတိယအစည်းအဝေးနှင့် JMC"

၂၁ ရာစုပင်လုံတတိယအစည်းအဝေးကို မူလက ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးပတ်တွင် ကျင်းပရန်စီစဉ်ခဲ့သည်။ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) နှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) တို့၏ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပနိုင်ခြင်းမရှိသေးသည့်အခြေအနေအပါအဝင် အကြောင်းအမျိုးမျိုးတို့ကြောင့် ဧပြီလကုန် သို့မဟုတ် မေလဆန်းသို့ ရွှေ့ဆိုင်းထားသော်လည်း ပြီးခဲ့သည့်ဧပြီလကပြုလုပ်သည့် အလွတ်သဘောတွေ့ဆုံပွဲတွင် ၂၁ ရာစုပင်လုံတတိယအစည်းအဝေးကို မေလကုန်ပိုင်းတွင် ပြုလုပ်ရန်သဘောတူညီခဲ့သည်။

NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) တို့ ၂၀၁၈ခုနှစ်၊ ဧပြီလ ၂၆ရက်နှင့် ၂၇ရက်တို့တွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင်တွေ့ဆုံဆွေးနွေးကြပြီး ပူးတွဲကြေငြာချက်ထုတ်ပြန်ခဲ့သည်။

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင်အမြန်ဆုံး ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး ပါဝင်ရေးထိုးနိုင်မီ ရေတိုကာလအတွင်း

(က) Local Monitoring Team & JMC ကိစ္စနှစ်ဘက်တပ်ဖွဲ့များသွားလာမှု၊ ဆက်သွယ်မှု၊ ပြည်နယ်အ ဆင့်တွင် ညှိနှိုင်းရေးကိစ္စပြည်နယ်အစိုးရနှင့် KNPP အကြားနှစ်ဘက်သဘောတူညီထားသည့်အတိုင်း ပုံမှန်တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်။

(ခ) ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်များတွင် ဆက်ဆံရေးတာဝန်ခံများ ပြန်လည်ထားရှိရေးကိစ္စ

(ဂ) တပ်ပိုင်းဆိုင်ရာကိစ္စနှင့် ပတ်သက်၍ဆွေးနွေးရာတွင်တိုးတက်မှုများရရှိခဲ့ပြီး နှစ်ဘက်ညှိနှိုင်းသဘောတူညီသည့်အတိုင်း ဆက်လက်ဆောင်ရွက်ရန်ဟူ၍ ထုတ်ပြန်ကြေငြာခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) တွင် ပြည်ထောင်စုအဆင့် (JMC-U)၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် (JMC-S) နှင့် ဒေသဆိုင်ရာအဆင့် (JMC-L) ဟူ၍ အသီးသီးဖွဲ့စည်းထားသည်။

တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) များကို ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖွဲ့စည်းထားသည်။

ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-L) များကို ရှမ်းပြည်နယ်တောင်ပိုင်း၊ လင်းခေးမြို့နှင့် ကရင်ပြည်နယ်၊ ဖာပွန်မြို့တို့တွင် ဖွဲ့စည်းထားရှိသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စောင့်ကြည့်ရေးကော်မတီ (JMC) အဆင့်ဆင့်၏ ဒုတိယအကြိမ်မြောက်မျက်နှာစုံညီအစည်းအဝေး (JMC Conference) ကို ၂၀၁၈ ခုနှစ်၊ မေလ ၈ရက်နှင့် ၉ရက်နေ့တို့တွင် နှစ်ရက်ကြာကျင်းပခဲ့ပြီး တစ်နှစ်တာကာလအတွင်း JMC အဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်အသေးစိတ်အခြေအနေများဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး ပထမနေ့တွင် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဥက္ကဋ္ဌ (၁) ဗိုလ်ချုပ်စောအိုက်ဖတ်ဖိုး (KNU) နှင့် ဒုတိယဥက္ကဋ္ဌ (၂) ဦးပြည့်စုံတို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့သည်။

အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ JMC အဆင့်ဆင့်မှ အဖွဲ့ဝင်များ၊ နည်းပညာအထောက်အကူပြုအဖွဲ့ဝင်များအဖြစ် ရန်ကုန်အခြေစိုက်နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ ၊ NGO၊ NGO မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး ဒုတိယနေ့ (မေလ ၉ရက်) တွင်JMC အဆင့်ဆင့်တွင်ပါဝင်သော အရပ်သားကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍တင်ပြခြင်း၊ JMC-TSC ကလက်ရှိဆောင်ရွက်နေသော လုပ်ငန်းဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများဆွေးနွေးခြင်းနှင့် မျက်နှာစုံညီအစည်းအဝေးဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းများချမှတ်ခြင်း။

NCA လက်မှတ်ရေးထိုးသည့် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ရက်နောက်ပိုင်းတွင် NCA ပြဋ္ဌာန်းချက်အရ JICM, UPDJC, JMC တို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ UPC များကျင်းပခဲ့သည်။ ကျင်းပနေဆဲဖြစ်သည်။ NCA Road Map ၏အဆင့် ၅ နှင့် ၇တို့တွင် ပြည်ထောင်စုသဘောတူစာချုပ်ချုပ်ဆိုခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ဖြစ်သည်။

JMC တွင် တပ်မတော်ကိုယ်စားလှယ်၊ NCA လက်မှတ်ရေးထိုးထားသည့် EAO ကိုယ်စားလှယ်နှင့် အရပ်ဖက်ကိုယ်စားလှယ်များပါဝင်သည်။ JMC-U တွင် အဖွဲ့ဝင် ၂၇ဦး၊ JMC-S တွင် ၁၄ဦးမှ ၂၂ဦး၊ JMC-L တွင် ၆ဦးမှ ၈ဦးအထိ ပါဝင်ပြီး JMC ဝန်ထမ်း ၁၀၀ခန့်ပါဝင်သည်။

JMC-U Meeting ကို နှစ်လတစ်ကြိမ်၊ JMC-S နှင့် JMC-U တို့က တစ်လတစ်ကြိမ်အသီးသီးပြုလုပ်ညှိနှိုင်းဆွေးနွေးတိုင်ပင်ကြသည်။

ငြိမ်းချမ်းရေးညီလာခံသို့ တက်ရောက်နိုင်ရန် NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့အစည်းများအပြင် လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် အဖွဲ့ဝင်များပါဝင်နိုင်ရေးစုစည်းညှိနှိုင်းကြရာတွင် ယုံကြည်မှုကို ခိုင်မာစေရန် တည်ဆောက်ရသည်။ ယုံကြည်မှုခိုင်မာမှုတွင် နှစ်ဘက်ပစ်ခတ်တိုက်ခိုက်မှုများ လျော့ချပြီး နားလည်မှုရေချိန်မြင့်မားစေရန် ဦးစွာတည်ဆောက်ကြရသည်။ ထို့သို့တည်ဆောက်ရာတွင် JMC အဆင့်ဆင့်၏ ကြိုးပမ်းဆက်နွယ်မှုသည် အရေးပါလှသည့်တည်ဆောက်မှုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရလေသည်။ ။

အယ်ဒီတာ့အာဘော်

19-5-2018 (21:05)

# ၂၀၁၈ ခုနှစ်၊ မေလ တတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

အနောက်တောင်မုတ်သုံလေသည် မေလ (၂၁-၂၅)ရက်အတွင်း မြစ်ဝကျွန်းပေါ်ဒေသများသို့လည်းကောင်း၊ မေလ(၂၆-၃၁)ရက်နေ့အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့လည်းကောင်း ဝင်ရောက်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း(၁)ကြိမ်ဖြစ်ပေါ်နိုင်ပြီး၊ ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပါသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်ပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင်မုတ်သုံလေသည် အားအသင့်အတင့်မှအားကောင်းနိုင်ပါသည်။

မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် (၅)ရက်မှ (၈)ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် (၂)ရက်မှ (၄)ရက်ခန့်မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေ့အပူချိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မေလ၊ တတိယ(၁၀)ရက်ပတ်အတွင်း မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့်သပိတ်ကျင်းမြို့တို့တွင် (၄)ပေမှ (၆)ပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူးမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့်မကွေးမြို့တို့တွင် (၂)ပေမှ(၄)ပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့်ဇလွန်မြို့တို့တွင် ပေဝက်မှ (၁)ပေခန့်မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် မေလ၊ တတိယ(၁၀)ရက်ပတ်အတွင်း ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့်ဖောင်းပြင်မြို့တို့တွင် (၃)ပေမှ (၅)ပေခန့်နှင့် မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့်မုံရွာမြို့တို့တွင် (၁)ပေမှ (၃)ပေခန့် မြင့်တက်လာနိုင်ပါသည်။

မိုး/ဇလ

## မုတ္တမဘူတာ


လင်းမြတ်

မြစ်သံလွင်နံဘေး
လွမ်းတေးလေးဆို
ဘယ်သူငိုနေပါလိမ့် . . .
အို ဘယ့်မုတ္တမ။

တစ်ချိန်ကတော့ သခင်
ယခုငယ် ကြင်သူရယ်ရှား
ဘယ်သူတွေများ ငဲ့ကြည့်ပါလိမ့် . . .
အို ဘယ့်မုတ္တမ။

ခြေရာတွေထပ်ခဲ့တဲ့ ပလက်ဖောင်း
အတိတ်အကြောင်းက မယုံနိုင်စရာ
စုံလင်စွာလူတန်းစားကို
မပူမပင်အောင် သူ့အကျိုးပြုခဲ့ . . .
အို ဘယ့်မုတ္တမ။

အထီးကျန်ဘဝထဲမှာ
အကျည်းတန်တယ်ထင်ရပေမယ့်
ပါးစပ်ရာဇဝင် တွင်ရစ်ဆဲမို့
ခေါ်တွင်လို့နေကြပါရဲ့ . . .
အထင်ကရ မုတ္တမ။




# ဖားကန့်မြို့ရှိ ကျောက်စိမ်းများ အလွန်အကျွံထုတ်လုပ်မှုနှင့် ပတ်သက်သည့် ဓာတ်ပုံပြပွဲပြုလုပ်လျက်ရှိ

ဓာတ်ပုံဆရာလေးဦး၏ သွေးစွန်းသောကျောက်စိမ်းခရီးဟု အမည်ပေးထားသည့် ကချင်ပြည်နယ်ဖားကန့်မြို့ရှိကျောက်စိမ်းများ အလွန်အကျွံထုတ်လုပ်မှုနှင့် ပတ်သက်သည့်ဓာတ်ပုံပြပွဲကို မေလလယ်၌ရန်ကုန်မြို့ပြည်သူ့ဥယျာဉ်အတွင်းရှိ Yangon Gallert ၌ ပြသခဲ့သည်။

"ပထမတော့ ကိုဇော်မိုးထက်ရိုက်ကူးထားတဲ့ ဓာတ်ပုံချည်းပဲပြမယ်ဆိုပြီး စီစဉ်ထားတာ။ ဒါပေမယ့် ဒီပွဲကို စီစဉ်ပေးမယ့်သူ တစ်ယောက်အနေနဲ့ အကြံပြုတယ်၊ ဘာလို့လဲဆိုတော့ အရင်ခေတ်က ရိုက်ထားတဲ့ပုံတွေကို၊ ကိုဇော်မိုးထက်က ၂၀၁၀ မှာရိုက်တယ်၊ ကျွန်တော်မိတ်ဆွေ ကိုဇော်(ဖားကန့်)က ၁၉၉၄ ခုနှစ်လောက်ကတည်းက ရိုက်ထားတဲ့ပုံတွေရှိတယ်၊ ကျွန်တော်ကတော့ ၂၀၁၈ ခုနှစ်တုန်းက ရိုက်ဖူးတယ်၊ အဲဒီပုံလေးတွေအကုန်လုံးကို ယှဉ်ပြရင်ကောင်းမယ်ဆိုပြီးတော့ ပြဖြစ်တယ်။ ကြည့်ရမယ့်သူတွေအတွက်လည်း အရင်ခေတ်ကပုံတွေရော အခုရိုက်ထားတဲ့ပုံတွေရော ဒါဘယ်လိုဆိုတာ သိသွားမယ်။ ၂၀၁၈ ခုနှစ်လောက်မှာ သွားရိုက်တုန်းကဆိုခက်ခဲတယ်။ ကင်မရာထုတ်ဖို့တောင် အနွေးထည် ဂျက်ကတ်လေးထဲမှာ သေချာထည့်ပြီးမှ ဘေးကသူငယ်ချင်းတစ်ယောက်က ကာပေးထား။ အဲဒီလိုရိုက်ခဲ့ရတယ်။ ဒရုန်းတွေဘာတွေလည်းမပေါ်သေးတော့ ကိုဇော်မိုးထက်တို့ ရိုက်တဲ့ခေတ်မှာတော့ ပေါ်လာတော့ ပိုပြီးရိုက်လို့ကောင်းသွားတယ်၊ ပြီးတော့ပွဲကိုလာကြည့်မယ့်သူတွေသိစေချင်တာက သဘာဝပတ်ဝန်းကျင်တွေ ဘယ်လောက်ပျက်စီးသွားလဲ၊ နောက်အဖိုးတန်သံယံဇာတတွေပေါပေါပဲပဲနဲ့ တခြားနိုင်ငံတွေရောက်သွားတယ်။ တိုင်းပြည်မှလူတွေရဲ့ဘဝများစွာပုံရိပ်ကိုလည်း မြင်နိုင်တယ်" ဟု ဓာတ်ပုံစိုးဝင်းငြိမ်းကပြောသည်။

သွေးစွန်းသော ကျောက်စိမ်းခရီးဟုအမည်ပေးထားသည့် ဓာတ်ပုံပြပွဲတွင် ဖားကန့်ဒေသအတွင်းရှိရေမဆေးကျောက်ရှာနေသူများ၏ ဘဝပုံရိပ်များကိုလည်း တွေ့မြင်နိုင်ပြီး ၁၉၉၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိရိုက်ကူးထားသည့်ဓာတ်ပုံများအား ပြသထားကြောင်းနှင့် အဆိုပါပြပွဲတွင်ဓာတ်ပုံဆရာများဖြစ်သည့် ကိုဇော်(ဖားကန့်)၊ စိုးဝင်းငြိမ်း၊ ဇော်မိုးထက်နှင့် ညက်လှိုင်းလင်းတို့ ရိုက်ကူးထားသည့်ဓာတ်ပုံစုစုပေါင်း ၇၀ ခန့်အားပြသထားကြောင်းသိရသည်။

T.Z


ပျော်ပျော်သုံး
MPT
ရှေ့သို့လှမ်းချီမြန်မာပြည်
တစ်မိနစ်
၆ ကျပ် + Bonus SMS
၂၀၀ မိနစ် +
၂၀၀ SMS
*200#
၁၂၆၀ ကျပ်
၁ မိနစ် ၆ ကျပ်အတွက် အစိုးရကုန်သွယ်လုပ်ငန်းခွန် ၅% ထပ်မံပေးဆောင်ရန်လိုအပ်ပါသည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday



**ပြစ်မှုပြစ်ဒဏ်များ**

၁။ မည်သူမဆို–
(က) လိုင်စင်မရှိဘဲလက်မှတ်ရောင်း/စပယ်ယာ ဆောင်ရွက်လျှင်၊
(ခ) စိတ်ဖြင့်ဖြစ်စေကိုယ်အားဖြစ်စေ သင့်လျော်ခြင်း မရှိသည့် အခါမောင်းနှင်လျှင်၊
(ဂ) ခွင့်ပြုသည့်အလေးချိန် ထက်ပိုသောမော်တော်ယာဉ်ကို မောင်းနှင်လျှင်
(ဃ) ခြေကျင်လမ်းကူးနေရာနှင့် သက်ဆိုင်သည့်နည်းဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုဆန့်ကျင်ကျူးလွန်လျှင် ငွေဒဏ်အနည်းဆုံးကျပ်တစ်ရာမှ အများဆုံးကျပ်တစ်ထောင်ထိ တစ်နှစ်အတွင်း အထက်ပါပြစ်မှုတစ်ခုခုကိုထပ်မံကျူးလွန်လျှင် ငွေဒဏ်အနည်းဆုံးကျပ်နှစ်ရာမှအများဆုံးကျပ်တစ်ထောင့်ငါးရာထိ ဒဏ်ထပ်ရိုက်ခြင်းခံရမည်။
(မော်တော်ယာဉ် ဥပဒေပုဒ်မ– ၂၀)

၂။ မည်သူမဆို–
(က) မှတ်ပုံတင်မထားသည့် မှတ်ပုံတင်သက်တမ်းမရှိသည့် မော်တော်ယာဉ်ကို မောင်းနှင်လျှင်၊
(ခ) အာမခံ မထားသောမော်တော်ယာဉ်ကို မောင်းနှင်လျှင်
(ဂ) သတ်မှတ်ထားသည့် ယာဉ်မောင်းလိုင်စင်မရှိဘဲ မောင်းနှင်လျှင်၊
(ဃ) အမြန်နှုန်း ကန့်သတ်ချက်ထက်ပိုမောင်းလျှင်၊
(င) ယာဉ်ကို အရမ်းမဲ့(သို့မဟုတ်)ဘေးအန္တရာယ်ဖြစ်အောင် မောင်းနှင်လျှင်၊
(စ) သေရည်သေရက်(သို့မဟုတ်) မူးယစ်စေတတ်သောဆေးဝါးသောက်စား၍ မော်တော်ယာဉ်ကို မထိန်းနိုင်လောက်အောင် မောင်းလျှင်(၆လ)ထိ ထောင်ဒဏ်(သို့မဟုတ်) ကျပ်ငါးရာအထိငွေဒဏ်(သို့မဟုတ်)ဒဏ်နှစ်ရပ်စလုံး တစ်နှစ်အတွင်းအထက်ပါပြစ်မှုတစ်ခုခုကို ထပ်မံကျူးလွန်လျှင်(၁ နှစ်)အထိထောင်ဒဏ်(သို့မဟုတ်)ငွေဒဏ်အနည်းဆုံးကျပ်ငါးရာမှ အများဆုံးကျပ်တစ်ထောင့်ငါးရာထိ(သို့မဟုတ်)ဒဏ်နှစ်ရပ်စလုံး ကျခံရမည်။
(မော်တော်ယာဉ် ဥပဒေ–၂၁)

၃။ မည်သူမဆို–
မော်တော်ယာဉ် ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ပါက ငွေဒဏ်အနည်းဆုံးကျပ်နှစ်ရာမှ အများဆုံးကျပ်တစ်ထောင့်ငါးရာထိကျခံရမည်။(မော်တော်ယာဉ် ဥပဒေ– ၂၂)

၄။ အငှားမော်တော်ယာဉ်လုပ်ငန်းဥပဒေ၊ စည်းကမ်းဥပဒေများကို ချိုးဖောက်လျှင်–
(က) ပထမအကြိမ် ကျူးလွန်ပါကကျပ်ငါးရာထိငွေဒဏ်
(ခ) နောက်ထပ်ကျူးလွန်ပါက ကျပ်တစ်ထောင်ထိငွေဒဏ်၊ (သို့မဟုတ်)(၆)လထိ ထောင်ဒဏ်(သို့မဟုတ်) ဒဏ်နှစ်ရပ်စလုံးကျခံရမည်။
(ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများဥပဒေပုဒ်မ– ၁၇)

၅။ မော်တော်ဆိုင်ကယ်စီးသူများသည် မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ချိုးဖောက်ပါက မော်တော်ယာဉ်မောင်းသူများနည်းတူ ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၆။ ခြေလျင်လျှောက်သူများ လိုက်နာရန်စည်းကမ်းကိုချိုးဖောက်ပါက ငွေဒဏ်အနည်းဆုံးကျပ်တစ်ရာမှအများဆုံးကျပ်တစ်ထောင်ထိ ချမှတ်ခြင်းခံရမည်။
(မော်တော်ယာဉ် ဥပဒေပုဒ်မ– ၂၀)

၇။ စက်ဘီးစီးသူများ လိုက်နာရန် စည်းကမ်းများကိုချိုးဖောက်ပါက ငွေဒဏ်အနည်းဆုံးကျပ်နှစ်ရာမှ အများဆုံးကျပ်တစ်ထောင့်ငါးရာထိ ချမှတ်ခြင်းခံရမည်။
(မော်တော်ယာဉ် ဥပဒေပုဒ်မ– ၂၂)

၈။ အနေးယာဉ်များ လိုက်နာရန် လမ်းစည်းကမ်းကိုချိုးဖောက်ကငွေဒဏ်အနည်းဆုံး ကျပ်နှစ်ရာမှ အများဆုံးကျပ်တစ်ထောင့်ငါးရာထိ ချမှတ်ခြင်းခံရမည်။
(မော်တော်ယာဉ် ဥပဒေပုဒ်မ– ၂၂)

၉။ မည်သူမဆို–
(က) အများပြည်သူ ဆိုင်ရာလမ်းတွင်အရမ်းမောင်းခြင်း အရမ်းစီးခြင်းပြုလုပ်ပါက (၂)နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ တစ်ထောင်ထိဒဏ်ငွေဖြစ်စေ၊ ဒဏ်(၂)ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။(ရာဇသတ်ကြီးပုဒ်မ– ၂၇၉)
(ခ) အခြားသူ၏အသက်ကို (သို့မဟုတ်) လုံခြုံရေးကိုဘေးဖြစ် စေသောပြုလုပ်မှုတစ်ခုခုကိုပြုခြင်းဖြင့် နာကျင်စေမှုကိုဖြစ်စေပါက(၂)နှစ်ထိထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။(ရာဇသတ်ကြီးပုဒ်မ–၃၃၇)
(ဂ) အခြားသူ၏အသက်ကို (သို့မဟုတ်) လုံခြုံရေးကိုဘေးဖြစ်စေသောပြုလုပ်မှု တစ်ခုခုကိုပြုခြင်းဖြင့် အပြင်းအထန်နာကျင်စေမှုကိုဖြစ်စေပါက (၅) နှစ်ထိထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်သည်။(ရာဇသတ်ကြီးပုဒ်မ–၃၃၈)
(ဃ) အရမ်းပြုလုပ်မှုကို (သို့မဟုတ်) ပေါ့လျော့သောပြုလုပ်မှုကိုပြုလုပ်၍ လူကိုသေစေလျှင် (၇)နှစ်ထိထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်သည်။ သို့ရာတွင်အဆိုပါပြုလုပ်မှုကို သေစေတန်ရာသည်သိလျက်နှင့်ပြုလျှင် ထောင်ဒဏ်ကိုတိုး၍(၁၀)နှစ်အထိချမှတ်နိုင်သည်။(ရာဇသတ်ကြီးပုဒ်မ–၃၀၄(က))

၁၀။ မည်သူမဆို မဆင်မခြင်မောင်းနှင်မှုကြောင့်လူကိုအပြင်းအထန်ထိခိုက် ဒဏ်ရာရစေခြင်း။ လူသေစေခြင်းများဖြစ်ပေါ်ပါက ယာဉ်မောင်းလိုင်စင်အားရာသက်ပန်ပိတ်သိမ်းခြင်း၊ နှစ်ကာလကန့်သတ်ပိတ်သိမ်းခြင်းများပြုလုပ်အရေးယူခြင်းခံရမည်။

# ဂျပန်နိုင်ငံမှထောက်ပံ့သည့် ကစ္ဆပနဒီ(၃) ရေယာဉ်ရောက်ရှိလာပါက ရခိုင်ပြည်နယ်၏ လိုအပ်မည့် ရေလမ်းခရီးတွင် ပြေးဆွဲပေးမည်

ဂျပန်နိုင်ငံမှထောက်ပံ့သည့် ကစ္ဆပနဒီ(၃) ရေယာဉ်ရောက်ရှိလာပါက ရခိုင်ပြည်နယ်၏ လိုအပ်မည့် ရေလမ်းခရီးတွင် ပြေးဆွဲပေးနိုင်ရန်စီစဉ်လျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရခိုင်ဌာနခွဲမှသိရသည်။

လက်ရှိတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရခိုင်ဌာနခွဲအနေဖြင့် စစ်တွေ–ဘူးသီးတောင်နှင့် စစ်တွေ–မြေပုံ–ကျောက်ဖြူခရီးလမ်းများကို ပြေးဆွဲပေးလျက်ရှိပြီး၊ စစ်တွေ–ဘူးသီးတောင်ခရီးလမ်းမှာ ရေလမ်းခရီးမိုင်၈၀၊ စစ်တွေ–မြေပုံ–ကျောက်ဖြူခရီးလမ်းသည် ရေလမ်းခရီးမိုင်အားဖြင့် ၁၂၈ မိုင် ရှိပြီး ၊ ခရီးသည်နှင့်ကုန်စည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအဖြစ် သယ်ယူပို့ဆောင်ပေးလျက်ရှိရာ ဂျပန်နိုင်ငံမှထောက်ပံ့မည့် ကစ္ဆပနဒီ(၃) ရေယာဉ်ရောက်ရှိလာပါက ခရီးစဉ်သစ်အဖြစ် ရခိုင်ပြည်နယ်၏ သင့်တော်ရာရေလမ်းခရီးတွင် ပြေးဆွဲပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ရခိုင်ဌာနခွဲမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်းနိုင်ကပြောသည်။

လက်ရှိတွင် စစ်တွေ–ဘူးသီးတောင်ရေလမ်းခရီးအား အောင်တံခွန်ရေယာဉ် ၃စီးဖြင့် ပြေးဆွဲပေးနေခြင်းဖြစ်ပြီး၊ စစ်တွေ– မြေပုံ–ကျောက်ဖြူလမ်းသည် ဂျပန်နိုင်ငံကထောက်ပံ့လှူဒါန်းထားသည့် ကစ္ဆပနဒီ ၁ နှင့်၂ ရေယာဉ်တို့ဖြင့် ပြေးဆွဲပေးနေခြင်းဖြစ်သည်။

"အောင်တံခွန်ရေယာဉ်အနေနဲ့ ခရီးသည်ရရှိမှုကတော့ပုံမှန်ပါပဲ။ အောင်တံခွန်ရေယာဉ်မှာ ခရီးသည်၁၆၈ယောက် တင်ဆောင်နိုင်ပါတယ်။ လောလောဆယ် ပုဏ္ဏားကျွန်း–ရသေ့တောင်–ဘူးသီးတောင်ကားလမ်းနဲ့ တံတားတွေဖွင့်လိုက်တော့ ခရီးသည်ရော၊ ကုန်ရောလိုက်ပါမှုနည်းနည်းကျဆင်းနေပါတယ်။ စစ်တွေ–မြေပုံ–ကျောက်ဖြူကတော့ ကစ္ဆပနဒီ(၂)အမြန်ရေယာဉ်နဲ့ ဆွဲနေတဲ့အတွက် ခရီးသည်ပုံမှန်အပြည့်ပါပါတယ်။ ကစ္ဆပနဒီ(၃)ကတော့ ဂျပန်မှာတည်ဆောက်ဖို့ရှိပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဌာနအကြီးအမှူးရော၊ဌာနမှူးတွေရော ဂျပန်တာဝန်ရှိသူများနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်နေပါပြီ။ သူကတော့ (ဆတ်ရီးကျချောင်း) ထဲဝင်လို့မရလောက်ဘူး။ ရေစူးကအရမ်းများတဲ့သင်္ဘောဖြစ်တဲ့အတွက် သူ့ကိုခရီးလမ်းတစ်မျိုးစီစဉ်ရမယ့်အနေအထားတစ်ခုဖြစ်ပါတယ်။ လောလောဆယ်တော့ ကမ်းရိုးတန်းအပိုင်းကို ဦးစားပေးရမှာပေါ့" ဟု ဦးလှဝင်းနိုင်က ပြောသည်။

လက်ရှိတွင် အောင်တံခွန်ရေယာဉ် ၃ စီးဖြင့်ပြေးဆွဲပေးနေသည့် စစ်တွေ–ဘူးသီးတောင်ရေလမ်းခရီးစဉ်အား တစ်ပတ်လျှင် (၃)ခေါက်အဖြစ် အင်္ဂါ၊ကြာသပတေးနှင့် စနေရက်များတွင် ပြေးဆွဲပေးလျက်ရှိပြီး၊ စစ်တွေ– မြေပုံ–ကျောက်ဖြူ ရေလမ်းခရီးစဉ်အား တစ်ပတ်လျှင် (၂)ခေါက် အင်္ဂါ၊ သောကြာရက်များတွင် ပြေးဆွဲပေးနေခြင်းဖြစ်သည်။ စစ်တွေ–ဘူးသီးတောင်ခရီးလမ်း၏ ကြာချိန်က ရေအတက်အကျပေါ်မူတည်ကာ ၁၀ နာရီဝန်းကျင်ကြာမြင့်ပြီး၊ စစ်တွေ–မြေပုံ–ကျောက်ဖြူ ခရီးလမ်းတွင် ၆ နာရီခွဲခန့် ကြာမြင့်ကြောင်းသိရသည်။



အသစ် တည်ဆောက်မည့် ကစ္ဆပနဒီ(၃) အမြန်ရေယာဉ်ပုံစံ

အဆိုပါ ရေလမ်းခရီးများအတွက် ခရီးသည်လက်မှတ်ခနှုန်းထားမှာ စစ်တွေ–မြေပုံ–ကျောက်ဖြူခရီးလမ်းတွင် စစ်တွေမှ မြေပုံအထိ ခရီးသည်တစ်ဦးလျှင် ၆၀၀၀ ကျပ်၊ မြေပုံမှကျောက်ဖြူအထိ ၆၀၀၀ ကျပ်ဖြစ်ပြီး၊ စစ်တွေမှ ကျောက်ဖြူတိုက်ရိုက်ခရီးစဉ်အတွက် ၉၀၀၀ ကျပ်ဖြစ်သည်။ စစ်တွေ–ရသေ့တောင်–ဘူးသီးတောင်ခရီးလမ်းတွင် စစ်တွေမှ ရသေ့တောင်အထိ ခရီးသည်တစ်ဦးလျှင် ၉၀၀ ကျပ်ဖြစ်ပြီး၊ ရသေ့တောင်မှ ဘူးသီးတောင်အထိ ၉၀၀ ကျပ်၊ စစ်တွေ–ဘူးသီးတောင် တိုက်ရိုက်ခရီးစဉ်အတွက် ၁၈၀၀ ကျပ် သတ်မှတ်ထားခြင်းဖြစ်သည်။

စစ်တွေ–ဘူးသီးတောင်ခရီးလမ်းတွင် ၂၀၁၇–၂၀၁၈ခုဘဏ္ဍာရေးနှစ်အတွင်း ခရီးသည်စုစုပေါင်း (၄၄၄၄၇) ဦး သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပြီး၊ ကုန်အနေဖြင့် ၁၀၅၅၃ တန် တင်ဆောင်နိုင်ခဲ့ကာ၊ ဝင်ငွေအားဖြင့် ၁၇၂.၇ သန်းကျော် ရှာဖွေပေးနိုင်ခဲ့ကြောင်းသိရသည်။

စစ်တွေ–မြေပုံ–ကျောက်ဖြူခရီးလမ်းတွင် ၂၀၁၇–၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်း ခရီးသည်စုစုပေါင်း (၁၄၄၃၄)ဦးသယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပြီး၊ ကုန်အနေဖြင့် ၇၈ တန် တင်ဆောင်နိုင်ခဲ့ကာ၊ ဝင်ငွေအားဖြင့် ၁၁၄.၈သန်းကျော် ရှာဖွေပေးနိုင်ခဲ့ကြောင်းသိရသည်။

အိမ်စည်၊ပိုးအိမ်
ဓာတ်ပုံ – IWT

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL

**စီမံခန့်ခွဲရေးအရာရှိ**
ဦးနီအောင်
**စာတည်းမှူးချုပ်**
မောင်ကြင်နာ
**အုပ်ချုပ်ရေးအရာရှိ**
ထိန်လင်း

**မျက်နှာဖုံးဒီဇိုင်း**
ဝင်းထိုက်
**စာမျက်နှာဒီဇိုင်း**
နေလင်း
မြတ်ထူးဇော်
**ကွန်ပျူတာ**
ခိုင်ယုသွယ်
ဇင်ဘိုထွန်း
မင်းခန့်ဇော်
အောင်ကောင်းဆက်

**လက်ထောက်စာတည်း**
တင်မောင်
**သတင်းထောက်ချုပ်**
ကျော်ကျော်လှိုင်
**သတင်း (ရထား)**
အောင်ဆန်းဦး
**သတင်း (ဆက်သွယ်ရေး)**
လှမျိုး

**ငွေစာရင်းအရာရှိ**
ကျော်သူရ
**ကာတွန်းသရုပ်ဖော်**
မောင်တင်ယု
**သတင်းထောက်**
အိမ်စည်
သဇင်ဖူး
ပိုးဟေမာ

**ထုတ်ဝေသူ**
ကျော်မြင့်
၀၀၄၉၆
**ပုံနှိပ်**
မင်းပြည့်စုံ
၀၀၁၀၃
**ဖြန့်ချိရေး**
ကိုကိုမြတ်၊ ဘိုဘို

တိုက်တည်နေရာ–၈၃/၉၁ ဗိုလ်အောင်ကျော်လမ်း (အောက်) ကျောက်တံတား၊ ရန်ကုန်မြို့။
ဖုန်း ၀၁–၈၆၁၀၁၉၂၊ စာတည်းမှူးချုပ် ၀၁–၃၇၅၄၄၃၊
email- thetransportnews@gmail.com

ပို့ဆောင်ဆက်သွယ်သတင်းဂျာနယ်တိုက်သို့ လူကြီးမင်းတို့၏ သတင်း၊ ဆောင်းပါး၊ ကဗျာ များအား ပေးပို့နိုင်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

ကြော်ငြာများထည့်သွင်းလိုပါက– ဖုန်း၊ ၀၁–၈၆၁၀၁၉၁၊ ၀၉–၄၂၀၁၃၆၆၇

# National Verification Card (NVC) အပြည့်အဝပြုလုပ်ခြင်းမရှိသောကြောင့် ရခိုင်ပြည်နယ်ရှိ ငါးဖမ်းရေယာဉ်များ သက်တမ်းတိုးနိုင်မှုနည်းနေ

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ရေယာဉ်များကို မှတ်ပုံတင်ထုတ်ပေးခြင်း၊လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်း၊ ရေယာဉ်မှတ်ပုံတင်မဲ့မှုပပျောက်ရေး၊ ရေယာဉ်မတော်တဆမှုပပျောက်ရေး၊ ရေယာဉ်စည်းကမ်းထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ မှတ်ပုံတင်သက်တမ်းတိုးခြင်းလုပ်ဆောင်ရာတွင် National Verification Card (NVC) မပြနိုင်သူများကြောင့် လက်ရှိတွင် ငါးဖမ်းရေယာဉ်များ သက်တမ်းတိုးနိုင်မှုနည်းနေသေးကြောင်း ရခိုင်ပြည်နယ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးစိုးလွင်ကပြောသည်။

ရေယာဉ်များကို မှတ်ပုံတင်ခြင်း သက်တမ်းတိုးခြင်းများလုပ်ဆောင်ရာတွင် National Verification Card ရှိရမည်ဖြစ်ပြီး ရေယာဉ်ပိုင်ဆိုင်မှုမှန်ကန်ကြောင်း သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်၊ သက်တမ်းတိုးခြင်းများအတွက် သက်တမ်းကုန်မှတ်ပုံတင်အဟောင်း စသည်ဖြင့် စည်းကမ်းချက်များသတ်မှတ်ထားရာ NVC အပြည့်အဝပြုလုပ်ခြင်းမရှိသောကြောင့် ငါးဖမ်းရေယာဉ်များ သက်တမ်းတိုးနိုင်မှုနည်းနေကြောင်း ၎င်းကပြောသည်။

“မှတ်ပုံတင်မယ်ဆိုရင် အဓိက လ.ဝ.ကမှ ထုတ်ပေးထားသော NVC ဒါမှမဟုတ် သက်သေခံကတ်ပြားတစ်ခုခု ရှိရမယ်၊ ရေယာဉ်ပိုင်မှုဆိုင်တာ မှန်ကန်ပါတယ်ဆိုတဲ့အုပ်ချုပ်ရေးမှူးတွေရဲ့ အထောက်အထားတွေ သက်တမ်းကုန်မှတ်ပုံတင်အဟောင်းတွေနဲ့ တိုက်ဆိုင်ပြီးတော့ စိစစ်ပြီးတော့ထုတ်ပေးပါတယ်။ မောင်တောဒေသဖွံ့ဖြိုးရေးအတွက်ကို အားလုံးဝိုင်းပြီးဆောင်ရွက်နေတာမှာဆိုရင် ကျွန်တော်တို့ဌာနနဲ့ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးနဲ့ ပြီးခဲ့တဲ့ မတ်လ၊ ဒုတိယအပတ်မှာတွေ့ခဲ့ပါတယ်။ ငါးဖမ်းရေယာဉ်ကိစ္စတွေကို မှတ်ပုံပြန်တင်ပေးဖို့ လောလောဆယ်ဆောင်ရွက်လို့မရသေးဘူး။ သို့သော် ဘူးသီးတောင်မှာတော့ မြင်းကောင်ရေ ၂၀ အောက်ရော၊ အထက်ရော ဆောင်ရွက်လို့ရပါတယ်။ သက်တမ်းတိုးတာရော လုပ်ငန်းလိုင်စင်လုပ်တာရော ဆောင်ရွက်လို့ရပါတယ်။ ငါးဖမ်းစက်လှေမှာ ဒေသခံတိုင်းရင်းသားကတော့ အနည်းစုဖြစ်တယ်။ လ.ဝ.ကမှ ထုတ်ပေးထားသော NVC ကတ် ၊ သက်သေခံကတ်ပြားတစ်ခုခုရှိမှသာ ငါးဖမ်းလှေကို သက်တမ်းတိုးဖို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ညွှန်ကြားထားသည့်အတွက် စိစစ်ပြီးတော့ လက်ခံတဲ့အတွက်ကြောင့် ပိုင်ရှင်တွေကတော့ NV ကတ်ရှိတယ်၊ လှေထိုးသားတွေကျမရှိဘူး၊ အားလုံးပြည့်စုံမှ မှတ်ပုံတင်သက်တမ်းတိုးပေးတဲ့အခါကျတော့ ငါးဖမ်းစက်လှေ ၃၃၅ ကတော့ သက်တမ်းတိုးထားပြီးပါပြီ” ဟု ၎င်းကပြောသည်။

ပြီးခဲ့သည့်စာရင်းများအရ ငါးဖမ်းစက်လှေ ၇၀၀ကျော်ရှိခဲ့ပြီး လက်ရှိတွင် မေလ ၁၃ ရက်အထိစာရင်းအရဆိုလျှင် သက်တမ်းတိုးပြီးသည့် ငါးဖမ်းစက်လှေမှာ ၃၃၅ သာရှိသေးကြောင်း သိရသည်။

“စစ်တွေမြို့၊ သဲချောင်းကျေးရွာ၊ ပေါက်တောမြို့၊ ဆင်တမော်ကျေးရွာဒေသကတော့ NV ကတ်ရှိရင် လုပ်ပေးလို့ရတယ်။ မောင်တောခရိုင်ကတော့ လောလောဆယ် လုပ်လို့မရသေးဘူး။ ဒေသခံတိုင်းရင်းသားက အစီး ၉၀ လောက်ပဲရှိတယ်။ ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အနည်းငယ်ကျဆင်းသော်လည်း ကုန်စည်ပို့ဆောင်ရေး၊ ခရီးသည်ပို့ဆောင်ရေးမှာ ဖွံ့ဖြိုးတိုးတက်ပါတယ်” ဟု ဦးစိုးလွင်ကပြောသည်။

အိမ်စည်၊ ပိုးအိမ်

# လေကြောင်းခရီးစဉ်ဖြင့် သွားလာသူများ အဆင်ပြေစေမည့် စစ်တွေလေဆိပ်

လေကြောင်းခရီးစဉ်ဖြင့် စစ်တွေမြို့သို့ သွားရောက်မည်ဆိုပါက ခရီးသွားလာသူများအဆင်ပြေစေရန် တစ်ရက်လျှင် လေယာဉ်အခေါက်ရေ ဆယ်ကြိမ်နီးပါးရှိကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန စစ်တွေလေဆိပ်မှသိရသည်။

“စစ်တွေလေဆိပ်ကိုအသုံးပြုတာကတော့ ဒေသခံကနည်းတယ်။ NGo များတယ်၊ လုပ်ငန်းရှင်များတယ်။ စစ်တွေမြို့က အရင်တုန်းကဆိုရင် တစ်မြို့ထဲရှိတယ်။ အခုက နယ်တွေအကုန်လုံးက ဒီမှာလာစုနေတယ်။ မြောက်ဦးနဲ့ဒီကိုဆိုရင် ကားနဲ့ထွက်ရင် သုံးနာရီဆိုရောက်တယ်။ ဒီတော့ တစ်နေ့ကုန်လေယာဉ်ကအဝင်ရော အထွက်ရောများပါတယ်။ လက်ရှိလေကြောင်းလိုင်းလေးခုရှိပါတယ်။ ပုံမှန်လည်ပါတ်နေတဲ့အများဆုံးကတော့ MNA ပဲပေ့ါ။ ပြောရရင်တစ်နေ့ကို အကြမ်းဖျင်း ၇ ခေါက်ကနေ ၁၀ ခေါက်လောက်ရှိပါတယ်။ စစ်တွေကအဝင်လည်းများတယ်၊ အထွက်လည်းများတယ်” ဟု လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန စစ်တွေ လေဆိပ်တာဝန်ခံဦးကျော်စိုးကပြောသည်။

ထို့ပြင် လေဆိပ်လုံခြုံရေးနှင့်ပတ်သက်၍လည်း ၎င်းကပြောပြသည်မှာ “လေဆိပ်အနေနဲ့ရဲရဲကြီးအာမခံပါတယ်။ လုံခြုံရေးအရသော်လည်းကောင်း အကုန်လုံးကြပ်ကြပ်မတ်မတ်နဲ့ စည်းစနစ်တကျသော်လည်းကောင်း လုပ်နေပါတယ်။ ဧည့်သည်တွေအနေနဲ့ စိုးရိမ်စရာမရှိအောင် လာလည်ပါလို့ပြောချင်ပါတယ” ဟုဆိုသည်။

စစ်တွေသို့ လေကြောင်းခရီးစဉ်အဖြစ် လက်ရှိတွင် မြန်မာအမျိုးသားလေကြောင်း၊ မန်းရတနာပုံ၊ Air KBZ၊ ရွှေမြန်မာတို့ ပျံသန်းပြေးဆွဲပေးလျက်ရှိပြီး ယခင်နှစ်အတွင်းက Air Mandalay ၊ FMI တို့လည်း ပြေးဆွဲပေးခဲ့သည်။ ရန်ကုန်စစ်တွေခရီးစဉ်သည် နေ့စဉ်ရှိပြီး မြန်မာအမျိုးသားလေကြောင်းနှင့် မန်းရတနာပုံတို့ အကျိုးတူပူးပေါင်းပြေးဆွဲပေးသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းအများ အဖွဲ့ခရီးစဉ်တွင်လည်း စစ်တွေပါဝင်သည့်အတွက်ကြောင့် လေကြောင်းဖြင့်ခရီးသွားသူများအတွက် အဆင်ပြေစွာဖြင့် ခရီးစဉ်များကိုရွေးချယ်နိုင်မည်ဖြစ်သည်။ စစ်တွေလေကြောင်းခရီးစဉ်ကို ATR 72၊ EMBRE AER-190၊ BOEING -737-600 လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲပေးနေခြင်းဖြစ်သည်။

စစ်တွေလေဆိပ်သို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ခရီးသည်များပို့ဆောင်ပေးခဲ့သည့် စာရင်းများမှာ မြန်မာအမျိုးသားလေကြောင်းသည် (၇၁၃)ကြိမ်၊ Air KBZ သည် (၃၆၀)ကြိမ်၊ မန်းရတနာပုံသည် (၂၄၆)ကြိမ် ၊ ရွှေမြန်မာသည် (၂၈၉)ကြိမ်၊ Air Mandalay သည် (၁၇၄)ကြိမ်၊ FMI သည် (၆၆) ကြိမ် ပျံသန်းပြေးဆွဲခဲ့ပြီး အဆိုပါဘဏ္ဍာနှစ်အတွင်း ခရီးသည်အဝင်မှာ မြန်မာအမျိုးသားလေကြောင်းသည် (၄၅၈၁၆)ဦးအထွက်မှာ (၄၅၀၉၆) ဦး၊ Air KBZ ၏ခရီးသည်အဝင်မှာ (၁၇၇၆၈)ဦး၊ ခရီးသည်အထွက်မှာ (၁၈၅၆၀)ဦး၊ မန်းရတနာပုံ၏ ခရီးသည်အဝင်မှာ (၁၃၂၇၅ )ဦး၊ အထွက်မှာ(၁၄၇၂၀)ဦး၊ ရွှေမြန်မာ၏ ခရီးသည် အဝင်မှာ (၁၉၁၉၁)ဦး၊ အထွက်မှာ(၁၉၁၂၂)ဦး၊ Air Mandalay ၏ခရီးသည်အဝင်မှာ (၇၁၀၄)ဦး၊အထွက်မှာ (၈၀၁၅)ဦး၊ FMI ၏ ခရီးသည်အဝင်မှာ (၄၈)ဦး၊ အထွက်မှာ (၆၃)ဦးဖြစ်သည်။

အိမ်စည်၊ပိုးအိမ်




**ပြောပါရစေ ကိုဘသော်ရေ . . .**

မေလ (၁၄)ရက် မွန်းလွဲ (၁၅း၀၀)ချိန်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးဖွင့်ရှင်းလင်းပွဲမှာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်း ချေပတုံ့ပြန်ခဲ့တဲ့ အချက်တွေထဲက

ရခိုင်ဒေသ လက်ရှိကြုံတွေ့နေရတဲ့ ပြဿနာသည် ARSA အကြမ်းဖက်သမားများက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နယ်စပ်လုံခြုံရေးစခန်း (၃၀)ကို တိုက်ခိုက်ခြင်းကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း ARSA ကို အရေးယူရန် လိုအပ်ကြောင်း၊ အကြမ်းဖက်မှုများ စုံစမ်းစစ်ဆေးရာမှာ ARSA အကြမ်းဖက်သမားများ၏ ရက်စက်မှုများစွာလည်း ပါဝင်ရမည်ဖြစ်ကြောင်း။

အကြမ်းဖက်မှုကို ရှုံ့ချကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် ပတ်သက်ပြီး စွပ်စွဲချက်များကို အရေးယူရန်အသင့်ရှိကြောင်း၊ မြန်မာနိုင်ငံရှိတရားရုံးများသို့ ထုတ်ဖော်တင်ပြလိုသူ မည်သူကို မဆိုလုံခြုံရေးအာမခံမှုပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပြောကြားချက်

ကျူးလွန်သူများကို အပြစ်ပေးနိုင်ရန်အတွက် ပြစ်မှုဆိုင်ရာသက်သေအထောက်အထားတင်ပြနိုင်မည့်သူ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို သက်သေအထောက်အထား တင်ပြနိုင်မည့်သူများကို မြန်မာ့တပ်မတော်မှ ကြိုဆိုမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေကို ပြောကြားချက်တွေကို နှစ်သက်ကျေနပ်မိကြောင်း ပြောပါရစေဗျာ။

**ပြောပါရစေ ကိုဘသော်ရေ . . .**

ဘင်္ဂလားဒေ့ရှ်နိုင်ငံထုတ် Dhaka Tribue သတင်းစာမှာ ကောက်ဘဇားဒုက္ခသည်စခန်းထဲက အမျိုးသမီးတွေရဲ့ ကလေးမွေးနှုန်းက (၁)ရက်ကို ကလေးဦးရေ (၆၀)ခန့်ရှိပါသတဲ့ဗျာ။ (၉)လတာအတွင်းမှာ ကလေးငယ် (၁၆၀၀၀) မွေးဖွားခဲ့တယ်လို့လဲ ဆိုသဗျ။

**ပြောပါရစေ ကိုဘသော်ရေ . . .**

၂၀၁၂ခုနှစ် အတွင်းက ဖွင့်လှစ်ခဲ့တဲ့ ဘင်္ဂါလီဒုက္ခသည် စခန်း (၄)ခုကို ပိတ်သိမ်းမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောသဗျ။ အဲ့ဒီစခန်း (၄)ခုက မြေပုံမြို့ရှိ တောင်ပေါ် IDP စခန်း၊ ကျောက်တော်မြို့ရှိ နီတင်စခန်း၊ စစ်တွေမြို့ရှိ သက္ကယ်ပြင်စခန်း၊ ခေါင်းဒုကာစခန်း (၁)၊ (၂)တို့ဖြစ်ကြောင်းသိရသဗျ။ အရင်ဒုက္ခသည်စခန်း (၁၉)ခုရှိပြီး (၃)ခုကိုတော့ အပြီးပိတ်သိမ်းထားပြီးဖြစ်ကြောင်း သိရပါတယ်ဗျာ။

**ပြောပါရစေ ကိုဘသော်ရေ . . .**

မေလ (၁၂)ရက်က ဖြစ်ပွားခဲ့တဲ့ KIA/ TNLA လက်နက်ကိုင်အကြမ်းဖက်သမားတွေ ပစ်ခတ်မှုကြောင့် ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များအပါအဝင် အရပ်သား (၁၉)ဦးသေဆုံးပြီး (၂၇)ဦးဒဏ်ရာရခဲ့သဗျ။ အဲ့ဒီ ဒဏ်ရာရသူတွေထဲက မေလ (၁၃)ရက်မှာ အမျိုးသား (၁)ဦးသေဆုံးခဲ့ပြီး၊ မေလ (၁၆)ရက်မှာတော့ နောက်ထပ်အမျိုးသား (၁)ဦးသေဆုံးခဲ့ရတယ်ဗျာ။

**ပြောပါရစေ ကိုဘသော်ရေ . . .**

မေလ (၁၇)ရက် မနက် (၇)နာရီလောက်က ဖားကန့်-ကာမိုင်း ကားလမ်းဘေးက လယ်ပြင်စစ်ဆေးရေးဂိတ်အနီးမှာ မိုင်း (၂)လုံး ဆက်တိုက်ပေါက်ကွဲခဲ့တယ်လို့ သိရသဗျာ။ လူမရှိဘဲ ရပ်ထားတဲ့ ဆိုင်ကယ် (၁)စီးက ပေါက်ကွဲမှုဖြစ်ခဲ့ပြီး ဆက်တိုက်ဆိုသလို နောက်ထပ် (၁)လုံးထပ်မံပေါက်ကွဲခဲ့တာပါ။ လူသူ တိရိစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသဗျာ။

**ပြောပါရစေ ကိုဘသော်ရေ . . .**

မေလ (၁၅)ရက်ကလည်း မန္တလေး-မြစ်ကြီးနားလမ်း၊ မိုးကောင်းမြို့နယ်အတွင်းရှိ ရထားလမ်းနေရာ (၃)ခု မိုင်းခွဲတိုက်ခိုက်ခံရသဗျ။ ဘယ်သူ့လက်ချက်ဖြစ်ရမလဲ ကိုဘသော်ရယ် KIA ပဲပေ့ါဗျာ။ ပျက်စီးမှုတွေပြုပြင်၊ ပိတ်ဆို့နေတာတွေကို မြန်မာ့မီးရထားက တာဝန်ရှိသူတွေ ဖယ်ရှားရှင်းလင်းပြီး မေလ (၁၈)ရက်၊ နေ့လည် (၂)နာရီမှာတော့ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ပြီလို့ ဝမ်းသာစရာကြားရသဗျ။

**ပြောပါရစေ ကိုဘသော်ရေ . . .**

၁၉၆၅ခုနှစ်က တည်ဆောက်အသုံးပြုခဲ့ပြီး သက်တမ်း (၅၃)နှစ်ရှိပြီဖြစ်တဲ့ ကွမ်းလုံကြိုးတံတားရဲ့ ခံနိုင်ဝန်ကို (၅၂)တန်ထက်ပို၍ ဖြတ်သန်းခွင့်မပြုတော့ဘူးလို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြေညာသဗျာ။ လက်ရှိကွမ်လုံကြိုးတံတားကို (၂)နိုင်ငံချစ်ကြည်ရေးအဖြစ် တရုတ်က တည်ဆောက်ပေးခဲ့တာဖြစ်ပြီး မကြာမီကာလအတွင်းမှာ သံကူကွန်ကရစ်တံတား (၁)စင်းကိုလည်း ထပ်မံတည်ဆောက်ပေးဖို့ စီစဉ်နေကြောင်းကြားသိရတယ်။

**ပြောပါရစေ ကိုဘသော်ရေ . . .**

မေလ (၁၇)ရက် ညနေပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိဗိမာန်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ စောမူတူးစေးဖိုး ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံခဲ့သဗျ။

KNU ရဲ့စိုးရိမ်ပူပန်မှု ဖြစ်ပေါ်စေလျက်ရှိတဲ့ ခေးပူ-လွယ်မူပလော လမ်းကြောင်းပြုပြင်ဆောင်ရွက်မှုကို တပ်မတော်က နားလည်မှုရှိစွာဖြင့် ယာယီရပ်ဆိုင်းပေးထားမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အေးချမ်းလွတ်လပ်စွာ သွားလာလှုပ်ရှားနိုင်ကြောင်း ထုတ်ပြန်ချက်မင်္ဂလာသတင်းနဲ့ ဒီတစ်ပတ်တော့ နားကြဦးစို့လား ကိုဘသော်ရေ . . . . .။ ။

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com
၂၃ - ၅ - ၂၀၁၈ (ဗုဒ္ဓဟူးနေ့)


## နည်းပညာ သိမှတ်ဖွယ်ရာများ

## ထွန်းသက်ကို

# သင့်ရဲ့ မိုဘိုင်းဖုန်း ပူနွေးခြင်း မဖြစ်အောင်ဘာလုပ်သင့်လဲ

မိုဘိုင်းဖုန်းသုံးတဲ့အခါ ဖုန်းပူလာတာမျိုးတွေကို မကြာခဏကြုံဖူးကြမှာပါ။ ကိုယ့်ဖုန်းက ဘတ္ထရီမကောင်းတာပဲဖြစ်ဖြစ် အားသွင်းတာများလို့ပဲဖြစ်ဖြစ် ပူနွေးလာတတ်ပါတယ်။ အဲဒါတွေက အထောက်အကူဖြစ်စေမယ့် နည်းလမ်းတွေကို ဖော်ပြလိုက်ပါတယ်။

**(၁) မော်ဒယ်မြင့်ဂိမ်းတွေ တစ်ပြိုင်နက်မသုံးပါနဲ့**

3D, HD အမျိုးအစားဂိမ်းတွေကို တစ်ပြိုင်တည်းအသုံးပြုတဲ့အခါမှာ ဖုန်းကိုယ်ထည်ပူနွေးလာတတ်ပါတယ်။ ဒါကြောင့် မော်ဒယ်မြင့်ဂိမ်းတွေကို ကိုယ့်ဖုန်းနဲ့နိုင်သလောက်ပဲ သုံးစေချင်ပါတယ်။

**(၂) တစ်ညလုံးအားမသွင်းထားပါနဲ့**

ဖုန်းကို တစ်ညလုံးအားသွင်းထားခဲ့တာမျိုးကို ရှောင်ရှားသင့်ပါတယ်။ အားသွင်းထားတာကြာလာတာနဲ့အမျှ ပုံမှန်ထက်ပူနွေးလာမှာဖြစ်ပါတယ်။

**(၃) Background မှာ အလုပ်လုပ်နေတဲ့ App အချို့ကိုပိတ်ထားပါ**

ကိုယ်မသုံးပေမယ့် ဖုန်းရဲ့ Background မှာ အလုပ်လုပ်နေတဲ့ Application တွေရှိပါတယ်။ အချို့ App တွေဟာ ဖုန်းရဲ့ Graphic တို့ Power တို့ကို လိုအပ်တာထက်အသုံးပြုပါတယ်။ ဒါကြောင့် ကိုယ်သိပ်မသုံးဖြစ်တဲ့ App တွေ Background မှာအလုပ်မလုပ်အောင် setting ထဲသွားပိတ်ထားလိုက်ပါ။ ဥပမာအားဖြင့် သင့်ရဲ့ဖုန်းဘတ္ထရီ ပိုမိုပူနွေးအောင် လုပ်ဆောင်စေမယ့် Speed tester လိုမျိုး app တွေဖြစ်ပါတယ်။

**(၄) အပူရှိန်ကို အားမပေးတဲ့ ဖုန်းကာဗာကိုအသုံးပြုပါ**

ဖုန်းရဲ့ကာဗာကလည်း ဖုန်းပူနွေးမှုအတွက် အဓိကကျပါတယ်။ အချို့ ဖုန်းကာဗာတွေဟာ ဖုန်းကိုယ်ထည်ပူနွေးမှုကို အထောက်အကူပြုစေတာမို့ ဖုန်းပူလာရင် ကာဗာကိုအချိန်အတန်ကြာ ချွတ်ထားတာပဲဖြစ်ဖြစ်၊ အပူကိုအားမပေးတဲ့ ကာဗာအသုံးပြုတာပဲဖြစ်ဖြစ် လုပ်သင့်ပါတယ်။

**(၅) နေရောင်နဲ့ တိုက်ရိုက်ကျတဲ့နေရာမှာ အသုံးမပြုပါနဲ့**

ဖုန်းကို နေရောင်ခြည်နဲ့တိုက်ရိုက်ကျရောက်တဲ့နေရာမှာ အသုံးပြုခြင်းကလည်း ဖုန်းပူနွေးမှုအတွက် အထောက်အကူဖြစ်စေတဲ့အရာပါ။ ဖုန်းရဲ့ကိုယ်ထည်တွေဟာ အပူရှိန်အားပေးတဲ့ပစ္စည်းတွေနဲ့ တည်ဆောက်ထားတာဖြစ်ပါတယ်။ ဒါကြောင့် အဲ့ဒီနည်းလမ်းကို ရှောင်ရှားသင့်ပါတယ်။

**(၆) မွေ့ရာ၊ ခေါင်းအုံးစတဲ့ပစ္စည်းတွေပေါ်တင်ပြီး အားမသွင်းပါနဲ့**

ဖုန်းအားသွင်းတဲ့အခါ အပူရှိန်ကိုအထောက်အကူဖြစ်စေမယ့် ပစ္စည်းတွေအပေါ်ကို တင်မထားသင့်ပါဘူး။ ဥပမာ မွေ့ရာ၊ ခေါင်းအုံးစတဲ့ အပူစုတ်ယူကူးစက်စေတဲ့ ပစ္စည်းတွေဖြစ်ပါတယ်။ အဲဒီအစား မာကျောတဲ့စားပွဲပေါ်၊ ခုံပေါ်တွေ မှာ တင်ဆောင်အားသွင်းသင့်ပါတယ်။

**(၇) မူရင်းအားသွင်းကြိုးကိုသာ အသုံးပြုပါ**

အခြားသူရဲ့ အားသွင်းကြိုး၊ ဒါမှမဟုတ် ဆိုင်ကဝယ်ထားတဲ့ ဖုန်းနဲ့တော်တယ်ဆိုရုံ အားသွင်းကြိုးနဲ့မသွင်းပါနဲ့။ ဈေးသက်သာတဲ့ဖုန်းအားသွင်းကြိုးတွေဟာ ဖုန်းပူနွေးမှုကိုဖြစ်စေပါတယ်။ ဒါကြောင့် မိမိဖုန်းမှာပါတဲ့ အော်ရင်ဂျင်နယ်အားသွင်းကြိုးကိုပဲ အသုံးပြုသင့်ပါတယ်။

**(၈) အားသွင်းရင်းဖုန်းကို အလုပ်မလုပ်ပါစေနဲ့**

ဖုန်းအားသွင်းရင်း ဖုန်းပြောတာတို့ ဂိမ်းကစားတာတို့ အွန်လိုင်းဗီဒီယိုကြည့်တာမျိုးတို့မလုပ်သင့်ပါဘူး။ အဲဒါတွေဟာ ဖုန်းပူနွေးမှုကို အထောက်အပံ့ဖြစ်စေတဲ့အရာတွေဖြစ်ပါတယ်။

ထွန်းသက်ကို

**WK Design Power Bank**

စမတ်ဖုန်းကိုအားပြန်လည်သွင်းနိုင်မည့် WK အမှတ်တံဆိပ် Powerbank ဖြစ်ပါတယ်။ ဘက်ထရီသိုလှောင်မှုအနေနဲ့ 10,000 mAh ပါဝင်တဲ့အတွက်ကြောင့် စမတ်ဖုန်းကို နှစ်ကြိမ်ခန့်အားအပြည့်သွင်းနိုင်မှာဖြစ်ပါတယ်။ Lighting Cable ကြိုးတစ်ချောင်းပါဝင်ကာ USB Port အပိုပါဝင်တဲ့အတွက် စမတ်ဖုန်း နှစ်လုံးကို တစ်ပြိုင်တည်းအားသွင်းနိုင်မှာပါ။ အစိမ်း၊ အနီ၊ မီးခိုး စတဲ့အရောင်သုံး ရောင်ရွေးနိုင်ကာ တန်ဖိုး ၁၉,၅၀၀ကျပ်နဲ့ Wk Shroom ဖုန်း-၀၉ ၂၅၃၅၃၄၄၀၀ မှာ ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။



**ရေစိုခံ Bluetooh Speaker**

စမတ်ဖုန်းနဲ့ ချိတ်ဆက်ကာ သီချင်းနားထောင်နိုင်မယ့် Remax အမှတ်တံဆိပ် Bluetooh 4.2 ပါဝင်ကာ ၁၀ မီတာပတ်လည် အကွာအဝေးထိနားထောင်နိုင်မှာပါ။ SD Card ထည့်သွင်းနိုင်သလို AUXCable နဲ့လည်း ချိတ်ဆက်နားထောင်နိုင်မှာဖြစ်ပါတယ်။ စပီကာအပေါ်အောက်နှစ်ခုပါဝင်ကာ 5W Dynamic Speaker ဖြစ်တဲ့အတွက် အသံထွက်ကြည်လင်ပြတ်သားစွာ နားထောင်နိုင်ပါတယ်။ ဘက်ထရီ 2,200 mAh ပါဝင်တဲ့အတွက် ၃ နာရီ အားအပြည့်သွင်းပါက ၈ နာရီဆက်တိုက် သီချင်းနားထောင်နိုင်မှာပါ။




# နိုင်ငံခြားသားခရီးသွားများကို အကောင်းမွန်ဆုံးဝန်ဆောင်မှုပေးနေသည့် ညောင်ဦးလေဆိပ်







ဦးထင်လင်းဦး
မန်နေဂျာ(လေကြောင်းထိန်း)၊ လေဆိပ်တာဝန်ခံ

ညောင်ဦးလေဆိပ်သည် နိုင်ငံခြားသားခရီးသည်များနှင့် ပြည်တွင်းခရီးသည်များ အများဆုံးဝင်ရောက်သည့် လေဆိပ်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ခုနှစ်အတွင်း ခရီးသည်ဦးရေ ၃၂၁၇၀၂ဦး ဝင်ရောက်ခဲ့ပြီး ယခင်နှစ်နှင့် ယှဉ်လျှင်၂.၆၂ ရာခိုင်နှုန်းခန့် လျော့သွားကြောင်းသိရသည်။ ညောင်ဦးလေဆိပ်တွင် လေယာဉ်ဆင်းသက်အကြိမ်ရေ ၉၉၅၄ကြိမ်ခန့်ရှိပြီး ယခင်နှစ်နှင့်ယှဉ်လျှင် ၈ရာခိုင်နှုန်းခန့်လျော့နည်းသွားကြောင်းလည်း သိရသည်။ ၂၀၁၈ခုနှစ် နောက်ပိုင်းတွင်ညအိပ်ရပ်နားသည့် လေယာဉ်များ မရှိကြောင်းလည်း သိရသည်။

ညောင်ဦးလေဆိပ်နှင့်ပတ်သက်ပြီး မေးမြန်းရာတွင် "ဒီလေဆိပ်က Domestic ဖြစ်တာကြောင့် ပြဿနာကြီးကြီးမားမားတော့မရှိဘူး။ လေဆိပ်တွေမှာ သာမန်ဖြစ်တက်တဲ့ အရာလေးတွေတော့ တခါတရံမှာရှိတက်ပါတယ်။ နိုင်ငံခြားသားခရီးသွားတွေများတဲ့ လေဆိပ်လဲဖြစ်တယ်။ ဒါပေမယ့် ရန်ကုန်လေဆိပ်၊ မန္တလေးလေဆိပ်တို့လို အင်တာနေရှင်နယ်လေဆိပ်ကြီးတွေလို မပြည့်စုံဘူးပေါ့ဗျာ" ဟု ဦးထင်လင်းဦး မန်နေဂျာ (လေကြောင်းထိန်း) ကပြောသည်။

ခရီးသွားများသာအဓိကအသုံးပြုသည့် လေဆိပ်ဖြစ်သောကြောင့် ကုန်စည်စီးဆင်းမှု အနည်းကျဉ်းသာရှိသောလေဆိပ်ဖြစ်သည်။ ညောင်ဦးလေဆိပ်၏ ခရီးသွားနားနေဆောင်သည် လူဦးရေ ၃၆၀ခန့် သက်တောင့်သက်သာနားနေနိုင်သည်။ ခရီးသွားရာသီတွင် နားနေဆောင် (၂)ခုစလုံးကို အသုံးပြုကြောင်းသိရသည်။

"ဒီလေဆိပ်မှာ နိုင်ငံခြားခရီးသွားတွေအတွက် Archaeological Zone Fees ကို MTF uလေဆိပ်မှာကောင်တာဖွင့်ပြီး ကောက်ခံလျက်ရှိပါတယ်။ အခြား Check Point တွေမှာလည်း တစ်ခါတည်းပေးဆောင်လိုရတယ်။ အခြားနေရာတွေမှာလည်း ဆောင်လို့ရပါတယ်။ ခရီးသွားရာသီဆိုရင် မနက်စောစောလေယာဉ်တွေက အကုန်ကပြံ့ဝင်လာတယ်။ ခရီးသည်တွေလည်း အများကြီးဝင်ချလာတယ်။ မနက် (၁၁)နာရီနောက်ပိုင်း ခရီးသည်အဝင်အထွက်ကျဲသွားတက်ပါတယ်။ ညနေပိုင်းမှ ပြန်ရောက်လာကြပါတယ်။ သွားတွေမရှိတော့ဘူးဟု ဦးထင်လင်းဦးမန်နေဂျာ (လေကြောင်းထိန်း)" ကပြောသည်။

ညောင်ဦးလေဆိပ်ကို ၂၀၀၂ခုနှစ်ခန့်တွင် စတင်တိုးချဲ့ခဲ့ပြီး လေဆိပ်အဆောက်အဦးအသစ်ကို ၂၀၀၄ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၆ခုနှစ်တွင် လုပ်ငန်းများစတင်လည်ပတ်ခဲ့သည်။ လေကြောင်းထိန်းတာဝါကိုလည်း ၁၉၈၀ခုနှစ်ခန့်တွင် တည်ဆောက်ခဲ့သည်။ အမြင့်ပေ၅၀ ရှိသည်။ ယခုလက်ရှိအချိန်တွင် ယခုအချိန်ထိတော့ ကြံ့ခိုင်ကောင်းမွန်နေဆဲဖြစ်သည်။ ညောင်ဦးလေဆိပ်သည် ခရီးသွားလုပ်ငန်း (Tourism)နှင့် ဆက်နွယ်နေသည့် လေဆိပ်ဖြစ်ပြီး Tourist Attraction ဖြစ်သည့် Archaeological Zone ဖြစ်သည့်အတွက် ခရီးသွားရာသီတွင် Flight များ အဆင်းသက်ဆုံးလေဆိပ်လည်း ဖြစ်သည်။ သကြံန်ကာလပြီးဆုံးသွားပြီဆိုလျှင် ခရီးသွားများပြန်လည်နည်းပါးသွားပြီး ဆောင်ရာသီတွင် ခရီးသွားဧည့်သည်များ သွားလာမှုအများဆုံးရာသီလည်း ဖြစ်သည်။ ယခင်နှစ်များနှင့်ယှဉ်လျှင် ယခုနှစ်သည် ခရီးသွားဦးရေလျော့နည်းသွားကြောင်း သိရသည်။

Transcom




















# သာယာပါဝေရခိုင်မြေသို့ မြန်မာအမျိုးသားလေကြောင်းဖြင့် ခရီးသွားခြင်း

မိမိတို့ရုံးစိုက်ရာရန်ကုန်မှ ရခိုင်ပြည်နယ်သို့ တာဝန်ဖြင့်ခရီးသွားရမည်ဖြစ်သည်။ ရခိုင်ပြည်နယ်ခရီးစဉ်မှာ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့်ဖြစ်ပြီး စစ်တွေလည်းပါသည်။ ကျောက်ဖြူလည်းပါသည်။ သံတွဲခရီးစဉ်လည်းပါသည်။ ရခိုင်ဒေသဖြစ်၍ ကိုယ်တိုင်ကိုယ်ကျသွားရောက်ကြည့်ရမည့်အရေးမှာ ရင်ခုန်ရပါသည်။ သွားရောက်ရမည့်ခရီးစဉ်တိုင်းတွင် မိမိတို့ဝန်ကြီးဌာနလက်အောက်ရှိဌာနများနှင့်ချိတ်ဆက်ထားသည်မို့ ခရီးစဉ်များအားလုံးသည် အဆင်ပြေချောမွေ့မည်ကိုတော့ဖြင့် ယုံကြည်ချက်အပြည့်ရှိသည်။

မတ်လ ၇ ရက်။ ထိုနေ့တွင် မိမိတို့သတင်းအဖွဲ့ ရန်ကုန်မှကျောက်ဖြူသို့သွားကြပါသည်။ ကျောက်ဖြူခရီးစဉ်မတိုင်မီတွင် ကျောက်ဖြူမြို့အကြောင်းကို လေ့လာကြည့်မိသည်။ ကျောက်ဖြူမြို့သည် မြန်မာနိုင်ငံအနောက်ပိုင်း ရခိုင်ပြည်နယ်တွင်တည်ရှိသည်။ ဘင်္ဂလားပင်လယ်အော်၏အရှေ့ဖက်ကမ်းခြေအနီးရမ်းဗြဲကျွန်း၏ မြောက်ဖက်အစွန်း သံစစ်မြစ်ဝ၌ တည်ရှိသည်။ ရန်ကုန်မြို့မှ အနောက်မြောက်ဖက် မိုင် ၂၅၀ (ကီလိုမီတာ ၄၀၀)အကွာလည်းဖြစ်သည်။ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့နှင့် ရန်ကုန်မြို့တို့အကြား ဆန်စပါးကုန်သွယ်ရာပင်လယ်ဆိပ်ကမ်းလည်းရှိသည်။

ကျောက်ဖြူမြို့သည် ရှေးကဆိုလျှင် မထင်မရှားရွာလေးတစ်ရွာမျှသာဖြစ်သည်။ လက်ရှိကျောက်ဖြူမြို့မှ ၇မိုင်ခန့်အကွာရှိအုန်းတောရွာအနီးတွင် ကျောက်ဖြူရွာဟောင်းတည်ရှိခဲ့ပြီး ပေ ၇၀ ခန့်မြင့်သည့်ကြီးမားသောအဖြူရောင်ကျောက်တုံးကြီးနှစ်တုံးကိုအစွဲပြု၍ ကျောက်ဖြူမြို့ဟု အမည်တွင်ကြောင်းလေ့လာမိသည်။ ၁၈၅၂ ခုနှစ်တွင် ခရိုင်မြို့အဖြစ်တိုးမြှင့်ခြင်းခံခဲ့ရပြီ ၁၉၇၄ ခုနှစ်အထိခရိုင်မြို့အဖြစ်ရှိခဲ့သည်။ ထို့နောက်တွင် ၁၉၇၄ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ခရိုင်မြို့များကိုဖျက်သိမ်းလိုက်သောအခါ ကျောက်ဖြူသည် ၁၉၇၄ ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ ရခိုင်ပြည်နယ်၏မြို့နယ်တစ်ခုအဖြစ်ရှိခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ကျောက်ဖြူမြို့နယ်စုဖြစ်လာပြီး ထို့နောက်တွင်ကား ကျောက်ဖြူခရိုင်ဖြစ်လာခဲ့ခြင်းဖြစ်ပြီး ခရိုင်ရုံးစိုက်ရာ စည်ကားသောမြို့ကြီးဖြစ်လာခဲ့သည်မှာ ယနေ့တိုင်ပင် ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်ရာသင်္ဘောဆိပ်မြို့လည်းဖြစ်သည်။

ကျောက်ဖြူမြို့မှ ၁၆ မိုင်အကွာ မင်းပြင်အရပ်တွင်မိုးလေဝသတိုင်းတာရေးရေဒါစခန်းသစ်တစ်ခုတည်ဆောက်ထားပြီး မြန်မာနိုင်ငံ၏ ပထမဆုံးရေဒါစခန်းလည်းဖြစ်သည်။ ကျောက်ဖြူမြို့ရှိ ထင်ရှားသော ကံ့ကော်တောဘုရားရုပ်ပွားတော်နှစ်ဆူမှာ ဝေသာလီခေတ် လက်ရာများဖြစ်သည်။ ကျောက်တစ်လုံးဘုရားမှာလည်း မြောက်ဦးခေတ်ရခိုင်ဘုရင်မင်းဗာကြီးတည်ထားခဲ့ခြင်းဖြစ်ပြီး ကြီးမားသည့်ကျောက်ဆောင်တစ်ခုလုံးကိုလှိုဏ်ဂူပတ်လမ်းများဖြင့် ဂူများထွင်းကာဘုရားရုပ်ပွားတော်များကိုတည်ထားရာ စုစုပေါင်း ဂူပေါက် ၅၅ ပေါက်ရှိသည်။ ထိုမှုမက ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ထင်ရှားလှသည့်ဘုရားများစွာရှိနေပါသေးသည်။

ကျောက်ဖြူမြို့၏လမ်းပန်းဆက်သွယ်ရေးမှာ ရန်ကုန်–ကျောက်ဖြူကားလမ်းနှင့် ကျောက်ဖြူလေဆိပ်ရှိသည့်အတွက်ကြောင့် လေကြောင်းလမ်းလည်းရှိသည်။ ကျောက်ဖြူမြို့၏စီးပွားရေးဆိုင်ရာအထင်ကရနေရာများတွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းသည်လည်း အဓိကကျသည်။

လေ့လာမိသည့် ကျောက်ဖြူမြို့အကြောင်း ပြန်ပြောင်းစဉ်းစားရင်းမှာပင် မိမိတို့လိုက်ပါစီးနင်းမည့်လေယာဉ်အချိန်ရောက်တော့မည်ဖြစ်ရာ မြန်မာအမျိုးသားလေကြောင်းမှ ကြိုဆိုပို့ဆောင်ပေးသည့်ကားဖြင့် လေယာဉ်ဆီသို့သွားရောက်ကြပါသည်။

မိမိတို့သတင်းအဖွဲ့မှာ စုစုပေါင်းသုံးဦး။ ရန်ကုန်မှထွက်ခွာမည့်လေယာဉ်ချိန်မှာ နံနက် ၇နာရီ ၅မိနစ်ဖြစ်သည်။ လေယာဉ်ပေါ်ရောက်သည့်အခါ မြန်မာအမျိုးသားလေကြောင်းလိုင်းမှတာဝန်ရှိသူများက နွေးထွေးပျူငှာစွာဖြင့် ကူညီပေးကြသည်။ ထို့နောက် သတ်မှတ်ချိန်အတိုင်း လေယာဉ်ထွက်ခွာရာ လေယာဉ်မယ်လေးများက ခရီးသည်များအတွက် ဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာများကို သေချာစွာရှင်းလင်းပြသပေးပါသည်။ ထို့နောက်တွင် မိမိတို့လိုက်ပါစီးနင်းမည့် လေယာဉ်ကိုမောင်းနှင်ပေးသည့် တာဝန်ကျလေယာဉ်မှူးကြီးနှင့် တွဲဖက်လေယာဉ်မှူးတို့၏ အမည်များကိုမိတ်ဆက်ကာ ပျံသန်းသည့် အမြင့်ပေနှင့် ပြင်ပအပူချိန်များကို ကြေငြာပေးပါသည်။ ထို့နောက်တွင်ကား ခရီးသည်တို့အတွက် အဆာပြေစားစရာမုန့်များနှင့် လွှက်ရည် ကော်ဖီ အအေးတို့ကိုဝန်ဆောင်မှုပေးပါသည်။

ဤသို့ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှလေယာဉ်စတင်ထွက်ခွာလာရာသံတွဲလေဆိပ်သို့ နာရီဝက်ခန့်အကြာတွင် ရောက်ရှိခဲ့သည်။ ထို့နောက် ရန်ကုန်မှ သံတွဲတွင်ဆင်းသက်မည့် ခရီးသည်များကိုချပေးအပြီး ရန်ကုန်မှကျောက်ဖြူသို့လိုက်ပါသည့် ခရီးသည်များအပြင် သံတွဲမှကျောက်ဖြူသို့လိုက်ပါမည့် ခရီးသည်များကိုပါ တင်ဆောင်ကာ ကျောက်ဖြူလေဆိပ်သို့ခရီးဆက်ခဲ့သည်။ ထိုလမ်းကြောင်းတွင် လေယာဉ်မယ်လေးများကခရီးသည်များကို သကြားလုံးလေးများဖြင့် လိုက်လံဧည့်ဝတ်ပြုပါသည်။ ကျောက်ဖြူလေဆိပ်သို့လေယာဉ်ဆိုက်သည်မှာနံနက် ၈ နာရီ ၄၀ တွင်ဖြစ်သည်။

ကျောက်ဖြူလေဆိပ်သို့ရောက်ရှိသည့်အခါမိမိတို့အဖွဲ့ကို လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ကျောက်ဖြူလေဆိပ်တာဝန်ခံ ဦးဝင်းနိုင်နှင့် မြန်မာအမျိုးသားလေကြောင်း(ကျောက်ဖြူလေဆိပ်) တာဝန်ခံ ဦးဇော်ဝင်းခိုင်တို့က လာရောက်ကြိုဆိုကြသည်။ ထို့နောက်၎င်းတို့၏လုပ်ငန်းဆိုင်ရာများကို မိမိတို့သတင်းအဖွဲ့မှ မေးမြန်းကြသည်ကို ကူညီဖြေကြားပေးကြသည်။

ကျောက်ဖြူလေဆိပ်ကိုအသုံးပြုသူအများစုမှာ ဒေသခံများလုပ်ငန်းရှင်တွေ ကျောင်းသားကျောင်းသူများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီတွင်တာဝန်ကျနေသည့် နိုင်ငံခြားသားများအသုံးပြုမှုများသည်ဟု တာဝန်ရှိသူတို့၏ ပြောကြားချက်အရသိရပါသည်။

ရန်ကုန်မှကျောက်ဖြူသို့လေကြောင်းဖြင့်ခရီးသွားမည်ဆိုလျှင်ဖြင့် မြန်မာအမျိုးသားလေကြောင်းနှင့် ASIA WIN လေကြောင်းခရီးစဉ်များရှိမည်ဖြစ်ပြီး မြန်မာအမျိုးသားလေကြောင်းသည် တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာရက်များတွင် ATR-72 အမျိုးအစားလေယာဉ်နှင့် CESSNA လေယာဉ်တို့ဖြင့်ခရီးသည်များကိုပို့ဆောင်ပေးလျှက်ရှိပြီး ASIA WINလေကြောင်းသည်အင်္ဂါ၊ ကြာသပတေး၊စနေရက်တို့တွင်ပြေးဆွဲပေးနေခြင်းဖြစ်သည်။

မိမိတို့လိုက်ပါခဲ့သည့်လေယာဉ်သည်ကျောက်ဖြူလေဆိပ်တွင် ခဏတာရပ်နားပြီးခရီးသည်များပြန်လည်တင်ဆောင်ကာ နံနက် ၉ နာရီ ၅ မိနစ်တွင် ကျောက်ဖြူ–သံတွဲ–ရန်ကုန် ခရီးစဉ်အဖြစ်ပြန်လည်ထွက်ခွာလာခဲ့ပြီဖြစ်သည်။ ထို့နောက်တွင် သတ်မှတ်ချိန်အတိုင်းပင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက်၁၀နာရီ၄၀ တွင်ရောက်ရှိခဲ့သည်။

မိမိတို့သတင်းအဖွဲ့လည်း ရန်ကုန်ရုံးသို့ပြန်လည်ရောက်ရှိခဲ့သည်။ ရန်ကုန်ကျောက်ဖြူခရီးစဉ်သည် ခဏတာမို့ လှပသည့်ကျောက်ဖြူဒေသကို လေယာဉ်ပေါ်မှသာတွေ့မြင်ခံစားခဲ့ရသည်။ မြေပြင်က ကျောက်ဖြူမြို့သည် မည်သို့ရှိမည်ကိုတော့ စိတ်ကူးဖြင့်တွေးတောနေမိတော့သည်။

မတ်လ ၁၂ ရက် ။ ထိုနေ့တွင် မိမိတို့သတင်းအဖွဲ့မှာ ရခိုင်ပြည်နယ် စစ်တွေခရီးစဉ်ဖြစ်သည်။ ဘင်္ဂလားပင်လယ်ဘေးတွင်တည်ရှိသည့် ရခိုင်ပြည်နယ်စစ်တွေမြို့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာအမျိုးသားလေကြောင်းဖြင့် ညနေ ၄နာရီတွင် စတင်ထွက်ခွာခဲ့ကြသည်။

စစ်တွေမြို့မှာ ရခိုင်ပြည်နယ်၏မြို့တော်ဖြစ်သည်။ စစ်တွေမြို့သည်မြောက်လတ္တီတွဒ် 20° 8'၊ အရှေ့လောင်ဂျီတွဒ် 92° 54' အကြားတွင်တည်ရှိမြို့ဖြစ်ပြီး မြို့နယ်အကျယ်အဝန်းမှာ ၈၉.၄၂ စတုရန်းမိုင်ရှိသည်။ စစ်တွေမြို့၏ အရှေ့ဘက်တွင် ပေါက်တောမြို့နယ်နှင့် ကုလားတန်မြစ်၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် ရသေ့တောင်မြို့နယ်၊ မြောက်ဘက်တွင် ကြို့တဲမြစ်၊ ပုဏ္ဏားကျွန်းမြို့နယ်နှင့် ရသေ့တောင်မြို့နယ်ရှိသည့်မြို့ဖြစ်သည်။

ရခိုင်ဘုရင်များလက်ထက်က စစ်တွေကျွန်းမှာ ဘုရင့်ရေတပ်မတော်မှစစ်သည်များ၊ စစ်ကဲများစခန်းချခဲ့သည့်နေရာဟုလည်းလေ့လာမိသည်။ ယခင်ဘုရင်များလက်ထက်က စစ်တပ်များချခဲ့ရာအရပ်ဖြစ်၍ မူလစစ်တဲဟူသောဝေါဟာရမှ စစ်တေး ထိုမှစစ်တွေဟုပြောင်းလဲခေါ်ခဲ့ကြောင်းသိရသည်။ တဖန်စစ်တွေမြို့၏ အနောက်ဘက် ၂ မိုင်ခန့်အကွာတွင် အံတော်ဓါတ်ကိန်းဝပ်သည့် စေတီတော်ရှိသည်။ အံတော်ဓါတ်ကိုအစွဲပြု၍ အံကျိန်းမှ အာကျိတ်၊ အာကျိတ်မှ အာကျပ်ဟုလည်း ပြောင်းလဲခေါ်ဆိုခဲ့ကြသည်။ အင်္ဂလိပ်တို့က စစ်တွေကို (Akyab)အာကျပ် ဟုခေါ်ခဲ့ကြသည်။ စစ်တွေမြို့၏ရာသီဥတုမှာ ပင်လယ်ကမ်းခြေဒေသဖြစ်၍ ပူအိုက်စိုစွတ်သောရာသီဥတုဖြစ်သည်။

စစ်တွေမြို့သည်လမ်းပန်းဆက်သွယ်ရေးမှာကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်း ဟူ၍ရှိသည်။ စစ်တွေလေဆိပ်သည် ရခိုင်ပြည်နယ်၏ အဓိကလေဆိပ်ကြီးဖြစ်ပြီး နေပြည်တော်၊ ရန်ကုန်၊ အမ်း၊ ကျောက်ဖြူ၊ သံတွဲမြို့များသို့ လေကြောင်းခရီးဖြင့်ဆက်သွယ်ထားသည်။ ရန်ကုန်စစ်တွေကားလမ်းသည် ၅၃၄.၃ မိုင် ရှည်လျားပြီး ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားနှင့် အမ်းမြို့များကို ဖြတ်သွားသည်။ အမ်း–မင်းဘူးလမ်းမှတစ်ဆင့် မြန်မာနိုင်ငံအရပ်ရပ်သို့သွားလာနိုင်သကဲ့သို့ အမ်းမှတစ်ဆင့် ကျောက်ဖြူ၊ ရမ်းဗြဲ၊ မအီ၊ သံတွဲ၊ ကျိန္တလီ၊ ဂွနှင့် တောင်ကုတ်မြို့များသို့လည်းသွားလာနိုင်သည်။

ရေကြောင်းခရီးသည် ဘူးသီးတောင်၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦးအပါအဝင် မြို့နယ်များအားလုံးသို့ သွားရောက်နိုင်သည်။ ဆိပ်ကမ်းများ အနေဖြင့်မူ စစ်တွေဆိပ်ကမ်း၊ ရွှေမင်းဂံဆိပ်ကမ်း၊ ဆတ်ရိုးကျဆိပ်ကမ်းတို့ရှိသည်။ စစ်တွေဆိပ်ကမ်းမှာ နိုင်ငံတကာပင်လယ်ဆိပ်ကမ်းဖြစ်ပြီး နိုင်ငံတကာကုန်တင်သင်္ဘောများ၊ ကမ်းရိုးတန်းသွားခရီးသည်နှင့် ကုန်တင်သင်္ဘောများ ဆိုက်ကပ်ကြသည်။ ရွှေမင်းဂံဆိပ်ကမ်းမှာနယ်စပ်ဒေသပို့ ကုန်နှင့်သွင်းကုန်များတင်ပို့ရာဆိပ်ကမ်းဖြစ်ပြီး ဆတ်ရိုးကျချောင်းအတွင်းရှိဆိပ်ကမ်းမှာ မြို့နယ်အသီးသီးမှခရီးသည်နှင့် ကုန်တင်သင်္ဘောများ လာရောက်ဆိုက်ကပ်ကြသည်။ ဆတ်ရိုးကျချောင်းအတွင်းတွင် စစ်တွေသင်္ဘောကျင်းတည်ရှိသည်။ စစ်တွေမြို့နေသူအများမှာ စိုက်ပျိုးရေးလုပ်ငန်း၊ ကုန်သည်လုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် ရေငံပုစွန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။

စစ်တွေမြို့အထင်ကရနေရာများကိုလေ့လာကြည့်ရာတွင် VIEW POINT၊ စစ်တွေဟိုတယ်၊ လောကနန္ဒာစေတီ၊ စစ်တွေလေဆိပ်၊ စစ်တွေဆိပ်ကမ်း၊ လက်ဝဲသလုံးတော်ဓာတ်စေတီ၊ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက်၊ ပြည်လုံးချမ်းသာဘုရားကြီး၊ ဝင်္ဘာကွင်းစသည်ဖြင့် အထင်ကရနေရာများစွာရှိကြောင်းတွေ့ရသည်။


ဤသို့သောစစ်တွေသည့် စိတ်ဝင်စားစရာကောင်းလှပါသည်။ မြန်မာအမျိုးသားလေကြောင်းဖြင့် စစ်တွေမြို့သို့လိုက်ပါကြမည့် ခရီးသည်များလေယာဉ်ပေါ်ရောက်သည့်အခါတွင် တာဝန်ကျဝန်ထမ်းများဧည့်ဝတ်ပျူငှာစွာ ကြိုဆိုမှုကို စတင်ကြုံရအပြီးတွင် ဝန်ဆောင်မှုကောင်း

စာ- ၂၃ »

# "ပိုးလမ်းမကြီးပေါ်၌ လမ်းလျှောက်ခြင်း"



ဒေါ်ငြိမ်းဦး (MPA)




**စီးပွားရေးဆိုင်ရာ ပိုးလမ်းမကြီးဟာ တရုတ်နိုင်ငံရှိ ရှီအန်းပြည်နယ်မှာ စတင်ခဲ့ပြီးရုရှားနှင့် အရှေ့ အလယ်ပိုင်း ဥရောပ၊ အာရှ အလယ်ပိုင်းတို့နဲ့ ချိတ်ဆက်ထားတဲ့ ကုန်းမြေအခြေပြု စီးပွားရေးဆိုင်ရာ ပိုးလမ်းမကြီးတစ်ခုဖြစ်......**

**မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ စွမ်းအင်လောင်စာ လိုအပ်မှုကိုဖြည့်ဆည်းပေးနိုင်သကဲ့သို့ ဘင်္ဂလားပင်လယ်အော်သည် အိန္ဒိယသမုဒ္ဒရာကို ချိတ်ဆက်ပေးနိုင်သည့် ရေကြောင်းအခွင့်အလမ်းများအတွက် လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှု နည်းပါးနေသောကုန်းတွင်းပိတ် ယူနမ်ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုစေရန်နှင့် တရုတ်နိုင်ငံ၏ စွမ်းအင်လောင်စာ လိုအပ်ချက်အတွက် ပိုးလမ်းမကြီး၏ အဓိကအစိတ်အပိုင်းဖြစ်......**

အာရှနှင့်ဥရောပကိုဖြတ်ပြီး တောင်အာရှ၊ အရှေ့အလယ်ပိုင်း၊ ဥရောပနိုင်ငံများနှင့် တရုတ်နိုင်ငံတို့ချိတ်ဆက်နိုင်ရေးအတွက် ခေတ်သစ်ပိုးလမ်းမကြီးစီမံကိန်းအားတရုတ်နိုင်ငံမှ ငွေကြေးထောက်ပံ့ကူညီပေးမည်ဟု သမ္မတရှီကျင့်ဖျင်က ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလမှာ Kazakhstan မြို့တော်၊ Astana ရှိ Nazarbayez တက္ကသိုလ်၌ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံ၏သတင်းထုတ်ပြန်ချက်အရ ရေကြောင်းမိတ်ဖက်နိုင်ငံများတွင် ဆိပ်ကမ်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သေတ္တာတင်လုပ်ငန်းများ တိုးတက်ရေးစသည်တို့နှင့် ဆက်စပ်လျက်ရှိတဲ့ အခြေခံအဆောက်အဦများဖြစ်တဲ့အဝေးပြေးလမ်းမကြီးများတည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊ ရေနံပိုက်လိုင်းများ၊ မီးရထားလမ်းများ၊ လျှပ်စစ်ဓာတ်အားပေး ကွန်ရက်များမြှင့်တင်ရန်အတွက် ဒေါ်လာသန်းပေါင်းများစွာကို ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ထားကြောင်းအစီအစဉ်များကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၂၀၁၃ ခုနှစ်မှာခေတ်သစ်စီးပွားရေးဆိုင်ရာ ပိုးလမ်းမကြီးနှင့် ၂၁ ရာစုရေကြောင်းပိုးလမ်းမကြီးတို့ကို အတူတကွအဆိုပြုခဲ့ပါတယ်။

စီမံကိန်းပေါင်း ၈၉၀ ကျော်ပါဝင်ပြီး နိုင်ငံပေါင်း ၆၀ ကျော်မှာ ဒေါ်လာသန်း (၈၀၀) ဘီလီယံမှ ဒေါ်လာ (၁) ထရီလီယံကြားအထိ ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်မှာဖြစ်ကြောင်း မီဒီယာတွေကခန့်မှန်းထားကြပါတယ်။

ကမ္ဘာ့လုံးဆိုင်ရာချိတ်ဆက်မှုတွေ ဖွံ့ဖြိုးတိုးတက်ရန်နဲ့ ကွန်ရက်နိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်တရုတ်နိုင်ငံက ပိုးလမ်းမကြီးကို ပြန်လည်အသက်သွင်းပြီး ၂၁ ရာစု "ပိုးလမ်းမကြီးစီမံကိန်း" အဖြစ်ပြန်လည်မွေးဖွားလာခြင်းဖြစ်ပါတယ်။

ကနဦးဆောင်ရွက်ချက်တွေ ရုပ်ပိုင်းဆိုင်ရာနဲ့ ကိန်းဂဏန်းဆိုင်ရာအရ ပိုမိုပေါင်းစည်းမှုရှိတဲ့ နိုင်ငံတကာဈေးကွက်နဲ့ ပိုမိုထိရောက်မှုရှိတဲ့ ကုန်သွယ်မှု၊ လွတ်လပ်စွာစီးဆင်းမှုတွေကို ဖြစ်ပေါ်စေတဲ့ ကွန်ယက်ချိတ်ဆက်မှုများ ဖန်တီးခြင်းအပေါ် အဓိကထားဆောင်ရွက်ပါတယ်။

စီးပွားရေးဆိုင်ရာ ပိုးလမ်းမကြီးဟာ တရုတ်နိုင်ငံရှိ ရှီအန်းပြည်နယ်မှာ စတင်ခဲ့ပြီးရုရှားနှင့် အရှေ့အလယ်ပိုင်း ဥရောပ၊ အာရှ အလယ်ပိုင်းတို့နဲ့ ချိတ်ဆက်ထားတဲ့ ကုန်းမြေအခြေပြု စီးပွားရေးဆိုင်ရာ ပိုးလမ်းမကြီးတစ်ခုဖြစ်ပါတယ်။

စီးပွားရေးဆိုင်ရာ ပိုးလမ်းမကြီးရဲ့ ခါးပတ်ဖြစ်တဲ့ရေကြောင်းပိုးလမ်းမကြီးဖြစ်သည့် အိန္ဒိယ သမုဒ္ဒရာနဲ့ တောင်အာရှ၊ အရှေ့တောင်အာရှနဲ့ အရှေ့အလယ်ပိုင်း တစ်လျှောက်ပါရှန်ပင်လယ်ကွေ့၊ ရုရှားနဲ့အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ထို့အပြင် တရုတ်မှဥရောပသို့ချိတ်ဆက်ထားတဲ့လမ်းဖြစ်ပါတယ်။

၂၁ ရာစုရေကြောင်းပိုးလမ်းမကြီးဟာ တောင်တရုတ်ပင်လယ်ကိုဖြတ်၍ တောင်ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာ၊ တောင်တရုတ် ပင်လယ်မှတစ်ဆင့် ပင်လယ်ရေကြောင်းလမ်းများနဲ့ တရုတ်ကမ်းရိုးတန်းဆိပ်ကမ်းတွေကိုဥရောပ၊ တရုတ်တို့နဲ့ချိတ်ဆက်နိုင်ရန် ဖြည့်စွက်ပေးတဲ့ စီးပွားရေးဆိုင်ရာ ရေကြောင်းပိုးလမ်းမကြီး တစ်ခုဖြစ်ပါတယ်။

တရုတ်နိုင်ငံ "စီးပွားရေးဆိုင်ရာ ပိုးလမ်းမကြီး" တွင် ရှင်ကျန်း၊ ရှန်ရှီး၊ ကန်စု၊ နင်ရှား၊ ချင်းဟိုင်၊ မွန်ဂိုလီးယား၊ ဟေလုံကျန်၊ ကျီလင်၊ လျောင်နင်၊ ကွမ်ရှီး၊ ယူနန်၊ တိဘက်နဲ့ ချုံရှင်းတို့ပါဝင်သည့် ပြည်နယ်(၁၂)ခုနဲ့ မြူနီစပါယ်နယ်မြေတစ်ခု ပါဝင်ပါတယ်။

၂၁ ရာစုရေကြောင်းပိုးလမ်းမကြီးတွင် ဖူကျန်း၊ ကွမ်တုန်း၊ ကျဲကျန်း၊ ဟိုင်နန်းနဲ့ ရှမ်းဟိုင်းတို့ပါဝင်သည့် ပြည်နယ်(၄)ခုနဲ့ မြူနီစပါတယ်နယ်မြေ (၁) ခုပါဝင်ပါသည်။ တရုတ်နိုင်ငံအပြင် နိုင်ငံပေါင်း(၅၀)ကျော်သည် ပိုးလမ်းမကြီးတွင် ပါဝင်မည်ဖြစ်သည်။

အာရှတိုက်အနေဖြင့် ၂၁ ရာစုပိုးလမ်းမကြီးစီမံကိန်းတွင် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မြန်မာ၊ နီပေါ၊ ဘင်္ဂလာဒေ့ရှ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ မွန်ဂိုလီးယား၊ မော်ဒိုက်၊ ကာဇက်စ္စတန်၊ ကာဂျစ္စတန်၊ တာဂျာကစ္စတန်၊ အူဇဘက်ကစ္စတန်၊ အီရန်၊ ကူဝိတ်၊ ဘာရိန်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အိုမာ၏ စုတန်၊ ကာတာ၊ အစ္စရေး၊ ဆော်ဒီအာရေးဘီးယား၊ ဟောင်ကောင်၊ မကာအို၊ ထိုင်ဝမ်တို့ပါဝင်ပါတယ်။

အာဖရိကတွင် ကင်ညာ၊ ဆူဒန်၊ အီဂျစ်နဲ့ ဒီဂျီဘူတီတို့ ပါဝင်ပါတယ်။ ဥရောပတွင် ရုရှား၊ ဂျော်ဂျီယာ၊ အာမန်နီးယား၊ အဇာဘိုင်ကျန်၊ ဆိုက်ဂရပ်၊ တူရကီ၊ ဂရိ၊ အီတလီ၊ ဆွစ်ဇာလန်၊ ဩစတြေးလျ၊ ဟန်ဂေရီ၊ ဆာဘီးယား၊ ရိုမန်နီးယား၊ မော်ဒိုဗာ၊ ဂျာမနီနဲ့ နယ်သာလန်နိုင်ငံတို့ပါဝင်ပါတယ်။

ပိုးလမ်းမကြီး ပဏာမစီမံကိန်းရဲ့ အဓိကသင်္ဘောဆိပ်ကမ်းမြို့များမှာ–

(က)ကွန်တန်၊ မလေးရှား
(ခ)ကျောက်ဖြူ၊ မြန်မာ
(ဂ)ဂျာကာနဲ့ ဘက်တန်ကျွန်းအင်ဒိုနီးရှား
(ဃ)ကိုလံဘိုနဲ့ဟန်ဘန်တိုတာ၊ သီရိလင်္ကာ
(င)ဂွာဒါ၊ ပါကစ္စတန်
(စ)ဂျီဘူတီ၊ ပင်လယ်နီ အနီး
(ဆ)မွန်ဘာဆာ၊ ကင်ညာ
(ဇ)Piraeus၊ ဂရိတို့ဖြစ်ပါသည်။

ပိုးလမ်းမကြီး ပဏာမစီမံကိန်းကို ၂၁ ရာစုရေကြောင်းပိုးလမ်းမကြီးနဲ့ စီးပွားရေးဆိုင်ရာ ပိုးလမ်းမကြီးဆိုပြီးဖွဲ့စည်းထားပြီး နိုင်ငံပေါင်း ၆၅ နိုင်ငံပါဝင်သည့် ကမ္ဘာ့လူဦးရေ ၆၂ ရာခိုင်နှုန်းကျော်၊ ကမ္ဘာ့၏ စုစုပေါင်းအသားတင်ထုတ်ကုန် ၃၁ ရာခိုင်နှုန်းကျော်၊ ကမ္ဘာ့ကုန်သွယ်ရေး၏ ၃၅ ရာခိုင်နှုန်းဝန်းကျင်တို့နဲ့ ချိတ်ဆက်ဆောင်ရွက်နေပါတယ်။

စွမ်းအင်ကဏ္ဍများ၊ သယ်ယူပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများရဲ့ ပညာရေးအစီအစဉ်အတွက် အဝေးပြေးကားလမ်းမကြီးများ၊ မီးရထား လမ်းမကြီးများနဲ့ သင်္ဘောဆိပ်ကမ်းများကို ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ၂၁ ရာစုပိုးလမ်းမကြီးစီမံကိန်းများတွင် အပြည်ပြည်ဆိုင်ရာ စင်္ကြံလမ်း(၆) ခုပါဝင်ပါတယ်။ စီးပွားရေးစင်္ကြံများမှာ–

(က) ဥရောပ–အာရှ တံတားသစ်
(ခ) တရုတ်–မွန်ဂိုလီးယား ရုရှားစီးပွားရေးစင်္ကြံ၊
(ဂ) တရုတ်–အာရှအလယ်ပိုင်း–အနောက် အာရှ စီးပွားရေးစင်္ကြံ၊
(ဃ) တရုတ်–အင်ဒိုချိုင်းနားကျွန်းဆွယ် စီးပွားရေးစင်္ကြံ၊
(င) တရုတ်–ပါကစ္စတန် စီးပွားရေးစင်္ကြံ၊
(စ) ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာ စီးပွားရေးစင်္ကြံ

အဆိုပါ စင်္ကြံသည်ကုန်းကြောင်းလမ်း၊ ရေကြောင်းလမ်းနှစ်ခုလုံးအတွက် အသုံးပြုနိုင်သည့်ကုန်သွယ်ရေးစင်္ကြံတစ်ခုဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာ စီးပွားရေးစင်္ကြံသည် စီးပွားရေးဆိုင်ရာချိတ်ဆက်မှုအဖြစ် အိန္ဒိယနိုင်ငံ၏ ဂင်္ဂါမြစ်၊ မြန်မာနိုင်ငံဧရာဝတီမြစ်နဲ့ အင်ဒိုချိုင်းနားမဲခေါင်မြစ်တို့ကို ချိတ်ဆက်ဆောင်ရွက်ထားပါတယ်။

ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာ စီးပွားရေးစင်္ကြံသည် အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ်သမုဒ္ဒရာတို့ကိုချိတ်ဆက်ထားတဲ့ တံတားတစ်စင်းသဖွယ်ဖြစ်နေပါတယ်။ အဆိုပါစင်္ကြံသည် အရှေ့တောင်အာရှနဲ့ တရုတ်နိုင်ငံတို့၏ ဈေးကွက်ကို ပစ်မှတ်ထားဆောင်ရွက်နိုင်သည့်နေရာတစ်ခုဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာ စီးပွားရေးစင်္ကြံကို တည်ဆောက်ခြင်းအားဖြင့် ဒေသတွင်းနိုင်ငံများ၏စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကဲ့သို့ ဘုံအကျိုးစီးပွားလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။

ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာစီးပွားရေးစင်္ကြံသည် ဘက်စုံအသုံးပြုနိုင်သည့် စီးပွားရေးစင်္ကြံတစ်ခုဖြစ်ပြီး ကုန်းလမ်းပိုင်းအနေဖြင့် ကူမင်းနဲ့ ကာလကတ္တားမှတစ်ဆင့် ချိတ်ဆက်ထားတဲ့ ၂၈၀၀ ကီလိုမီတာရှည်လျားသော (k2k)လမ်းမှ တစ်ဆင့်မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကို ဖြတ်သန်းနိုင်ပြီဖြစ်ပါတယ်။ ပင်လယ်ရေကြောင်းလမ်းကုန်သွယ်မှုသည် မန္တလေးတွင်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအနေဖြင့်စတင်ပြီး အိန္ဒိယရှိကာလကတ္တားတွင် အဆုံးသတ်ပါတယ်။

ကုန်းတွင်းလမ်းပိုင်းလမ်းကြောင်းသည် တရုတ်နိုင်ငံ၏ ယူနန်ပြည်နယ်၊ ကူမင်းမှစတင်ပြီး မြန်မာနိုင်ငံမန္တလေးမြို့စသည့်မြို့များမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်ကိုဖြတ်၍ ကာလကတ္တားမှာ အဆုံးသတ်ပါတယ်။

မြန်မာနိုင်ငံမှာ အိန္ဒိယသို့ဆက်သွယ်ထားတဲ့ရေကြောင်းလမ်းသည် ကာလကတ္တားမှကုန်စည်အခွင့်အလမ်းများကို အထောက်အပံ့ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံစစ်တွေဆိပ်ကမ်းမှတစ်ဆင့်ပလက်ဝသို့ ကုလားတန်မြစ်တစ်လျှောက်သယ်ယူပို့ဆောင်၍ အရှေ့မြောက်အိန္ဒိယ၏ မီဇိုရမ်သို့အဝေးပြေးလမ်းမှတဆင့် ပြန်လည်ပို့ဆောင်ကြပါတယ်။

မြန်မာနိုင်ငံ၏အဓိကအစိတ်အပိုင်းအဖြစ်ပါဝင်တဲ့ ပင်လင်ရေကြောင်းသည်ခရီးမိုင်တိုတောင်းပြီး စစ်တွေမှကာလကတ္တားသို့ ကုန်လမ်းဖြင့်သွားပါက ၁၃၈၂ ကီလိုမီတာကွာဝေးပြီး ရေကြောင်းဖြင့်သွားပါက ၅၂၉ ကီလိုမီတာသာရှိကြောင်း သိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာ စီးပွားရေးစင်္ကြံဟာ လူဦးရေသန်းပေါင်း ၄၄၀ နဲ့ကမ္ဘာ့မြေကြီးကို ၉ရာခိုင်နှုန်းအထိ လွှမ်းမိုးထားပါတယ်။

စင်္ကြံရဲ့ အဓိကအစိတ်အပိုင်းဟာ ကာလကတ္တား–ဒါကာ–မန္တလေး–ကူမင်းဖြစ်ပြီး ၂၈၀၀ ကီလိုမီတာရှည်လျားပါသည်။

စင်္ကြံသည် မီးရထားလမ်း၊ မော်တော်ကားလမ်း၊ လေကြောင်းလမ်း၊ ရေကြောင်းလမ်း၊ သယ်ယူပို့ဆောင်ဆက်သွယ်ရေးများဖြင့် ကွန်ယက်သဖွယ်ချိတ်ဆက်နေပါတယ်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏စွမ်းအင်လောင်စာလိုအပ်မှုကိုဖြည့်ဆည်းပေးနိုင်သကဲ့သို့ ဘင်္ဂလားပင်လယ်အော်သည် အိန္ဒိယသမုဒ္ဒရာကို ချိတ်ဆက်ပေးနိုင်သည့်ရေကြောင်းအခွင့်အလမ်းများအတွက်လည်းကောင်း၊ ဖွံ့ဖြိုးတိုးတက်မှု နည်းပါးနေသောကုန်းတွင်းပိတ် ယူနမ်ပြည်နယ်ကို ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုစေရန်နှင့် တရုတ်နိုင်ငံ၏ စွမ်းအင်လောင်စာလိုအပ်ချက်အတွက် ပိုးလမ်းမကြီး၏ အဓိကအစိတ်အပိုင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံ၌ကျောက်ဖြူဆိပ်ကမ်း မှဂွမ်ရှီးနှင့်ယူနမ်ပြည်နယ်သို့တင်ပို့သောရေနံနှင့် ဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းကြီးနှစ်ခုရှိပါတယ်။ ဓာတ်ငွေ့ပိုက်လိုင်းဟာ ယခင်ကတည်းကအသုံးပြုနေခဲ့ပြီး ဖြစ်ကာရေနံပိုက်လိုင်းအား၂၀၁၇ ခုနှစ်၊ ဧပြီလမှ စတင်၍အသုံးပြုခဲ့ပါတယ်။

တရုတ်နိုင်ငံသည် ကျောက်ဖြူမြို့၌ ရင်းနှီးမြှုပ်နှံမှုတွေပြုလုပ်ခဲ့ပြီး CITI Group Corporation ရဲ့ဦးဆောင်မှုနဲ့ ကျောက်ဖြူပင်လယ်ရေနက်ဆိပ်ကမ်းအပါအဝင်ကျောက်ဖြူအထူးစီးပွားရေးဇုန်"အားဆောင်ရွက်လျက်ရှိပါသည်။

ဘင်္ဂလားပင်လယ်အော်၏ ရခိုင်ပြည်နယ်ကမ်းခြေမြို့ကလေးဖြစ်သော ကျောက်ဖြူမြို့တွင် China Harbour Engineering Co အပါအဝင် CITI Group Corp မှလုပ်ငန်းကြီးနှစ်ခုကို ကန်ထရိုက်ရရှိလာခဲ့သည်–။ ပထမလုပ်ငန်းက ပင်လယ်နက်ဆိပ်ကမ်းတူးဖော်ရေးနှင့် ဒုတိယကားအထူးစီးပွားရေး စက်မှုဇုန်(Special Economic Zone)တည်ဆောက်ရေးပင်ဖြစ်သည်။ ဆိပ်ကမ်းပရိုဂျက်အတွက် တန်ဖိုးကားဒေါ်လာ ၇.၃ ဘီလီယံဖြစ်ပြီး SEZ အတွက်ဒေါ်လာ ၂.၇ ဘီလီယံဖြစ်သည်။ သဘောတူညီချက်အရ တည်ဆောက်ပေးသည့်အတွက် CITI အနေဖြင့် နှစ်ငါးဆယ်လုပ်ကိုင်ခွင့်ရရှိပြီး နောက်ထပ်၂၅ နှစ်သက်တမ်းတိုးချဲ့ခွင့်လည်းရရှိခဲ့သည်။

ကျောက်ဖြူအတွက် စီမံကိန်းများအားဆွေးနွေးခြင်းများကို Belt and Road အစီအမံများ မတိုင်မီကပင်စတင်လာခဲ့ခြင်းဖြစ်သည်။ ဆိပ်ကမ်းတူးဖော်ရေးပရိုဂျက်နှင့်ကျောက်ဖြူနှင့် ကူမင်းအားဆက်သွယ်ပေးမည့်မီးရထားလမ်းဖောက်လုပ်ရေးတို့အား ၂၀၀၉ ခုနှစ်ကပင် MOU ခေါ်နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြပြီးလည်းဖြစ်ပေသည်။ သို့သော် ၂၀၁၁ နောက်ပိုင်းတရုတ်ပြည်၏ ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်၍မြစ်ဆုံဆည်စီမံကိန်းကို ရပ်တန့်ပြစ်ခဲ့ခြင်းနှင့် ၂၀၀၂ ခုနှစ်တွင်လက်ပန်တောင်းတောင်ကြေးနီသတ္တုတွင်းအား အကြမ်းဖက်ကန့်ကွက်မှုများ ပေါ်ပေါက်ခဲ့ပြီးနောက်နိုင်ငံတွင်းနိုင်ငံရေးအရ ဆတ်ဆတ်ထိမခံ ဖြစ်လာခဲ့ခြင်းများကြောင့် အရှိန်အဟုန်တန့်သွားခဲ့ရသည်။ ၂၀၁၄ ခုနှစ်တွင်၊ မီးရထားလမ်းအတွက် နားလည်မှုစာချွန်လွှာအား ရပ်ဆိုင်းခဲ့ကြသော်လည်း ဆိပ်ကမ်းတည်ဆောက်ရေးနှင့် SEZ စီမံကိန်းက ဆက်လက်အသက်ဝင်နေဆဲဖြစ်သည်။ သို့သော်တိုးတက်မှုက နှေးကွေးနေပြီး ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင်သာဆိပ်ကမ်း ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ သဘောတူညီချက်ကိုပြန်လည်ရေးဆွဲလာနိုင်ခဲ့သည်။ အဆိုပါသဘောတူညီချက်အသစ်အရ CITI မှယခင်ရရှိထားသော ပိုင်ဆိုင်မှု ၈၅% မှ ၇၀%အထိလျှော့ချပေးခဲ့ရသည်။ SEZ အတွက်မှု ယခုထိဆက်လက်ဆွေးနွေးနေဆဲဖြစ်သည်။ တရုတ်တို့က ကျောက်ဖြူစီမံကိန်းအားမ

စာ-၂၂ »

ပို့ဆောင်ဆက်သွယ် သတင်းဂျာနယ်
TRANSCOM NEWS JOURNAL
www.transcomjournal.com











## မေလ ၁၈ရက် မွန်းလွဲ ၂နာရီမှစ၍မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ယခင်အချိန်များအတိုင်း ပုံမှန်ပြန်လည်ပြေးဆွဲ




မန္တလေး-မြစ်ကြီးနားလမ်းပိုင်းမိုင်းခွဲဖျက်စီးခံခဲ့ရသဖြင့်တွဲချော်ခြင်းနှင့် ရထားသံလမ်း ပျက်စီးခြင်းများဖြစ်ခဲ့သော်လည်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားမှဦးမျိုးဝင်း၊ အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်)ဦးဆောင်ပြီးတိုင်းအမှတ်(၁)တိုင်းအရာရှိများဝန်ထမ်းများ၊ ဒေသခံများပူးပေါင်းကာခက်ခက်ခဲခဲကရိန်းဖြင့်လမ်းချော်တိမ်းစောင်းသွားသောရထား၊ တံတားများ၊ သံလမ်းများပြုပြင်ဆောင်ရွက်ခဲ့မှုကြောင့် မေလ၁၈ရက်၊ မွန်းလွဲ ၂နာရီမှစ၍မန္တလေး-မြစ်ကြီးနားလမ်းပိုင်း၊ ယခင်ပြေးဆွဲနေကြအချိန်များအတိုင်းပုံမှန်ပြန်လည်ပြေးဆွဲပေးလျှက်ရှိကြောင်းသိရသည်။

ကချင်ပြည်နယ်အတွင်းအဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကမေလ ၁၅ရက်ည ၁၁နာရီ ၂၀မိနစ်တွင်မြစ်ကြီးနား-မန္တလေးမီးရထားလမ်းပေါ်ရှိ မိုးကောင်းဘူတာနှင့် ထိုပူးဘူတာအကြား(မိုင်တိုင်အမှတ်၊ ၆၆၂/၁နှင့် ၆၈၂/ ၂ အကြား)မီးရထားသံလမ်းတံတားအမှတ်၊ ၆၆၂အား မိုင်းထောင်ဖောက်ခွဲခဲ့ရာ သံလမ်းတံတားရှိအုတ်ခုံ၄ပေခန့်ပွင့်ထွက်၍ တံတားသံဘောင်ကျိုးထွက်ကာသံဘောင်မှာ ၄ပေခန့်ကွေးသွားကြောင်း မိုင်တိုင်အမှတ်၆၈၄/၁၈ နှင့်မိုင်တိုင်အမှတ် ၆၈၄/၁၉ကြားရှိမီးရထားသံလမ်းတံတားအမှတ် ၆၆၅ တွင်လည်းမိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားကြောင်း၊ သံလမ်းတံတားအုတ်ခုံ၄ပေခန့်ပဲ့ထွက်၍သံဘောင် အနည်းငယ်ကွေးသွားကာတံတားဘောင်ဘယ်၊ ညာပဲ့ထွက်သွားခဲ့ပြီး ထိုနေရာတွင်မိုင်းထောင်ရာတွင် အသုံးပြုသောရီမုဆားကစ်အိမ် ၂ခုနှင့်ယမ်းထုတ် ၁ထုတ်ရှာဖွေ တွေ့ရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးထုတ်ပြန်ချက်အရ သိရသည်။

ရထားလမ်းမိုင်းထောင်ဖောက်ခွဲမှုကြောင့် မန္တလေး မြစ်ကြီးနားရထားလမ်း၌ မိုင်းဖြစ်စဉ်၃ခုဖြစ်ပွားခဲ့ရာ မိုးကောင်းနှင့် ထိုပူးကြားတံတားအသေး ၂စင်းပြုပြင်ခဲ့ရပြီး၊ မရမ်းနှင့်နမ္မတီးကြားတံတားပေါ်တွင်မိုင်းဖြစ်စဉ်ကြောင့် လမ်းချော်တိမ်းစောင်းသွားသော APT ရထားအား မန္တလေးမှခေါ်ယူရောက်ရှိလာသော ကရိန်းဖြင့်ခက်ခက်ခဲခဲမတင်ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုပူးနှင့်မိုးကောင်းကြားတံတား ၂စင်း၊ မရမ်းနှင့်နမ္မတီကြားတံတား၁စင်း၊ တွဲစောင်း၊ လမ်းချော်၊ ဘီးပြုတ်ထွက်ရထားတွဲ ၄ တွဲရှိကြောင်း၊ တံတားပေါ်ရှိ GBHAV-13072 တွဲအားမြစ်ကြီးနားကရိန်းဖြင့်နေ့လည် ၁၁နာရီတွင်စမခဲ့ကြောင်း၊ စက်ခေါင်း DD -WBH 144494 တွဲအားနေလည် ၁၂နာရီ ၅၀မိနစ်စမခဲ့ပြီးနေ့လည် ၁နာရီ၁၀မိနစ်မတင်ပြီးစီးခဲ့ကြောင်း၊ မြန်မာ့မီးရထားမှသိရသည်။

ဖြစ်စဉ်တွင်ပိတ်နေ၍ ရပ်ထားခဲ့ရသည့် ၅၅အဆန် ရထားမှခရီးသည် ၁၃၆ ဦးအားကား၃စီးဖြင့် မိုးညှင်းမှမြစ်ကြီးနားသို့လည်းကောင်း၊ ၅၇အဆန်ရထားနှင့် ၃၇အဆန်ရထားမှခရီးသည် ၁၀၇ဦးအားကား ၅စီးဖြင့်ဟိုပင်မှမြစ်ကြီးနားသို့လည်းကောင်း၊ မြန်မာ့မီးရထားမှအကုန်အကျခံပြီးလိုရာခရီးရောက်အောင် ပို့ဆောင်ပေးခဲ့ကြောင်း၊ မြစ်ကြီးနားမှမန္တလေးသွားခရီးသည် ၃၀၀ကျော်အတွက် လက်မှတ်ခတွေကို မြန်မာ့မီးရထားမှပြန်အမ်းပေးခဲ့ကြောင်း၊ ဟိုပင်နှင့်မိုးညှင်းမြို့ဒေသခံပြည်သူတွေနှင့် လူမှုကူညီရေးအသင်းအဖွဲ့များကလည်း ရထားလမ်းခရီးပိတ်မိနေသူများကို ဝိုင်းဝန်းကူညီပေးကြကြောင်းသိရသည်။

မန္တလေး-မြစ်ကြီးနားလမ်းပိုင်းမိုင်းထိ အပျက်အဆီးများ မေလ၁၇ရက် ည၇နာရီကျော်တွင်ပြုပြင်ဆောင်ရွက်ခဲ့ပြီး မေလ၁၈ရက်နေ့လည် ၂နာရီမှစ၍အစုန်ရထားများဖြစ်သည့်အမှတ် ၅၆၊ ၄၂၊ ၅၀၊ ၅၈၊ အဆန်ရထားများဖြစ်သည့်အမှတ် ၅၇၊ ၃၇၊ ၅၅ တို့စတင်ပြန်လည်ပြေးဆွဲလျှက်ရှိကြောင်းသိရသည်။

ကျော်ကျော်

## နှစ် ၇၀ ကျော်ရှိ ကလောစာတိုက်ဟောင်းအား ပြုပြင်ထိန်းသိမ်းပေးစေလို





ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့ရှိစာတိုက်ဟောင်းအဆောက်အဦသည် ကျန်ရှိမှတ်တမ်းများအရ ၁၉၄၆ခုနှစ်တွင် အဆင့်(၃)စာတိုက်အဖြစ်ဖွင့်လှစ်ခဲ့ကြောင်း၊ ယခုဆိုလျှင်နှစ် ၇၀ ကျော်ရှိပြီးမြို့၏အထင်ကရလေ့လာကြည့်ရသည့်နေရာဖြစ်နေ၍ ရှေးလက်ရာအတိုင်းပြုပြင်ထိန်းသိမ်းပေးစေလိုကြောင်း ဒေသခံများထံမှသိရသည်။

**စာတိုက်သမိုင်း**

ကလောစာတိုက်ဟောင်းမှာ ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့တွင် ကလောမြို့အမှတ်(၅) ရပ်ကွက်၊ အကွက်အမှတ်(၂၆)၊ မြို့မရဲဌာနရပ်၊ ဦးပိုင် အမှတ်(၂၈)၊ မြေဧရိယာ(၀.၉၀၆)ဧကပေါ်တွင်အဆင့်(၃)စာတိုက်အဖြစ်ဖွင့်လှစ်ခဲ့ပြီး ဦးရွှေနက စာတိုက်မှူး တာဝန်ကိုပထမဆုံး ထမ်းဆောင်ခဲ့ကြောင်း၊ အုတ်တစ်ထပ်အဆောက်အဦ ဖြစ်ပြီး၊ ရိုးရိုးချောစာ၊ ပစ္စည်းများ၊ ပေးပို့ပေးဝေခြင်း၊ ငွေပို့လွှာ ပို့/ပေးခြင်း၊ ရေဒီယိုလိုင်စင်အပါအဝင်ငွေကြေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ၊ ၁ရက်မှစ၍အဆင့်(၂)စာတိုက်အဖြစ်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

စာတိုက်ဟောင်းဝင်းအတွင်း၌ အုတ်စီ၊ သွပ်မိုး၊ တစ်ထပ်၊ (၄၀× ၄၀)ပေဝန်ထမ်း အိမ်ရာလေးခန်းတွဲတစ်လုံး အုတ်စီ၊ သွပ်မိုး၊ တစ်ထပ်(၄၀× ၄၀)ပေ၊ ဝန်ထမ်းအိမ်ရာတစ်လုံး၊ ပျဉ်ထောင်၊ သွပ်မိုး၊ တစ်ထပ်(၃၀× ၁၅) ပေ၊ ဝန်ထမ်းအိမ်ရာတစ်လုံး၊ ပျဉ်ထောင်၊ အုတ်ကြွပ်မိုး၊ တစ်ထပ်(၅၀× ၄၀)ပေစာတိုက်ရုံးဟောင်းတစ်လုံးနှင့် သက်သာဆိုင်ခန်း(ဘယ်/ညာ)(၅)ခန်းစီ၊ အုတ်ကာ၊ သွပ်မိုး၊ တစ်ထပ်၊(၃၀× ၁၅)ပေကြေးနန်းရုံးဟောင်းတစ်လုံးရှိပြီး လက်ရှိတွင်စာတိုက်ဝန်ထမ်းအိမ်ယာအဖြစ်အသုံးပြုလျှက်ရှိသည်။

**စာတိုက်အသစ်**

၁၉၉၆ခုနှစ်၊ မတ်လ၊ ၁ရက်တွင် တောင်ကြီး-ရန်ကုန်ကားလမ်းပေါ်တွင်နှစ်ထပ် အဆောက်အဦသို့ပြောင်းရွှေ့ဖွင့်လှစ်ပြီး လုပ်ငန်းများဆက်လက်ဆောင်ရွက်ခဲ့ကြောင်း စာတိုက်မှူးအဖြစ်ဦးထင်လင်း(ဒု-ကြီးကြပ်ရေးမှူး)က ယခုလက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည်။

ကျော်ကျော်

# မြဝတီအပြည်ပြည်ဆိုင်ရာဝင်ထွက်ပေါက်မှ ပတ်စဖို့ဗီဇာနှင့် ဝင်ရောက်လည်ပတ်မှု ယခင်နှစ်ထက် ပိုမိုမြင့်တက်



မြန်မာ–ထိုင်းနယ်စပ် မြဝတီအပြည်ပြည်ဆိုင်ရာဝင်ထွက်ပေါက်မှ ပတ်စဖို့ဗီဇာနှင့်ဝင်ရောက်လည်ပတ်မှု မှာ ယခင်နှစ်ထက်ပိုမိုမြင့်တက်လာပြီး ယခုနှစ် ဇန်နဝါရီ၊ မတ်၊ ဧပြီ စသည့်ပထမလေးလပတ်အတွင်း ဝင်ထွက်လည်ပတ်ခဲ့သူ ၂၉၂၀၁၆ ဦးရှိခဲ့ကြောင်း သို့သော်ကမ္ဘာလှည့်ခရီးသွားများဖြစ်သည့် တတိယနိုင်ငံသားများဝင်ထွက်သွားလာမှုမှာ အများဆုံးဖြစ်ကာလေးလအတွင်း ၅၂၇၆ ဦးဝင်ရောက်ကာ ထိုင်းနိုင်ငံသား ၂၅၉၂ ဦး၊ မြန်မာနိုင်ငံသား ၄၈၁၇ ဦးဝင်ရောက်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံသားများမှာ အလည်ပတ်စဖို့စာအုပ်ဖြင့် ထိုင်းနိုင်ငံကိုထွက်ခွာသူထက် ပြန်ဝင်လာသူလျော့ပါးသွားကြောင်း၊ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံသို့ပတ်စဖို့ဗီဇာဖြင့် ဝင်ရောက်ခဲ့သူ ၁၀၈၆၀ ဦးနှင့် ပြန်လည်ထွက်ခွာသူ ၁၅၀၇၇ ဦးရှိခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ပြည်တွင်းသို့ဝင်ရောက်သူ ၁၂၃၈၂ ဦးနှင့် မြန်မာနိုင်ငံဘက်မှထိုင်းနိုင်ငံဘက်သို့ထွက်ခွာခဲ့သူ ၁၃၆၉၉ ဦးရှိခဲ့ကြောင်း၊ ထို့အတူ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသား ၁၀၀၀၃ ဦး၊ ထိုင်းနိုင်ငံသား ၅၇၉၉ ဦး၊ တတိယနိုင်ငံသားကမ္ဘာ့လှည့်ခရီးသွားနိုင်ငံခြားသားများ ၈၉၁၅ ဦး၊ စုစုပေါင်း ၂၄၇၁၇ ဦးဝင်ရောက်ခဲ့ပြီး ပြန်လည်ထွက်ခွာခဲ့သူမြန်မာနိုင်ငံသား ၂၂၃၉၅ ဦး၊ ထိုင်းနိုင်ငံသား ၅၅၁၁ ဦး၊ တတိယနိုင်ငံသား ၈၂၂၄၈ ဦးထွက်ခဲ့ကြောင်း၊ ယင်းအပြင် မြဝတီနယ်စပ်ဂိတ်အား အပြည်ပြည်ဆိုင်ရာဝင်ထွက်ပေါက်အဖြစ် ၂၀၁၃ ခုနှစ်တွင်တရားဝင်ဖွင့်လှစ်ခဲ့ပြီး မြန်မာ၊ ထိုင်း၊ တတိယနိုင်ငံသား ၁၆၃၉ ဦးဝင်ရောက်ခဲ့ပြီး ၂၀၉၃ ဦးထွက်ခွာသွားခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းသို့ပတ်စဖို့ဗီဇာဖြင့် ဝင်ရောက်လည်ပတ်သူတဖြည်းဖြည်းများလာပြီး မြန်မာ၊ ထိုင်း၊ တတိယနိုင်ငံသား ၁၂၅၆၄ ဦးရှိပြီး ပြန်လည်ထွက်ခွာသူ ၂၀၇၅၇ ဦးထွက်ခွာခဲ့ကြောင်းသိရသည်။

မြန်မာ၊ ထိုင်းနှင့်တတိယနိုင်ငံသား ကမ္ဘာ့လှည့်ခရီးသွားများအပါအဝင် ၁၂၆၈၄ ဦးတို့သည် ထိုင်းနိုင်ငံဘက်မှဝင်ရောက်လည်ပတ်ခဲ့ပြီး တာချီလိတ်၊ မူဆယ်၊ တမူးစသည့်နယ်စပ်များနှင့် အပြည်ပြည်ဆိုင်ရာဝင်ထွက်ပေါက်များမှဝင်ရောက်လာပြီး မြဝတီနယ်စပ်ဂိတ်မှထိုင်းနိုင်ငံဘက်သို့ ၁၆၅၂၀ ဦး ပြန်လည်ထွက်ခွာခဲ့ကြောင်းသိရသည်။

ပိုးအိမ်

## မရေရာမှုများကြားမှ မြန်မာနိုင်ငံ




၂၀၁၆– ၂၀၁၇ခုနှစ်တွင် အနည်းငယ်အရှိန်နေးခဲ့သည့် မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေသည် ၂၀၁၇–၂၀၁၈ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပ မရေရာမသေချာသည့် အခြေအနေများအကြား အကောင်းဘက်တွင်ရှိနေဆဲဖြစ်သည်ဟု မေလ ၁၇ ရက်တွင် ထုတ်ပြန်သည့်ကမ္ဘာ့ဘဏ်က နောက်ဆုံးထုတ်ပြန်လိုက်သည့် မြန်မာနိုင်ငံ၏စီးပွားရေးစောင့်ကြည့်အစီရင်ခံစာကဆိုသည်။

အဆိုပါ အစီရင်ခံစာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ကဏ္ဍပေါင်းစုံပါဝင်သည့် ကျယ်ပြန့်သောဖွံ့ဖြိုးမှုဖြစ်သည်ဟု တွေ့ရှိရသည်။ ငွေကြေးဖောင်းပွမှုကျဆင်းလျှက်ရှိကာ တိုင်းပြည်၏ဘဏ္ဍာရေးနှင့် external balance အခြေအနေကောင်းလာခဲ့ကြောင်းသိရသည်။ ပြည်ပပို့ကုန်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာခဲ့ခြင်းကြောင့် ကျပ်ငွေတန်ဖိုးလည်း အနည်းငယ်ခိုင်မာ

# ပထမဆုံးမိုးပျံအမြန်လမ်းတွင် ရင်းနှီးမြှုပ်နှံရန်အဆို ပြုလွှာများခေါ်ယူနေ

ရန်ကုန်မြို့တွင်းမှ အမြန်လမ်းအထိမိုင် ၃၀ခန့် ရှည်လျားသော မိုးပျံလေးလမ်းသွားအမြန်လမ်းဖောက်လုပ်ရန် ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များစိတ်ဝင်စားမှု အဆိုပြုလွှာတင်ပြနိုင်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတင်းကြေညာချက်ထုတ်ပြန်ခဲ့သည်။ အဆိုပြုလွှာတင်သွင်းရန် တစ်လကျော်ကြာအချိန်ပေးပြီး ဇွန်လ ၂၉ ရက်ညနေ ၅နာရီအထိ တင်သွင်းနိုင်ကြောင်းသိရသည်။

ရန်ကုန်ဆိပ်ကမ်းစတင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မင်္ဂလာဒုံစက်မှုဇုန်နှင့် ရန်ကုန်–မန္တလေးအမြန်လမ်းအထိ မိုးပျံလေးလမ်းသွားအမြန်လမ်းကို ပုဂ္ဂလိက၊ အစိုးရပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ရန်စီစဉ်နေသည်။ ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) တို့၏အကူအညီတို့ဖြင့် တင်ဒါများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ရွေးချယ်မည်ဖြစ်သည်။

ရန်ကုန်တောင်ပိုင်းနှင့် မြောက်ပိုင်းချိတ်ဆက်မည့်မြန်မာပထမဆုံးအဆင့်မြင့် လေးလမ်းသွားအမြန်လမ်းစီမံကိန်းကိုပုဂ္ဂလိကကဏ္ဍမှ ကန်ဒေါ်လာ သန်း ၃၅၀ မှ သန်း ၄၀၀ အထိအသုံးပြုမည်ဖြစ်ပြီး အဆိုပါစီမံကိန်းအတွက်အရည်အသွေးပြည့်ဝသော ပုဂ္ဂလိကဆောက်လုပ်ရေးကုမ္ပဏီတစ်ခုရွေးချယ်ရန် နိုင်ငံတကာအဆင့်မီတင်ဒါခေါ်ယူမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်အုပ်စုအဖွဲ့အစည်းဖြစ်သည့် IFC ကမျှော်လင့်သည်ဟု ထုတ်ပြန်ထားသည်။

၂၀၁၉ နှစ်ဆန်းတွင် စတင်မည့်ရန်ကုန်မြို့အဆင့်မြင့်မိုးပျံအမြန်လမ်းစီမံကိန်းအတွက် အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) ကိုဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်အကြံပေးအဖြစ် ဇန်နဝါရီ ၁၁ ရက်ခန့်တွင်ခန့်အပ်ခဲ့သည်။

စီမံကိန်းတွင်ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားကြောင်းတိကျစွာဖော်ပြပြီး ရင်းနှီးမြှုပ်နှံလိုသူ၏ကိုယ်ရေးအကျဉ်း၊ ကုမ္ပဏီ (သို့မဟုတ်) ကုမ္ပဏီအုပ်စု၏ ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး အကျဉ်းချုပ်ဖော်ပြရန်သုံးနှစ်စာဘဏ်စာရင်းနှင့်ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများဖော်ပြရန်၊ ISO ထောက်ခံချက်ကဲ့သို့ သက်ဆိုင်သောထောက်ခံချက်များ ပါရှိရန်စသည်တို့လိုအပ်သည်ဟု ကြေညာထားသည်။ T.Z

# မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေး



မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးလုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို မြောက်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေလ ၁၅ ရက်တွင် ပြုလုပ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးတက်ရောက်၍ ပညာရှင်များနှင့်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ အစည်းအဝေးတွင် လာမည့်နှစ် စက်တင်ဘာလကုန်တွင် မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် အဆိုပြု စာတွဲ(မူကြမ်း)တင်သွင်းနိုင်ရေးနှင့် ၂၀၂၀ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာအထောက်အပံ့နှင့် နည်းပညာဆိုင်ရာအကူအညီများကို စနစ်တကျပေါင်းစပ်ညှိနှိုင်းအသုံးပြုနိုင်စေရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီဖွဲ့စည်းရေးကိစ္စများအပြင် အီတလီနိုင်ငံအထောက်အပံ့အကူအညီအဖြစ် ယူရို(၁)သန်းဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ စတင်ကြောင်းကြေငြာခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအကူအညီဖြင့် မြေပုံရရှိရေး၊ ဇုန်နယ်နိမိတ်သတ်မှတ်ရေး၊ မြို့ပြစီမံကိန်းရေးဆွဲရေး၊ သုတေသနဆိုင်ရာလုပ်ငန်းများအပြင် လိုအပ်သည့် နည်းပညာ၊ သင်တန်း၊ ပစ္စည်းအကူအညီများကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများရှင်းလင်းတင်ပြခြင်း ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အစည်းအဝေး ဆွေးနွေးချက်ရလဒ်များ အတည်ပြုဆုံးဖြတ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ရှေးဟောင်းသုတေသနနှင့် ပထဝီဝင်အချက်အလက် ကျွမ်းကျင်ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ တာဝန်ရှိအရာထမ်း၊ အမှုထမ်းများ၊ ဖွဲ့စည်းထားသည့် ကော်မတီ၊ ဆပ်ကော်မတီဝင်များ၊ ဒေသတွင်း ဆက်စပ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံအဖွဲ့အစည်းများ ပါဝင်ခဲ့ကြသည်။

ထို့ပြင် မေလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ မြောက်ဦးဒေသ၏ ရှေးကာလမှယနေ့ကာလအထိ ရေအသုံးချမှုဆိုင်ရာများ၊ ပထဝီဝင်အချက်အလက်များ၊ မြောက်ဦးဒေသ၏ ကမ္ဘာလုံးဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့်အချက်များ၊ ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးအတွက် အဆိုပြုစာရေးသားရေးဆိုင်ရာများ၊ ရှေးဟောင်းအဆောက်အအုံနှင့် ရှေးဟောင်းပစ္စည်းများ ရေရှည်တည်တံ့စေရန် ဘက်ပေါင်းစုံကာကွယ်ထိန်းသိမ်းနိုင်ရေးဆိုင်ရာများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့်ပူးပေါင်း၍ ကွင်းဆင်းသုတေသနခဲ့ကြကြောင်း သိရသည်။

မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးလုပ်ငန်းကို ကမ္ဘာ့အမွေအနှစ်(၅၃)ခုဖြင့် ကမ္ဘာတွင် ကမ္ဘာ့အမွေအနှစ်အများဆုံးရရှိထားသည့် အီတလီနိုင်ငံ၊ ကမ္ဘာ့အမွေအနှစ် (၅၂)ခုဖြင့် ဒုတိယကမ္ဘာ့အမွေအနှစ်အများဆုံးနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့က အဓိကပံ့ပိုးပူးပေါင်းကူညီဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလကုန်တွင် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်အဆိုပြု စာတွဲ(မူကြမ်း)တင်သွင်းရမည်ဖြစ်ပြီး ၂၀၂၀ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရနိုင်ရေးအတွက် ကြိုးပမ်းနေခြင်းဖြစ်သည်။ အိမ်စည်

# SRPS




ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ သင်္ဘောသားဌာနခွဲတွင် မှတ်ပုံတင်ထားရှိပြီး SRPS (SEAFARER RECRUITMENT AND PLACEMENT SERVICES) လိုင်စင်ရရှိပြီး လုပ်ငန်းဆောင်ရွက်ခွင့်ပြုထားသောကုမ္ပဏီများ၏ စာရင်းအား အသိပေးကြေညာထားကြောင်းသိရှိရသည်။

(က) သင်္ဘောသားစေလွှတ်ခွင့်ပြုထားသော SRPS ကုမ္ပဏီမှာ (၁၆၀)ခုရှိပါသည်။ ဌာနသို့လိုင်စင်ပြန်အပ်ပြီး လုပ်ငန်းဆောင်ရွက်ခြင်းမရှိသောကုမ္ပဏီများမှာ (၂၁) ခုရှိပါသည်။

(ခ) လိုင်စင်ပြန်လည်အပ်နှံထားသောကုမ္ပဏီများ

(1) ONWARD MARINE MANAGEMENT CO., LTD

(2) EXPRESS WAY SHIPPING AGENCY CO., LTD

(3) BA THAN MARITIME LTD

(4) SEA RELIANCE SHIPPING CO., LTD

## င်၏ စီးပွားရေးဖွံ့ဖြိုးလာကြောင်း ကမ္ဘာ့ဘဏ်အစီရင်ခံစာသစ်ဆို




လာသည်။ စီးပွားရေးအလားအလာသည် အကောင်းဘက်တွင်ရှိနေသော်လည်း အန္တရာယ်စိန်ခေါ်မှုများလည်း ရှိနေဆဲဖြစ်ပြီး ယင်းတို့ကို ထိရောက်စွာကိုင်တွယ်ခြင်းမပြုနိုင်ပါက စီးပွားရေးအနာဂတ်အလားအလာအပေါ် သက်ရောက်မှုရှိနိုင်သည်ဟု ကမ္ဘာ့ဘဏ်ကနောက်ဆုံးထုတ်ပြန်လိုက်သည့် မြန်မာနိုင်ငံ၏စီးပွားရေးစောင့်ကြည့်အစီရင်ခံစာဆိုသည်။

ထိုအစီရင်ခံစာတွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးဖွံ့ဖြိုးမှုနှုန်းသည် ၂၀၁၆- ၂၀၁၇ တွင် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၇-၂၀၁၈တွင် ၆ ဒသမ ၄ ရာခိုင်နှုန်းသို့ ရောက်ရှိလာသည်။ ထိုသို့ရောက်ရှိလာခြင်းမှာလည်း စိုက်ပျိုးရေးကဏ္ဍ၊ ကောက်ပဲသီးနှံထုတ်လုပ်မှုအခြေအနေ ပြန်လည်ကောင်းမွန်လာခြင်း၊ ထုတ်ကုန်လုပ်ငန်းများ အားကောင်းလာခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍတွင် တည်ငြိမ်လာခြင်းတို့ကြောင့် ဖြစ်သည်ဟု အစီရင်ခံစာကဆိုသည်။

ထို့ပြင်၂၀၁၈-၂၀၁၉ ခုနှစ်အတွက် နိုင်ငံ၏စီးပွားရေးတိုးတက်မှုနှုန်းသည် အကောင်းဘက်တွင်ရှိနေပြီး ၆ ဒသမ ၇ ရာခိုင်နှုန်းသို့ ရောက်ရှိလာမည်ဟု ခန့်မှန်းထားသည်။ ငွေကြေးဖောင်းပွမှုနှုန်းသည်၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၇ ရာခိုင်နှုန်းရှိခဲ့ပြီး၂၀၁၇-၂၀၁၈တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ပြီး ၂၀၁၈-၂၀၁၉တွင် ၄ ဒသမ ၉ ရာခိုင်နှုန်းအထိ ကျဆင်းသွားမည်ဟုလည်း အဆိုပါအစီရင်ခံစာတွင်ခန့်မှန်းထားသည်။

ယင်းအစီရင်ခံစာတွင် စီးပွားရေးအခြေနေသုံးသပ်မှုနှင့် အလားအလာများအား ဖော်ပြထားသည့်အပြင် အလုံးစုံပါဝင်နိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည့် ပြုပြင်ပြောင်းလဲမှုများအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အသေးစိတ်သုံးသပ်မှုများလည်း ပါဝင်သည်။

မြန်မာစီးပွားရေးစောင့်ကြည့် အစီရင်ခံစာ(Myanmar Economic Monitor) ဆိုသည်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ အလားအလာများနှင့် ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့် မူဝါဒကြံပြုချက်များအား အချိန်မှန်လေ့လာသုံးသပ်ရေးသားထားသည့် အစီရင်ခံစာဖြစ်သည်။ ယင်းအစီရင်ခံစာအားပြုစုရာတွင် မြန်မာအစိုးရထံမှ ရရှိသည့် တရားဝင်အချက်လက်များအပြင် ကမ္ဘာ့ဘဏ်၏ပုံမှန်စီးပွားရေးစောင့်ကြည့်လေ့လာမှုများနှင့် မူဝါဒဆွေးနွေးမှုများမှ ဒေတာအချက်အလက်များကိုလည်း ထည့်သွင်းအသုံးပြုထားခြင်းဖြစ်သည်။ အိမ်စည်

## နိုင်ငံ့ဝန်ထမ်းများကို လစာ၏ငါးဆနှုန်းဖြင့် ငွေထပ်မံထုတ်ချေးမည်

အသေးစားနှင့်အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMID Ba-nk) က နိုင်ငံ့ဝန်ထမ်းများကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှစ၍ လစာ၏ ငါးဆနှုန်းဖြင့်ထပ်မံထုတ်ချေးသွားမည်ဖြစ်ကြောင်းနှင့် ချေးငွေချေးပေးသည့် အချိန်ကာလကိုသတ်မှတ်ထားခြင်းမရှိဘဲ ယင်းချေးငွေအကြောင်း အသေးစိတ်သိရှိလိုပါက S - MID ရုံးချုပ် ၀၁၂၃၀၂၃၈၅၊ ၀၁-၂၃၀၂၃၉၁ ထံဆက်သွယ်မေးမြန်းနိုင်ပြီး ချေးငွေလျှောက်ထားရန် လိုအပ်ချက်များမှာ ချေးငွေလျှောက်လွှာ၊ ဌာနမှအကြီးအကဲနှစ်ဦး၏ ထောက်ခံစာ၊ ငွေချေးမည့် ကာယကံရှင်၏ဝန်ထမ်းကတ်မူရင်း၊ ငွေချေးမည့်ကာယကံရှင်၏ နိုင်ငံသားစိစစ်ရေးကတ်၊ ငွေပေးချေမည့် ကာယကံရှင်၏ရပ်ကွက်ထောက်ခံစာ၊ ငွေချေးမည့်ကာယကံရှင်၏ အိမ်ထောင်စုစာရင်း၊ ငွေချေးသူကို အာမခံပေးမည့်သူနှစ်ဦးနှင့် အာမခံပေးမည့်သူနှစ်ဦး၏ ဝန်ထမ်းကတ်တို့ လိုအပ်ကြောင်း SMID Bank ထံမှ သိရသည်။

"အပြင်မှာချေးရင် တစ်ဆယ်တိုးပေးရတာ၊ ဒီချေးငွေကသုံးဆလည်းရတယ်၊ တစ်ကျပ်တိုးဆိုတော့ အတိုးလည်းနည်းတယ်၊ ကျွန်မတို့ကလည်း လစဉ်လည်း မှန်မှန်ပြန်ဆပ်ပါတယ်၊ ဒီမေလကုန်မှာ ကျေမှာပါ၊ ဒီတစ်ခါငါးဆထပ်ချေးပေးမှာဆိုတော့ ဝမ်းသာစရာပေါ့ "ဟုပညာရေးဝန်ကြီးဌာနမှဝန်ထမ်း တစ်ဦးကပြောသည်။

ချေးငွေများကို တစ်လလျှင်အတိုးနှုန်း ၁ ရာခိုင်နှုန်း၊ တစ်နှစ်လျှင်အတိုးနှုန်း ၁၂ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ပြီး တစ်နှစ်အတွင်းလစဉ်အရစ်ကျ အကျေပြန်လည်ပေးဆပ်ရမည်ဖြစ်က SMID ဘဏ်များက ၂၀၁၇ ခုနှစ်ဖွန်လမှစတင်၍ လက်ရှိကာလအထိ အစိုးရဝန်ထမ်းများကို ကျပ်ဘီလီယံ ၆၀ အထိထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း၊ ထိုအပြင် ချေးငွေပုံမှန်ပြန်လည်မဆပ်နိုင်ပါက ဘဏ်စည်းမျဉ်း၊ စည်းကမ်းများအရအရေးယူသွားမည်ဖြစ်ပြီး ဝန်ထမ်းများအကျေပြန်လည်မဆပ်နိုင်ပါက လစာငါးဆထုတ်ပေးမည့် အစီအစဉ်ကိုအကောင်အထည်ဖော်မည် မဟုတ်ကြောင်း SMID Bank အမှုဆောင်အရာရှိချုပ်က ဆိုသည်။

နိုင်ငံ့ဝန်ထမ်းများကို ၂၀၁၇ ခုနှစ် ဖွန်လမှစတင်၍ SMID Bank ကလစာ၏သုံးဆနှုန်းကို ထုတ်ချေးပေးခဲ့ရာ လက်ရှိအချိန်အထိ ပျက်ကွက်မှုမရှိဘဲ အောင်မြင်လျှက်ရှိပြီး ၂၀၁၈ ခုနှစ်ဇူလိုင်လ ၃၁ ရက်နေ့တွင် ချေးငွေသက်တမ်းပြည့်သည့် ဝန်ထမ်းများနှင့်သက်တမ်းပြည့်ရန်လိုအပ်သည့် ဝန်ထမ်းများအားလုံးကို အရင်းအတိုးအကျေဆပ်ပြီးပါက စက်တင်ဘာလ ၁ ရက်နေ့တွင် လစာ၏ငါးဆကိုထပ်မံထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

ပိုးအိမ်

## မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကို မကြာမီပြဋ္ဌာန်းနိုင်တော့မည်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် "မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေ (မူကြမ်း)" ကို ဖေဖော်ဝါရီလအတွင်းက အမျိုးသားလွှတ်တော်တွင် အတည်ပြုပြီးဖြစ်ရာ ဆက်လက်၍ စိစစ်ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ရာ မကြာမီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုပြီးပါက မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းနိုင်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနေဖြင့် "မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေ(မူကြမ်း)" ကို သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများနှင့် ဥပဒေလေ့လာသူများအား ဖိတ်ခေါ်၍ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ် အတွင်း ညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ပြီး သဘောထားမှတ်ချက်များ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ အကြံပြုချက်များနှင့်အညီ ပြန်လည်ပြင်ဆင်ပြုစုရေးဆွဲခဲ့ကာ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ဆွေးနွေး၊ စိစစ်၊ ပြင်ဆင်ပြီး၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ရက်နေ့တွင် အမျိုးသားလွှတ်တော်မှ အတည်ပြုပြီးဖြစ်သည်။

ထို့ကြောင့် ၎င်းဥပဒေကိုပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် မေလ ၇ ရက်၊ ၈ ရက်နှင့် ၁၅ ရက်နေ့များတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင့်သွင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များမှ စိစစ်ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ရာ မကြာမီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုပြီးပါက မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းနိုင်မည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

အိမ်စည်

## လိုင်စင်နှင့် လုပ်ငန်းဆောင်ရွက်ခြင်းမပြုသော ကုမ္ပဏီများအသိပေးကြေညာ




(5) STANDARD COMMERCIAL SYNDICATE LTD
(6) KYI MIN BROTHERS CO., LTD
(7) GRACE & TRUTH (G & T) SHIPPING CO., LTD
(8) SSC SHIP MANAGEMENT CO., LTD
(9) VERY SMART NEW WORLD CO., LTD
(10) MYANMAR FIRST MARINE INTERNATIONAL LTD
(11) WILHELMSEN MARINE PERSONNEL (MYANMAR)
(12) EMIRATES STAR TRADING SERVICES CO., LTD
(13) KAUNG THIT KYAW CO., LTD
(14) MYANMAR OCEAN MARINE CO., LTD
(15) BELL SHIPS MANAGEMENT & GENERAL SERVICES CO., LTD
(16) PISCES MARITIME SERVICES CO., LTD
(17) A W H INTERNATIONAL CO., LTD
(18) OCEAN TREASURE MARINE CO., LTD
(19) UNISUCCESS MARITIME SERVICES CO., LTD
(20) BRAVE OCEAN SERVICES CO., LTD
(21) ENRICHMENT CO., LTD တို့ဖြစ်သည်။

(ဂ) လိုင်စင်ရုပ်သိမ်းထားသောကုမ္ပဏီများ

(1) PARITA SHIPPING AGENCY LTD
(2) WORLD GREAT MARINE CO., LTD
(3) GLORY MARINE CO., LTD
(4) ASIA WAVE SEVICES CO., LTD
(5) LIGHT OASIS MARINE SHIPPING CO., LTD
(6) SEA RIDER CO., LTD
(7) STAR GLOBAL MARINE CO., LTD
(8) TOP CHANGE SERVICES CO., LTD
(9) RICH MARINE CO., LTD
(10) YELLOW SEA MARINE CO., LTD
(11) SUN MARINE SHIPPING CO., LTD
(12) WORLD CLASS MARINE 9 CO., LTD
(13) SHWE NAING TUN CO., LTD
(14) T M C CO.LTD
(15) THE BEST AUNG SATT KYAR MARITIME SHIPPING CO., LTD
(16) MYANMAR OCEAN GATE SHIPPING SERVICES
(17) SEA STAR CO., LTD
(18) ARGO BRIGHT MARITIME CO., LTD
(19) ROYAL SLIVER SWAN CO. LTD
(20) PEOPLE DILIGENCE SERVICES CO., LTD
(21) ROYAL FAMOUS SHIPPING MANAGEMENT CO., LTD တို့ဖြစ်သည်။

လိုင်စင်ယာယီဆိုင်းငံ့ထားပြီး သင်္ဘောသားစေလွှတ်ခွင့်မပြုတော့သောကုမ္ပဏီများ (၇)ခုရှိသည်။

(ဃ) လိုင်စင်ဆိုင်းငံ့ထားသောကုမ္ပဏီများ

(1) GOLDEN SEAFARER (YANGON) CO., LTD
(2) T.T.A CO., LTD (ONBOARD) သင်္ဘောသားများ ပြန်လည်ရောက်ရှိပါက လိုင်စင်ရုပ်သိမ်းသွားမည်ဖြစ်ပါသည်။)
(3) SELLY MARINE CO., LTD
(4) HYPERION SHIPPING CO., LTD
(5) SIMA SERVICES CO., LTD
(6) ROYAL POLE STAR SERVICES CO., LTD
(7) UNIVERSE MARINE (MYANMAR) SERVICES CO., LTD တို့ဖြစ်သည်။

ထို့ပြင် ယာယီလိုင်စင်ထုတ်ပေးထားသော်လည်း သင်္ဘောသားစေလွှတ်ခွင့်၊ ခွင့်ပြုခြင်းမရရှိသေးသော ကုမ္ပဏီများ (၅) ခုရှိပါသည်။

(င) SRPS လိုင်စင် (၁)နှစ် ယာယီဆိုင်းငံ့ထားသော ကုမ္ပဏီများ

(1) AUNG HATE CO., LTD (11.10.2016) ရက်နေ့မှစ၍ တစ်နှစ်ဆိုင်းငံ့
(2) C.M MARINE SERVICE CO., LTD (11.10.2016) ရက်နေ့မှစ၍ တစ်နှစ်ဆိုင်းငံ့
(3) HAN KO CO., LTD (11.10.2016) ရက်နေ့မှစ၍ တစ်နှစ်ဆိုင်းငံ့
(4) ICS - YANGON CO., LTD (24.04.2017) ရက်နေ့မှစ၍ တစ်နှစ်ဆိုင်းငံ့
(5) YOE CHINE WIN CO., LTD (9.06.2017) ရက်နေ့မှစ၍ တစ်နှစ်ဆိုင်းငံ့
(5) UNITY EXCELLENCE SHIPPING CO., LTD (29.01.2018) ရက်နေ့မှစ၍ (၃)လဆိုင်းငံ့ တို့ဖြစ်ကြောင်း သိရှိရသည်။

တင်မောင်-ပို့/ဆက်

## FIFA World Cup Russia 2018 ဘောလုံးပြိုင်ပွဲကို အူရီဒူးဆင်းကတ်အသုံးပြုသူများ မိမိ၏မိုဘိုင်းဖုန်းဖြင့်တိုက်ရိုက်ကြည့်ရှုနိုင်




အူရီဒူးဆင်းကတ်အသုံးပြုသူများအနေဖြင့် FIFA World Cup Russia 2018 ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ အကောင်းဆုံးဘောလုံးပြိုင်ပွဲကြီးကိုမိမိ ၏မိုဘိုင်းဖုန်းမှ တိုက်ရိုက်ကြည့်ရှုနိုင်မည့် အခွင့်အလမ်းကိုအခမဲ့ရရှိရန်အတွက် အူရီဒူးမြန်မာသည် Sky Net ရုပ်သံနှင့်ပူးပေါင်းပြီး Official Broad cast Sponsor ပံ့ပိုးကူညီပေးခဲ့ကြောင်းသိရသည်။

ယခုအခါတွင် အူရီဒူးဆင်းကတ်အသုံးပြုသူများအနေဖြင့် စာရင်းသွင်းခ ပေးစရာမလိုဘဲ FIFA World Cup Russia 2018 ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် ဘောလုံးအသင်းများထဲမှ မိမိတို့နှစ်သက်ရာအသင်း၏ပွဲစဉ်ကို မိမိ၏မိုဘိုင်းဖုန်းဖြင့် တိုက်ရိုက်ကြည့်ရှုနိုင် ပြီဖြစ်သည် ကမ္ဘာ့ဖလားဘောလုံးပွဲကို မိုဘိုင်းဖုန်းဖြင့်တိုက်ရိုက်ကြည့်ရှုရန် My Ooredoo App သာလိုအပ်ပြီးအူရီဒူး၏ အမြန်ဆုံး 4G နှင့် 3G ကွန် ရက်ကိုအသုံးပြုပြီးအားပေးကြည့်ရှုနိုင်သည်။

FIFA World Cup 2018 ကိုမိုဘိုင်းဖုန်းဖြင့် တိုက်ရိုက်ကြည့်ရှုရန် My Ooredoo App ကိုမိမိ၏ မိုဘိုင်းဖုန်းနံပါတ်ဖြင့် လွယ်ကူစွာဖြင့်ဝင်ရောက် ပြီးသည့်အခါ FIFA World Cup 2018 ၏ နဖူးစည်းကြော်ငြာကို တွေ့ရမည်ဖြစ်ပြီး အဆိုပါ နဖူးစည်းကြော်ငြာကို ကလစ်နှိပ်လိုက်သည်နှင့် တစ်ပြိုင်နက်ဘောလုံးပွဲစဉ်တိုက်ရိုက်ထုတ်လွှင့်မှုကို စတင်ကြည့်ရှုနိုင်မည်ဖြစ်ပြီး ဘောလုံးပွဲဝါသနာရှင် ပရိသတ်များအနေဖြင့် ကမ္ဘာ့ဖလားဘောလုံးပွဲကြီးအားမိုဘိုင်းဖုန်းဖြင့် တိုက်ရိုက်ကြည့်ရှုနိုင်ရန်အတွက် Google Play Store, Apple App Store (သို့) *565# သို့ဖုန်းခေါ်ဆိုပြီး My Ooredoo App ဒေါင်းလုပ်ရယူပြီး ထည့်သွင်းနိုင်သည်။

အူရီဒူးမြန်မာ၏ Chief Commerical Officer ဖြစ်သူ Mr.Alok Ver ma ကအူရီဒူးဆင်းကတ်အသုံးပြုသူတွေအနေနဲ့ FIFA World Cup Russia 2018 ကိုမြန်မာနိုင်ငံမှာပထမဦးဆုံး မိမိရဲ့ မိုဘိုင်းဖုန်းကတစ်ဆင့် တိုက်ရိုက်ကြည့်ရှုခွင့်ရဖို့ Sky Net နဲ့ပူးပေါင်းခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ အရင်ကဆိုရင် တီဗွီရှေ့မှာသာ ကမ္ဘာ့ဖလားဘောလုံးပွဲကြည့်ရှုကြရပါတယ်။ အခုဆိုရင် အူရီဒူးဆင်းကတ်အသုံးပြုသူတွေဟာ ကမ္ဘာ့ဖလားဘောလုံးပွဲတိုက်ရိုက်ကြည့်ရှုဖို့ကို အခွင့်အလမ်းကို ပုံစံနောက်တစ်မျိုးအနေနဲ့ထပ်မံရရှိပါတယ်။ သူတို့တွေအနေနဲ့ အူရီဒူးဆင်းကဒ်နဲ့ My Ooredoo App ကို ဒေါင်းလုပ်ရယူအသုံးပြုပြီး ကိုယ့်ရဲ့မိုဘိုင်းဖုန်းကနေတစ်ဆင့် FIFA World Cup Russia 2018 ကရင်ခုန်စိတ်လှုပ်ရှားစွာနဲ့အချိန်နေရာမရွေးမှာ ကြည့်ရှုခွင့်ရပြီဖြစ်ပါတယ်။"ဟု ပြောကြားသည်။

အူရီဒူးမှ ဘောလုံးဝါသနာရှင်ပရိတ်သတ်များအတွက် မိုဘိုင်းဖုန်းကနေ ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်တွေကို တိုက်ရိုက်ကြည့်ရှုခွင့်အပြင်ကမ္ဘာ့ဖလား ဘောလုံးပွဲကြီးတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် အသင်း ၃၂ သင်းကိုကိုယ်စားပြုတဲ့ ဖုန်းငွေဖြည့်ကဒ်တွေကိုအရေအတွက် အကန့်အသတ်ဖြင့်အထူး အစီအစဉ်အနေနဲ့ ထပ်မံပြီး ရောင်းချပေးမှာဖြစ်ပါသည်။ ကမ္ဘာ့ဖလားဘော လုံးပွဲကာလအတွင်း ထူးခြားသောအစီအစဉ်များပြုလုပ်ပေးမှာဖြစ်တဲ့အတွက် အူရီဒူးဆင်းကတ် အသုံးပြုသူများအနေဖြင့် အူရီဒူးမြန်မာ၏ တရားဝင် Facebook Page,Viber,Instagram နဲ့ ဝက်ဘ်ဆိုက်ကို မျက်ခြေမပြတ်စောင့် ကြည့်လိုက်ပါ။ သင့်အနေနဲ့ကမ္ဘာ့ဖလားဘောလုံးပွဲကို စိတ်လှုပ်ရှားရင်ခုန်စွာနဲ့အားပေးဖို့ အူရီဒူးဆင်းကတ်ကိုအသုံးပြုပြီး My Ooredoo App ကိုဒေါင်း လုပ်ရယူအသုံးပြုနိုင်ကြောင်း သိရသည်။

ကျော်ကျော်

## ကမ္ဘာ့အပြောင်းအလဲများတွင် ပါဝင် ဖိတ်ခေါ်-၆ ကြိမ်မြောက် တယ်လီနော




နော်ဝေနိုင်ငံ၊ အော်စလိုမြို့တွင် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်မှ ၁၁ ရက်အထိ ကျင်းပပြုလုပ်သွားမည် တယ်လီနောလူငယ်ဖိုရမ် (TYF) တွင် ပါဝင်လိုသူ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသူလူငယ်များ စတင်လျှောက်ထားနိုင်နေပြီဖြစ်ကြောင်းလျှောက်ထားသူသည် အသက် ၂၀ မှ ၂၈ နှစ်အတွင်းရှိပြီး အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်ပိုင်နိုင်ရမည်ဖြစ်ကာ ပညာအရည်အချင်းအနေနှင့် တက္ကသိုလ်တက်ရောက်ဆဲသို့မဟုတ်ပြီးဆုံးထားသူဖြစ်ရမည် လျှောက်လွှာများအား မေလ ၁၅ ရက်မှ ဇူလိုင်လ ၃၁ ရက်နေ့ အတွင်းလက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

တယ်လီနောလူငယ်ဖိုရမ်သည် တယ်လီနောလုပ်ငန်းစုနှင့်နိုဘယ်ငြိမ်းချမ်းရေးစင်တာ (NPC) တို့ပူးပေါင်းစီစဉ်သည့် ကမ္ဘာ့လုံးဆိုင်ရာ ဆွေးနွေးပွဲတစ်ခုဖြစ်သည်။ စစ်မှန်သော ကမ္ဘာ့အပြောင်းအလဲများကို ဖော်ဆောင်ရန်နှင့်ဆန်းသစ်ခေတ်မီသော နည်းလမ်းများအသုံးပြု၍ မညီမျှမှုများလျှော့နည်းသွားစေရန် လူငယ်များကဒစ်ဂျစ်တယ်နည်းပညာများကို အသုံးပြုကာစွမ်းဆောင်နိုင်မည်ဟုယုံကြည့်ထားသည့်အတိုင်း ဤဖိုရမ်ကိုစတင်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ယခင်ကျင်းပပြီးစီးခဲ့သည့် TYF ဖိုရမ် ၅ ကြိမ်တွင် မြန်မာနိုင်ငံကိုယ်စားပြုပါဝင်ခဲ့သူ လူငယ် ၈ ဦးရှိခဲ့ပြီးဖြစ်သည်။


"တယ်လီနော လူငယ်ဖိုရမ်က လူ့အဖွဲ့အစည်းအတွင်းမှာ လူမှုရေး၊ စီး ပွားရေးနဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ပြောင်းလဲမှုတွေကိုဦးဆောင်ဖို့ စိတ်အားထက်သန်တဲ့ ထူးချွန်လူငယ်တွေကို မွေးထုတ်ပေးတဲ့အစီအစဉ်တစ်ခုဖြစ်ပါတယ်။ ဒီလူငယ်တွေက သူတို့နေထိုင်နေတဲ့ ကမ္ဘာကြီးအတွက် အပြောင်းအလဲတွေ ဖန်တီးပေးချင်တဲ့ စိတ်ဆန္ဒတွေနဲ့အတူစိတ်ကူးစိတ်သန်းကောင်းတွေ၊ ကျွမ်းကျင်မှုတွေဟာ တယ်လီနောလူငယ်ဖိုရမ်မှာရရှိ လာမယ့်အတွေ့အကြုံတွေကြောင့် ပိုမိုတောက်ပလာမယ်လို့ မျှော်လင့်ပါတယ်၊ တယ်လီနောအနေနဲ့ မြန်မာလူငယ်တွေကိုဒီဖိုရမ်ကိုတက်ရောက်ဖို့ တိုက်တွန်းလိုပါတယ်။ တစ်ကမ္ဘာလုံးဆိုင်ရာ တိုးတက်ပြောင်းလဲမှုတွေမှာ တစ်ထောင့်တစ်နေရာကပါဝင်နိုင်ဖို့ ဒီဖိုရမ်ကိုတက်ရောက်ပြီး အစွမ်းအစတွေထုတ်ပြကြနိုင်ဖို့ လျှောက်ထားကြပါလို့ တိုက်တွန်းလိုပါတယ်"ဟုတယ်လီနောမြန်မာ၏အမှုဆောင်အရာရှိချုပ် Lars Erik Tellmann ကပြောကြားသည်။

တယ်လီနော လူငယ်ဖိုရမ်တက်ရောက်သူများသည် ဖိုရမ်နှင့်ပတ်သက် ပြီးတစ်နှစ်ကြာအချိန်ပေးရန်လိုအပ်မည်ဖြစ်ပြီး ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် အော်စလိုမြို့နှင့် ၂၀၁၉ ခုနှစ်၊ မေလတွင် ဘန်ကောက်မြို့များ၌ အသီးသီး ကျင်းပပြုလုပ်မည့်ဆွေးနွေးလုပ်ဆောင်မှုများအား စရိတ်ငြိမ်းသွားရောက်ပါဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း တယ်လီနောလုပ်ငန်းလည်ပတ်ရာနိုင်ငံအသီးသီးမှ ရွေးချယ်ခံရသည့် လူငယ်များအနေနှင့် အဆိုပါ TYF အစီအစဉ်တစ်လျှောက်လုံးတွင် ၎င်းတို့အတွက်သတ်မှတ်ထားသော အဖွဲ့ငယ်များတွင်ပါဝင်ကာအခြားရွေးချယ်ခံရသူများနှင့်အတူ ပျှမ်းမျှတစ်ပတ်လျှင် ၂ နာရီဝန်းကျင်ခန့် အွန်လိုင်းမှ

## အကျိုးအမြတ်များဆောင်ယူလာမည့် MPT Club မြန်မာ့လက်လီဈေးကွက်တွင် ထိပ်ဆုံးရပ်တည် မိတ်ဖက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွ

MPT ကထိပ်တန်းလက်လီအရောင်းဆိုင်များ၊ ဝန်ဆောင်မှုများနှင့်ပူးပေါင်း၍ MPT Club ဆန်းသစ်တီထွင်ထားသည့်အစီအစဉ်သစ်ကိုမေလ ၁၅ ရက်နေ့ကစတင်မိတ်ဆက်လိုက်ပြီး အဆိုပါအစီအစဉ်တွင် MPT သုံးစွဲသူများအသင်းဝင်ဖြစ်လာနိုင်မည့်အခွင့်အရေးနှင့်အတူ စိတ်လှုပ်ရှားဖွယ်ဆုလက်ဆောင်များ၊ အကျိုးအမြတ်များကိုရရှိနိုင်မည်ဖြစ်သည်။

MPT Club အဖွဲ့ဝင်များအတွက်ငွေဖြည့်သည့် အခါတိုင်းတွင်မိတ်ဖက်လုပ်ငန်းများ၏ ရှေ့ဆိုင်များတွင်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အသုံးပြုခြင်းတို့အတွက် ပွိုင့်များရရှိမည်ဖြစ်သည်။ ရရှိလာသည့်ပွိုင့်များကို MPT ၏ငွေဖြည့်လက်ဆောင်များ၊ ဒေတာများနှင့်လဲလှယ်နိုင်မည့်အပြင် မိတ်ဖက်ဆိုင်များတွင်လည်းကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများဖြင့်လဲလှယ်နိုင်မည်ဖြစ်သည်။ လက်ရှိတွင် MPT အနေဖြင့် abc Convenience store




## အူရီဒူးမြန်မာမှ သံလျင်မြို့နယ်တွင်ဆောက်လုပ်ပြီးစီးသွားသည့် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုကွန်ရက်ကို လွှဲပြောင်းပေးအပ်

ပြည်သူလူထုလိုအပ်ချက်ရှိသော ကိုယ်ဝန်ဆောင်မိခင်၊ မွေးကင်းစကလေးငယ်နှင့် ကလေးသူငယ်များအတွက် ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရန်ရည်ရွယ်ချက်ဖြင့် အူရီဒူးမြန်မာ၏ ငွေကြေးပံ့ပိုးမှုအပြည့်အဝဖြင့် ဆောက်လုပ်ပြီးစီးသွားသောပဏာမကျန်းမာရေးစောင့်ရှောက်မှုကွန်ရက်ကို ကျန်းမာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကိုရန်ကုန်တိုင်းဒေသကြီးသန်လျင်မြို့နယ်၊ စစ်ပင်ကွင်းကျေးရွာတွင်၊ မေလ(၈) ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။

ရန်ကုန်တောင်ပိုင်းခရိုင်၊ ဆေးရုံအုပ်ကြီးဖြစ်သော ဒေါက်တာဦးတိုးတိုး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ဒုတိယပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးဖြစ်သော ဒေါက်တာ ဦးနိုင်လင်း၊ အူရီဒူးမြန်မာအဖွဲ့သားများ၊ UNOPS မှတာဝန်ရှိသူများနှင့် စစ်ပင်ကွင်းကျေးရွာနှင့် အနီးတစ်ဝိုက်ရှိပြည်သူလူထုများက ပဏာမကျန်းမာရေးစောင့်ရှောက်မှုကွန်ရက် လွှဲပြောင်းပေးအပ်ခြင်းနှင့်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုကွန်ရက်တွင်ဆေးစစ်ခန်း၊ ကုသခန်း၊ သားဖွားခန်း၊ ကျန်းမာရေးစောင့်ရှောက်ကုသခန်း၊ လူနာနားနေခန်း၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်၊ ရေအရင်းအမြစ်ရရှိရေးနှင့် သိုလှောင်ရေးစနစ်ဒြေဆောင်တို့ပါရှိသည်။




အူရီဒူးမြန်မာမှ မြန်မာနိုင်ငံပြည်နယ်နှင့်တိုင်းဒေသကြီး ၈ ခုအတွင်းရှိ ကျေးလက်နှင့် မြို့ပြနှင့်ဝေးကွာသော ဒေသနေပြည်သူလူထုအတွက် အမေရိကန်ဒေါ်လာ ၃.၁ သန်းကိုမတည်မြုပ်နှံပြီး ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေးသူငယ်များ အသေအပျောက်နှုန်းကျဆင်းစေရန် ရည်ရွယ်ချက်ဖြင့် အခြေခံကျန်းမာရေးကွန်ရက် ၁၇ ခုကိုဆောက်လုပ်ရန်ကူညီလှူဒါန်းပေးခဲ့သည်။ ထိုကြောင့် အူရီဒူးအနေဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းတွင်အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန်အတွက် နိုင်ငံတကာအထင်ကရအဖွဲ့အစည်းဖြစ်သော UNOPS နှင့်ပူးပေါင်းခဲ့ပြီး UNOPS မှအခြေခံကျန်းမာရေးကွန်ရက်ဆောက်လုပ်ခြင်းကို ကြီးကြပ်စီမံပေးခဲ့သည်။

ယခင်က အဆိုပါဒေသရှိ ပြည်သူလူထုအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိရန်သံလျင်မြို့ပေါ်သို့သွားရောက်ခဲ့ရကြောင်း ယခုအခါတွင်အဆိုပါဒေသရှိ ပြည်သူလူထုသည်အူရီဒူးမြန်မာ၏ ပံ့ပိုးကူညီမှုဖြင့် အလိုအပ်ဆုံးဖြစ်သော အရည်အသွေးပြည့်ဝသည့်ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ခြင်းအကျိုးကို ခံစားခွင့်ရရှိမည်ဖြစ်သည်။

အူရီဒူးမြန်မာ၏ CEO ဖြစ်သော Mr.Vikram Sinha က"မြန်မာနိုင်ငံတစ်ဝှမ်းမှာ အခြေခံကျန်းမာရေးကွန်ရက် ၁၇ ခုကိုဆောက်လုပ်ပေးဖို့အူရီဒူးမြန်မာကပံ့ပိုးကူညီပေးထားတဲ့အတွက် မြန်မာပြည်သူလူထုအနေနဲ့အရည်အသွေးပြည့်ဝတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်တော့မှာပါ။ ဒါကြောင့် ကျွန်တော်အနေနဲ့ကိုယ်ဝန်ဆောင်မိခင် သေဆုံးနှုန်း၊ မွေးကင်းစကလေးအပါအဝင် ငါးနှစ်အောက်ကလေးသူငယ်များသေဆုံးနှုန်းတွေ လျော့ကျလာနိုင်ဖို့အတွက် ကာကွယ်နိုင်လိမ့်မယ်လို့မျှော်လင့်မိပါတယ်။ အဲဒီကနေတစ်ဆင့်သူတို့တွေကျန်းမာပျော်ရွှင်တဲ့ ဘဝတွေရရှိပိုင်နိုင်လိမ့်မယ်လို့ယုံကြည်ပါတယ်။" ဟုပြောကြားခဲ့သည်။

ကျော်ကျော်

## လိုသောလူငယ်များကို တယ်လီနော
## ငယ်ဖိုရမ်အတွက်စတင်လျှောက်ထားနိုင်ပြီ




တစ်ဆင့် စုပေါင်းဆောင်ရွက်လုပ်ကိုင်ရမည်ဖြစ်ပြီး၊ အဖွဲ့တစ်ဖွဲ့ ချင်းစီအတွက်ဒီဇင်ဘာလအတွင်းအော်စလိုမြို့တွင် အစီအစဉ်စတင်ကျင်းပချိန်၌ အဖွဲ့လိုက်ခေါင်းစဉ်များ သတ်မှတ်ပေးထားမည်ဖြစ်ပြီးအဆိုပါလူမှုရေးစိန်ခေါ်မှုများအား ဖြေရှင်းပေးနိုင်မည့် ဒစ်ဂျစ်တယ်နည်းလမ်းများအား အဖွဲ့လိုက်ပူးပေါင်းအဖြေရှာဖော်ထုတ်ရမည်ဖြစ်သည်။

အစီအစဉ်တစ်လျှောက်တွင်တယ်လီနောအုပ်စုမှ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များက လူငယ်များကိုညွှန်ကြားသင်ပြပေးခြင်းများပြုလုပ်ပေးမည်ဖြစ်သည်။ TYF အစီအစဉ်တစ်ခုလုံးတွင်သင်ပြပေးသူများက လူငယ်များကိုလက်တွေ့လုပ်ငန်းဆောင်ရွက်ခြင်းမှ ရရှိသည့်အတွေ့အကြုံများကို မျှဝေပေးရုံသာမက Service Design၊ Prototyping၊ Presenting၊ exhibiting နှင့် pitching စသည့်လက်ရှိကမ္ဘာ့တွင် ကျင့်သုံးနေသည့် ပညာရပ်များကို သင်ကြားပြသပေးမည်ဖြစ်ပြီး၂၀၁၇ ခုနှစ် TYFတွင်ပါဝင်သည့် လူငယ်များသည် အော်စလိုမြို့တွင် ယမန်နှစ်ဒီဇင်ဘာလမှစတင်က ၎င်းတို့၏ အဖွဲ့လိုက်လှုပ်ရှားမှုများကို စတင်ခဲ့ပြီးတာဝန်ကျရာ စိန်ခေါ်မှုများကိုဖြေရှင်းနိုင်ရေး ဒစ်ဂျစ်တယ်နည်းလမ်းများကိုစတင်ဒီဇိုင်းရေးဆွဲနေပြီဖြစ်သည်။ ဤလူငယ်များသည် အွန်လိုင်းလုံခြုံရေး၊ဒစ်ဂျစ်တယ်သက်သေခံ ID၊ လုပ်ငန်းခွင်အခြေအနေကောင်းမွန်ရေးနှင့် လူမှုပတ်ဝန်းကျင်ကောင်းမွန်ရေးအတွက် big data ကိုအသုံးပြုမှုစသည့်အကြောင်းအရာများကို ဖြေရှင်းနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ အဖွဲ့ငယ်များသည် ၎င်းတို့၏ လုပ်ငန်းစဉ်များ၏ထက်ဝက်ပြီးစီးနေပြီဖြစ်၍လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ရန် ယခုလတွင် ဘန်ကောက်မြို့၌ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ ထို့နောက်၎င်းတို့ဆောင်ရွက်နေသည့် ပရောဂျက်များကို နိုဘယ်ငြိမ်းချမ်းရေးစင်တာတွင်ခင်းကျင်းပြသသွားမည်ဖြစ်သည်။

တယ်လီနောလူငယ်ဖိုရမ် တစ်ခုပြီးဆုံးသည့်အခါတိုင်းအနိုင်ရရှိသည့်အဖွဲ့ကို ရွေးချယ်သွားမည်ဖြစ်ပြီး ၎င်းတို့၏စိတ်ကူးများကို အကောင်အထည် ဖော်နိုင်ရန် နော်ဝေးနိုင်ငံသုံးငွေကြေး ခရိုနာ ၁သိန်း(ကန်ဒေါ်လာ ၁၅၀၀၀) အားရင်းနှီး မတည်ငွေအဖြစ် တယ်လီနောကပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ကျော်

## မြန်မာနိုင်ငံတဝန်း
## ကွန်ရက်အရည်အသွေးများအား စစ်ဆေးရန်
## တယ်လီနော 4G Leo ခရီးစဉ်စတင်

တယ်လီနောမြန်မာ၏ ကွန်ရက်ဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ 4G Leo သည် မန္တလေးတိုင်းဒေသကြီးရှိ အဓိကမြို့ကြီး ၄ မြို့သို့ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ တယ်လီနောကွန်ရက်၏အရည်အသွေးကို လိုက်လံစစ်ဆေး မှုကို မေလ ၁၁ ရက်ကစခဲ့ပြီး ရက်သတ္တပတ်တစ်ပတ်ကြာမြင့်သည့်ခရီးစဉ်အတွင်း 4G Leo သည်မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာ၊ မန္တလေး၊ ပြင်ဦးလွင်နှင့်မိုးကုတ်မြို့များသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ပြီး ကွန်ရက်အရည်အသွေးများအား လိုက်လံစစ်ဆေးကာ ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများအား ပေးအပ်နိုင်ရေးအတွက် ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံ၍ ထင်မြင်ချက်များ၊ အကြံပြုချက်များရယူသွားမည်ဖြစ်ကြောင်းသိရသည်။

"ကွန်ရက်အရည်အသွေးစစ်ဆေးဖို့နဲ့ အသုံးပြုသူတွေဆီကနေအကြံပေးမှုတွေကို ကိုယ်တိုင်တွေ့ဆုံပြီး နားထောင်နိုင်ဖို့အတွက် ဒီဒုတိယအကျော့ ခရီးစဉ်စတင်တော့မှာဖြစ်တာကြောင့်ကျွန်တော်အရမ်းကို စိတ်လှုပ်ရှားမိပါတယ်။ ကျွန်တော်တို့ကွန်ရက်အသုံးပြုသူတွေရဲ့အကြံပေးမှုကြောင့် ဝန်ဆောင်မှုတွေပိုမိုကောင်းမွန်လာအောင်တည်ဆောက်လို့ရတာဖြစ်လို့ ဒီလိုအကြံပေးမှုတွေကို အလွန်တန်ဖိုးထားရတာပဲဖြစ်ပါတယ်။ အသုံးပြုသူတွေအတွက် အကောင်းဆုံးသောဝန်ဆောင်မှုတွေကိုပေးအပ်နိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်နဲ့ အညီကျွန်တော်တို့ရဲ့ ကွန်ရက်အရည်အသွေးနဲ့ လွှမ်းခြုံမှုကို ဘယ်လိုကောင်း မွန်အောင်ဆောင်ရွက်ရမလဲဆိုတဲ့ နည်းလမ်းတွေကိုအစဉ်တစိုက်ရှာဖွေနေပါတယ်။ မိတ္ထီလာ၊ မန္တလေး၊ ပြင်ဦးလွင်နဲ့ မိုးကုတ်မြို့တွေက အသုံးပြုသူတွေနဲ့ တွေ့ဆုံပြီးအင်တာနက်ချိတ်ဆက်မှုကြောင့် ရရှိမယ့်အကျိုးကျေးဇူးတွေကိုအပြည့်အဝအသုံးချနိုင်ဖို့ ကူညီသွားမှာ ဖြစ်ပါတယ်"ဟု 4G Leo ကပြော ကြားသည်။

4G Leo ကွန်ရက်စစ်ဆေးမှုအစီအစဉ်တရားဝင်စတင်မှုကို ရန်ကုန်မြို့ ရှိ တယ်လီနောရုံးချုပ်တွင် ဧပြီလ ၂ ရက်နေ့က ပြုလုပ်ခဲ့ကြောင်းယင်းအခမ်း အနားကို တယ်လီနောအမှုဆောင်အရာရှိချုပ် Lars Erik Tellmann နှင့် အတူတယ်လီနောလုပ်ငန်းစု၏ ဥက္ကဋ္ဌနှင့်အမှုဆောင်အရာရှိချုပ် Sigve Brekke တို့တက်ရောက်ခဲ့သည်။ 4G Leo သည်အစီအစဉ်၏ ပထမဦးဆုံး သောခရီးစဉ်အဖြစ် ဧပြီလအတွင်းရန်ကုန်မြို့တစ်ဝိုက်တွင် တယ်လီနောကွန် ရက်အရည်အသွေးကို စစ်ဆေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

4G Leo အနေဖြင့် အဆင့်မြင့်နည်းပညာသုံး ကွန်ရက်စစ်ဆေးမှုကိရိ ယာများတပ်ဆင်ထားသော အထူးမော်တော်ယာဉ်ဖြင့်နိုင်ငံအနှံ့ လှည့်လည် ကာဒေသခံများနှင့်တွေ့ဆုံခြင်း၊ ကွန်ရက်အရည်အသွေး တိုင်းတာစစ်ဆေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခု ၂၀၁၈ နှစ်အတွင်းမြန်မာ နိုင်ငံမြောက်ပိုင်း၊ တောင်ပိုင်းနှင့်အရှေ့ပိုင်းဒေသများသို့ ခရီးစဉ် ၅ ကြိမ်ထွက်ခွာရန် စီစဉ်ထားကြောင်း ယင်းခရီးစဉ်များမှ နေ၍ဒေသအလိုက်ကွန်ရက်အခြေအနေများကို ပိုမိုသိရှိလာမည်ဖြစ်ရာဈေးကွက်အတွင်း အမြန်ဆုံးကွန်ရက်အဖြစ်ဦးဆောင်နေသော တယ်လီနော၏ကွန်ရက်အနေအထားကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်အတွက် ကွန်ရက်အရည်အသွေး ပိုမိုကောင်းမွန်စေရေး လုပ်ဆောင်ချက်များကိုအထောက်အကူပြုစေမည်ဖြစ်ကြောင်းသိရသည်။

ကျော်ကျော်

## b ကို MPT
## နေသော
## က်




s,City Mart,ခိုင်ခိုင်ကျော်မြန်မာထမင်းဆိုင်၊ MarryBrown၊ Pro1၊ HomeCenter၊ SHWE LAR SHABU SHABU ဟော့ပေါ့၊ Shwe Taung Real Estate နှင့် Wai Yan Electronic နှင့်ပူးပေါင်းဆောင်ရွက်နေပြီး၊ ထပ်မံပူးပေါင်းမည့်မိတ်ဖက်ဆိုင်များက တစ်ဆင့်လည်းသုံးစွဲသူများအတွက် အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်သည်။

MPT သုံးစွဲသူအနေဖြင့် MPT Club ကိုမှတ်ပုံတင်စဉ်တွင်ပွိုင့် ၅၀ ရရှိမည်ဖြစ်ပြီး၊ ကြိုတင်ငွေဖြည့်ခြင်း(သို့) Auto Paid ပေးဆောင်တိုင်းတွင်ပွိုင့်များစတင်ရရှိမည်ဖြစ်ကာ ၁ ပွိုင့်လျှင် ၂၀၀ကျပ်သတ်မှတ်ထားပြီးငွေဖြည့်ကတ်တစ်သောင်းလျှင် ၅၀ရရှိမည်ဖြစ်သည်၊ စတင်မိတ်ဆက်ခြင်းအထူးအစီအစဉ်အဖြစ် MPT Club အဖွဲ့ဝင်များသည်ပရိုမိုးရှင်းကာလဖြစ်သော ၂၀၁၈ ဇွန်လအကုန်ထိငွေဖြည့်တိုင်း၊ ပွိုင် ၂ ဆခံစားခွင့်ရရှိမည်ဖြစ်ပြီး MPT Club အဖွဲ့ဝင်တိုင်းအတွက်မိတ်ဖက်အဖွဲ့အစည်းများထံမှအထူးဈေးနှုန်းနှင့် လျှော့ဈေးများရယူခံစားနိုင်ကြောင်းလည်းသိရသည်။

MPT သုံးစွဲသူများအနေဖြင့် *345# ကိုခေါ်ဆိုပြီး MPT Club အဖွဲ့ဝင်ဖြစ်လာစေရန်အတွက်၊ ကုန်ကျစရိတ်မရှိဘဲအဖွဲ့ဝင်နိုင်မည်ဖြစ်ပြီး ပွိုင်များရယူနိုင်မည်ဖြစ်သည်။ ယခုအစီအစဉ်အတွက်အသေးစိတ်ကို www.facebook.com/mptofficialpage တွင်လည်းဝင်ရောက်လေ့လာနိုင်ကြောင်းလည်းသိရသည်။

လှမျိုး၊သဇင်

## အူရီဒူးမြန်မာမှ အရည်အသွေးပြည့်ဝသော
## ဝန်ထမ်းများကို ရှာဖွေခန့်ထားနိုင်ရန်
## Mandalay Recruitment Fair 2018 တွင် ပြသ

အာရှအကောင်းဆုံးအလုပ်ရှင်ဆု ၂၀၁၇ ခုနှစ်ကို ရရှိထားသော အူရီဒူးမြန်မာသည် My Job မှ ဦးဆောင်ကျင်းပသော Mandalay Recruitment Fair 2018 အလုပ်အကိုင်ပြပွဲကျင်းပရန် Diamond စပွန်ဆာအဖြစ် ပံ့ပိုးကူညီပေးခဲ့ကြောင်း၊ အဆိုပါ အလုပ်အကိုင်ပြပွဲကို မန္တလေးမြို့ရှိ ရွှေပြည်သာဟိုတယ်တွင် မေ (၂၀) ရက်နေ့ နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀ နာရီအထိ ကျင်းပပြုလုပ်ခဲ့သည်။

ယခုကျင်းပသည့် စိတ်ဝင်စားမှုအများဆုံးရရှိသော အလုပ်အကိုင်ပြပွဲကို မန္တလေးမြို့၏ အထင်ကရနေရာတွင် ကျင်းပခြင်းဖြစ်ပြီး ထောင်ပေါင်းများစွာသော အလုပ်အကိုင်ရှာဖွေသူများမှ မိမိတို့နေထိုင်ရာဒေသအတွင်းရှိ ထိပ်တန်း အလုပ်ရှင်များနှင့်တွေ့ဆုံပြီး အလုပ်လျှောက်ထားခွင့်ရရှိမည်ဖြစ်သည်။ အရည်အချင်းပြည့်ဝသူများက အူရီဒူးမြန်မာ၏ အရောင်းနှင့်ဖြန့်ချိရေးဌာန၊ B2B ဌာန၊ လူသားအရင်းအမြစ်ဌာန၊ သုံးစွဲသူဝန်ဆောင်မှုဌာနနှင့် ဘဏ္ဍာရေးဌာနတို့တွင် လိုအပ်လျက်ရှိသော ရာထူးမျိုးစုံကို မန္တလေး၊ တောင်ကြီး၊ စစ် ကိုင်း၊ ကျိုင်းတုံ၊ လားရှိုး၊ ညောင်ဦး၊ ဒီမောဆိုး၊ တာချီလိတ်၊ လွိုင်ကော်နှင့် ပင်းတယဒေသတို့တွင် အလုပ်လုပ်ကိုင်နိုင်ရန်အတွက်လာရောက်လျှောက်ထားနိုင်ခဲ့ကြသည်။

အူရီဒူးမြန်မာသည် နိုင်ငံတကာအဆင့်မြင့် ဆက်သွယ်ရေး ကုမ္ပဏီတစ်ခုဖြစ်ပြီး စိန်ခေါ်မှုပြည့်ဝနေသော အလုပ်အကိုင်ပတ်ဝန်းကျင်တွင် အလုပ်အကိုင် တိုးတက်မှုအခွင့်အလမ်းများနှင့်အတူ လုပ်ကိုင်လိုသူများကို ကြိုဆိုလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်

## MPT က Game Loft နှင့်သုတမြေအက်ပလီကေးရှင်းဝန်ဆောင်မှုတို့ ပူးပေါင်းပြီး၊ ဝန်ဆောင်မှုပေးမည်

MPT ကသုံးစွဲသူများအတွက်မိုဘိုင်းဂိမ်းများကို အကန့်အသတ်မရှိကစားနိုင်မည့်ဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်အတွက် Game Loft နှင့်ပူးပေါင်းလိုက်ပြီဖြစ်ကြောင်း သုံးစွဲသူအနေဖြင့်ဝန်ဆောင်မှုကိုတစ်ရပ်လျှင် ၂၀၀ ကျပ်နှုန်းဖြင့်ရယူနိုင်မည်ဖြစ်ပြီး Mobile ဖုန်းထဲမှတစ်ဆင့်ဂိမ်းထဲတွင်ပါ ဝင်သည့် ပစ္စည်းများကိုဝယ်ယူသည့် In-App purchases ဝယ်ယူခြင်းကို လည်း ၁၀၅ ကျပ်မှစတင်ဝယ်ယူနိုင်မည်ဖြစ်သည်။ စတင်သုံးစွဲသော MPT သုံးစွဲသူများအတွက် ၇ ရက်အခမဲ့အသုံးပြုခွင့်ရရှိမည်ဖြစ်သည်။

Game Loft မှ Asphalt၊ Real Football၊ Modern Combatနှင့် Nova: Near Obit Vanguard Alliance အစရှိသော၊ နာမည်ကြီးဂိမ်းအမျိုးအစားများကို တရားဝင်ဖြန့်ချီခွင့်ရရှိထားပြီး၊ MPT သုံးစွဲသူများအတွက် Cricket၊ SuperQuad Bikes၊ Boat Racingနှင့် Hero of Sparta ကဲ့သို့ကစားနည်းများကို အထူးအနေဖြင့် MPT သုံးစွဲသူများ၊ ရယူကစားနိုင်ရန် ဆောင်ရွက်ပေးထားသည်။

အန်းဒရွိုက်စနစ်သုံးမိုဘိုင်းဖုန်း၊ တက်ဘလက်များကိုအသုံးပြု၍(http://wapshop.gameloft.com/mpt/မှတစ်ဆင့်အကောင်းဆုံးဆုမိုဘိုင်းဖုန်းများကိုရယူနိုင်မည်ဖြစ်သည် ယခုဝန်ဆောင်မှုကို ရယူရန်မှတ်ပုံတင်ခြင်းပြုလုပ်ရမည်ဖြစ်သည်။ ဂိမ်းများကိုအကန့်အသတ်မရှိ ဒေါင်းလုတ်ပြုလုပ်ကစားနိုင်မည်ဖြစ်ပြီး၊ ဝန်ဆောင်မှုကိုရပ်တန့်လိုပါက အချိန်မရွေးပယ်ဖျက်နိုင်ကြောင်းလည်းသိရသည်။

ဆက်လက်၍ MPT က Myanmar Media Linkage နှင့်ပူးပေါင်းပြီး နိုင်ငံတစ်ဝှမ်းရှိတောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်သားများအတွက် သုတမြေမိုဘိုင်းအက်ပလီကေးရှင်းကို မိတ်ဆက်လိုက်ပြီးအဆိုပါအက်ပလီကေးရှင်းတွင်စိုက်ပျိုးရေးနှင့် ပတ်သက်သောမေးခွန်းများကိုစိုက်ပျိုးရေးပညာရှင်များက ၃ ရက်အတွင်းပြန်လည်ဖြေကြားပေးသွားမည်ဖြစ်သည်။

ထို့ပြင်ကုန်စည်ဈေးနှုန်းများ၊ ရာသီဥတုခန့်မှန်းချက်များ၊ ကျန်းမာရေးသတင်းများအပြင်တောင်သူလယ်သမားများအတွက် လယ်ယာထွက်ကုန်အထွက်တိုးလာစေရန်နှင့် စိုက်ပျိုးရေးနည်းလမ်းသစ်များကိုလေ့လာနိုင်မည့်အက်ပလီကေးရှင်းဖြစ်သည်။ ဒါ့ပြင်ကျေးလက်လူနေမှုဘဝနှင့် ဆက်နွယ်သောသတင်းဆောင်းပါးများပါဝင်သည့် ၂ ပတ်တစ်ကြိမ်ထုတ်ဒီဂျစ်တယ်မဂ္ဂဇင်းတစ်ခုကို ဖတ်ရှုနိုင်မည်ဖြစ်ပြီးယခုဝန်ဆောင်မှုကို တစ်ရက် ၁၀၆ ကျပ် (ကုန်သွယ်ခွန်ပါဝင်ပြီး)ရယူနိုင်မည်ဖြစ်သည်။ သုတမြေဝန်ဆောင်မှုကိုရယူရန်အတွက် 8834 သို့ TTM ဟု SMS ပေးပို့ရမည်ဖြစ်ပြီး၊ ပြန်လည်ပေးပို့လာသည့်လင့်ခ်မှတစ်ဆင့် အက်ပလီကေးရှင်းကိုဒေါင်းလုတ်ရယူနိုင်မည်ကိုလည်းသိရသည်။




လှမျိုး၊သဇင်

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် Brilliance Martime Training Centre (BMTC) တို့ပူးပေါင်းဖွင့်လှစ်သည့် ကျွမ်းကျင်မှုဆိုင်ရာ အထောက်အကူပြု သင်္ဘောသားသင်တန်း (Rating Plus Course) ဆင်းပွဲ ကျင်းပ







ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် Brilliance Maritime Training Centre (BMTC) တို့ပူးပေါင်းဖွင့်လှစ်သည့် ကျွမ်းကျင်မှုဆိုင်ရာအထောက်အကူပြုသင်္ဘောသားသင်တန်း (Rating Plus Course) ဆင်းပွဲအခမ်းအနားကို မေလ (၁၀)ရက်၊ မွန်းလွဲ (၁း၃၀)နာရီတွင် MMU အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်၊ ဘာသာရပ်ဆိုင်ရာဌာနမှူးများ၊ Brilliance Maritime Training Centre (BMTC) မှ ကျောင်းအုပ်ကြီး ကပ္ပတိန် မျိုးညွန့်အောင်နှင့် သင်တန်းသား (၁၉)ဦးတက်ရောက်ခဲ့ကြောင်း သိရှိရသည်။

ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်မှအဖွင့်အမှာစကားပြောကြားပြီး Brilliance Maritime Training Centre (BMTC) မှ ကျောင်းအုပ်ကြီး ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ရှင်းလင်းပြောကြားပါသည်။ ထို့နောက် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များအား ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသားတစ်ဦးမှ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

Rating Plus Course သင်တန်းဖွင့်လှစ်ခြင်းနှင့် မြန်မာသင်္ဘောသားများအနေဖြင့် အခြားနိုင်ငံသားသင်္ဘောသားများနှင့် အလုပ်အကိုင်များရရှိရေးအတွက် ယှဉ်ပြိုင်အရွေးခံရာတွင် ကျွမ်းကျင်မှုများရရှိစေရန်၊ အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောဆိုနိုင်စေရန်၊ အဖွဲ့အစည်းများအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အတွေ့အကြုံများရရှိစေရန်၊ ပညာရပ်ပိုင်းဆိုင်ရာ စာတွေ့လက်တွေ့ များအပြင် စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုများ၊ ကာယပိုင်းဆိုင်ရာ ကြံ့ခိုင်မှုများ၊ အတွေးအခေါ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ် ပြီး သင်တန်းသား (၁၉)ဦးအနက် ၉၀ ရာခိုင်နှုန်းအား သင်တန်းတက်ရောက်နေစဉ်ကာလအတွင်းတွင် ပြည်ပသင်္ဘောလိုင်းမှအလုပ်ခန့်ထားရန် လာရောက်ရွေးချယ်ထားပြီ ဖြစ်ကြောင်းနှင့် သင်္ဘောသားများအလုပ်အကိုင်ရရှိစေရေးအတွက် Rating Plus Course သင်တန်းအားစဉ်ဆက်မပြတ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

MMU

# ပြည်တွင်း၊ ပြည်ပခရီးသွားများစိတ်ဝင်စားလာ ရောက်သည့် နှစ် (၁၀၀)ကျော်ရှိကလောဘူတာ

ရှမ်းပြည်နယ်(တောင်ပိုင်း)သို့လာရောက်ကြသောပြည်ပနိုင်ငံခြားခရီးသွားများ၊ ပြည်တွင်းဘုရားဖူးခရီးသွားများက လောမြို့သို့ရောက်လျှင် နှစ်(၁၀၀)ကျော်ရှိကလောဘူတာသို့အရောက်သွား၍ ဘူတာနောက်ခံ၊ ဘူတာပတ်ဝန်းကျင်၊ နောက်ခံထားအမှတ်တရ ဓာတ်ပုံရိုက်ခြင်း၊ ဘူတာအားလေ့လာခြင်းများပြုလုပ်ကြကြောင်းဒေသခံများမှသိရသည်။

### ဘူတာသမိုင်း

ကလောဘူတာသည် ပင်လယ်ရေမျက်နှာပြင်အမြင့် ၄၃၉၉ ပေ၊ မန္တလေးတိုင်းဒေသကြီးသာစည်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်ရထားလမ်းပိုင်းကပ် အဓိကဘူတာတစ်ခုဖြစ်ပြီး၊ ဘူတာကိုစစ်ကြိုခေတ် ၁၉၁၅ ခုနှစ်က အုပ်ကြွပ်မိုး၊ အလျား ၇၆ ပေ၊ အနံ၃၃ပေ၊ အမြင့်၁၈ပေ (ကြမ်းခင်းဧရိယာ ၂၇၁၈.၂၅စတုရန်းပေ)ရှိကြောင်း(၁၉၈၈ ခုနှစ်မတိုင်မီဘူတာမြေဧရိယာ ၁၃၆.၂၁၀ဧကရှိပြီး၊ နောက်ပိုင်းဘူတာမြေဧရိယာမှာ ၂၆.၄၀၄ဧကရှိကြောင်း၊ ဘူတာယာဒ်ဝန်းတွင်ဘူတာ (၁)လမ်းအရှည်-၁၃၁၄ပေ၊ ဘူတာ (၂)လမ်းအရှည် ၁၄၆၂ပေ၊ ဘူတာ(၃)လမ်းအရှည်-၉၀၀၊ ဒီလိုမိုက်ဆိုက်ဒင်-၂၉၀ပေနှင့်အရာရှိဆိုက်ဒင် ၅၈၀ပေ ရှိသည်။

### ဘူတာအတွင်းရှိအဆောက်အဦများ

၁၉၈၈ ခုနှစ်မတိုင်မီက ဘူတာအဆောက်အဦတစ်လုံး၊ ဧည့်ရိပ်သာတစ်လုံး၊ အငယ်တန်းအင်ဂျင်နီယာလုပ်ငန်းရုံးတစ်လုံး၊ အငယ်တန်းအင်ဂျင်နီယာသံလမ်းရုံးတစ်လုံး၊ အင်ဂျင်နီယာဂိုဒေါင်သုံးလုံး၊ ဝန်ထမ်းအိမ်ယာ (၁၀)လုံးရှိခဲ့ပြီး၊ ၁၉၈၈ခုနှစ် နောက်ပိုင်းတွင်တိုင်းအမှတ်(၄)ရုံးတစ်လုံး၊ ဈေးဆိုင်ခန်းတစ်လုံး၊ ဝန်ထမ်းအိမ်ယာ (၁၁)လုံးအသစ်ဆောက်လုပ်ထားသည်။

### ရထားလမ်းပိုင်းအခြေအနေ

သာစည်-ရွှေညောင်ရထားလမ်းပိုင်းအား ၁၉၀၉ ခုနှစ်တွင်စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၂၁ ခုနှစ်တွင်ရထားလမ်းပိုင်းအားဖွင့်လှစ်ခဲ့ပြီး ကလောဘူတာနှင့်အောင်ပန်းဘူတာသို့ ၁၉၁၅ ခုနှစ်တွင် ရထားလမ်းရောက်ရှိခဲ့သည်။

### ခရီးသည်ရထားစီးနင်းမှု

ကလောဘူတာ၌ခရီးသည်ရထားစီးနင်းမှုမှာ ၂၀၁၆ ခုနှစ်တွင် နိုင်ငံခြားသား ၅၂၃၃ ဦး၊ နိုင်ငံသား ၃၁၃၇၃ ဦး၊ စုစုပေါင်း ၂၆၆၀၆ ရှိပြီး၊ ၂၀၁၇ ခုနှစ်တွင်နိုင်ငံခြားသား ၆၀၃၄ဦး၊ နိုင်ငံသား ၂၈၂၇၅ဦး၊ စုစုပေါင်း ၃၄၃၀၉ ဦးရှိခဲ့ကြောင်း နိုင်ငံခြားသားရထားစီးနင်းရာတွင်ပြင်သစ်နိုင်ငံသား၊ ဂျာမဏီနိုင်ငံသားတို့ အများဆုံးဖြစ်သည်။

### ဘူတာဖွံ့ဖြိုးတိုးတက်ရေး

တိုင်းအမှတ်(၄)နယ်မြေအတွင်းရှိ နှစ်၁၀၀ကျော်ရှိ ကလောဘူတာသည်နိုင်ငံခြားသားနှင့် ပြည်တွင်းဘုရားဖူးများလာရောက်လည်ပတ်ခြင်း၊ အမှတ်တရဓာတ်ပုံမှတ်တမ်းရိုက်ခြင်း၊ ဘူတာရုံအားလေ့လာလျှက်ရှိကြသဖြင့် 



ကလောဘူတာဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရေးနှင့် ဌာနဝင်ငွေရရှိစေရေးအတွက်(Conceptual Plan)များ ရေးဆွဲတင်ပြထားကြောင်းသိရသည်။

### ဒေသခံများ၏ဆန္ဒ

ကလောဘူတာသည် စစ်ကြိုခေတ်၁၉၁၅ခုနှစ်က တည်ဆောက်ထားခဲ့သည့်အတွက် နှစ်(၁၀၀)ကျော်ရှိပြီး၊ ဘူတာပတ်ဝန်းကျင်ရှိသဘာဝတောတောင်ရေမြေ ရှုခင်းများနှင့် ဟဲပိုးဘူတာနှင့် ရွှေညောင်ဘူတာကြားရှိ ထင်ရှားကျော်ကြားသောဘဝသံသရာတံတား၊ အကွေ့အကောက်အဆင်းအတက်များရှိသည့် ဆင်တောင်လမ်းပိုင်းတို့ဖြင့် ခရီးသွားများတိုးတက်လာစေရန်ဆောင်ရွက်မှုများပြုလုပ်ရန်နှင့် နှစ်(၁၀၀)ကျော်ရှိကလောဘူတာအားရှေးမှုမပျက်ထိန်းသိမ်းဆောင်ရွက်စေချင်ကြောင်းဒေသခံများမှသိရသည်။

ကျော်ကျော်

# ရန်ကုန်မြစ်အတွင်း သင်္ဘောကြီးများဝင်ထွက်ရာတွင် အဆင်ပြေစေရေးအတွက် အကြီးစားသောင်တူးခြင်းလုပ်ငန်းများစတင်




နိုင်ငံတွင်းသို့ သွင်းကုန်ပို့ကုန်များ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် သင်္ဘောကြီးများ နေ့စဉ်နှင့်အမျှ ဝင်၊ ထွက်သွားလာရာတွင် အဆင်ပြေစေရန် ရန်ကုန်မြစ်ကြောင်းအကြီးစား သောင်တူးဖော်ရေးလုပ်ငန်းများဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သောင်တူးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စင်ကာပူနိုင်ငံမှ MV.REEM ISLAND သောင်တူးသင်္ဘောကြီးမှာ မေ ၁၄ ရက် မွန်းလွဲပိုင်းက သီလဝါဆိပ်ကမ်းအနီးသို့ရောက်ရှိပြီး သောင်တူးခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

“အရင်က ရေစူးကိုးမီတာရှိတဲ့ သင်္ဘောတွေလောက်ပဲဝင်နိုင်တယ်။ ရေလမ်းကြောင်းဟာ အရင်ထက်ပိုနက်လာမယ်ဆိုရင် ရန်ကုန်မြစ်ထဲကို ရေစူးကိုးမီတာကျော်အထက်ရှိတဲ့ သင်္ဘောကြီးတွေ နေ့စဉ်နီးပါးဝင်နိုင်မယ်” ဟု မြန်မာ့ ဆိပ်ကမ်းအာဏာပိုင်ရေကြောင်းဌာနမှ ဌာနမှူး ဦးအောင် ကျော်ထူးကပြောသည်။

ရန်ကုန်မြစ်အတွင်း ရေစူး ၉ မီတာအနက်ရှိ ကုန်တင်သင်္ဘောကြီးများ ဝင်ထွက်ရာတွင် ရေလမ်းကြောင်းအဆင်ပြေစေရေးအတွက် သောင်တူးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လွန်ခဲ့သည့်တစ်နှစ်ခွဲကာလမှစ၍ တင်ဒါခေါ်ယူခဲ့ခြင်းဖြစ်ပြီး စက်ပူအခြေစိုက် STARHIGH ASIA PACIFIC LTD မှတင်ဒါအောင်မြင်ခဲ့ကာ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နှင့်စာချုပ်ချုပ်၍ လုပ်ငန်းများစတင်ဆောင်ရွက်နေခြင်းဖြစ်သည်။

“ကျွန်တော်တို့က ငါးနှစ်စီမံကိန်းသောင်တူးဖော်ဖို့အတွက် ပထမနှစ်စာချုပ်ပါအတိုင်း ရေလမ်းကြောင်းမှာ အပြင်စည်းခုံမှာ ၅ မီတာရရှိရေးနဲ့အတွင်းစည်းခုံမှာ ၄ ဒသမ ၇ မီတာရရှိရေးအတွက်ကို ကျွန်တော်တို့က ဆောင်ရွက်မှာဖြစ်ပါတယ်။ အချိန်မရွေး အပြင်စည်းခုံမှာ ၅ မီတာ ရရှိရမယ်။ အတွင်းစည်းခုံမှာ ၄.၇ မီတာ ရရှိရမယ်ဆိုတဲ့စာချုပ်နဲ့ လက်ရှိသွားထားပါတယ်”ဟု STARHIGH ASIA PACIFIC LTD မှ အထွေထွေမန်နေဂျာ ဦးဘုန်းခိုင်ရွှေက ပြောသည်။

ယင်းသို့ သောင်တူးခြင်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် အဓိကထားလုပ်ဆောင်မည့်နေရာများနှင့်ပတ်သက်၍ ဌာနမှူးဦးအောင်ကျော်ထူးက “အဓိကက အပြင်စည်းခုံဖြစ်တဲ့ ရန်ကုန်မြစ်ဝပတ်ဝန်းကျင်နဲ့ အတွင်းစည်းခုံဖြစ်တဲ့ သန်လျက်စွန်းနားမှာတူးမှာပါ။ တစ်လခွဲ၊ နှစ်လလောက်ကြာမယ်၊ သန်လျက်စွန်းနေရာက သဘာဝအရ နုန်းတွေ၊ သဲတွေပို့ချသလိုဖြစ်နေတဲ့အတွက် အမြဲစောင့်ကြည့်ရတယ်၊ ကျွန်တော်တို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှာရှိတဲ့ အသေးစားသောင်တူးသင်္ဘောလေးစင်းနဲ့လည်း သောင်တူးတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်”ဟု ဌာနမှူးဦးအောင်ကျော်ထူးက ပြောသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် STARHIGH ASIA PACIFIC LTD တို့အကြား စာချုပ်အရ တစ်နှစ်စာချုပ်အတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၅ သန်းကုန်ကျမည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီအနေဖြင့် ယခုနှစ်မှစတင်၍ ငါးနှစ်ကြာရန်ကုန်မြစ်အတွင်း သောင်တူးခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ရရှိထားပြီး စာချုပ်ကို တစ်နှစ်တစ်ခါချုပ်ဆို၍ လုပ်ငန်းများဆောင်ရွက်မည်ဖြစ်သည်။ ထိုသို့ သောင်တူးခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အတွင်းစည်းခုံကို ၄ ဒသမ ၇ မီတာ အနက်တူးပြီး အပြင်စည်းခုံကို ၅ မီတာအထက် တူးပေးကာ ရေလမ်းကြောင်းတစ်လျှောက် ၉ မီတာအနက်ရှိသင်္ဘောကြီး များ နေ့စဉ်ဝင်ထွက်သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ရန်ကုန်မြစ်ဝအတွင်း သောင်တူးခြင်းလုပ်ငန်းများကို ကြီးမားသည့် သောင်တူးသင်္ဘောများဖြင့် ၂၀၁၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် တစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး ယခုအကြိမ်မှာ တတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

# ပြည်သူ့လွှတ်တော် အမေး / အဖြေကဏ္ဍ

## ချင်းတွင်းမြစ်ကြောင်းအန္တရာယ် ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ကြိုးစားဆောင်ရွက်သွားမည်

မေလ ၁၆ရက်နေ့တွင်ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေက ချင်းတွင်းမြစ်ကြောင်းအန္တရာယ်ကင်းရှင်း၍ လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် နှစ်စဉ်မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်က ချင်းတွင်းမြစ်ရေလမ်းကြောင်းပြုပြင်ထိန်းသိမ်းရန်အတွက် မြစ်ကြောင်းအလျားကိုတိုင်းတာသည့်အခါ ၈၁၇ကီလိုမီတာတွင် ပြုပြင်ရန်မလိုသည့် ၄၈၅ကီလိုမီတာ၊ ပြုပြင်ပြီး ၄၀ကီလိုမီတာ ထပ်မံပြုပြင်ရန်လိုအပ်သည့်ကီလိုမီတာအလျားပေါင်း ၂၉၂ကီလိုမီတာဖြစ်ပါကြောင်း။ ၂၀၁၅- ၂၀၁၆ ခုနှစ်၊ ၂၀၁၆- ၂၀၁၇ ခုနှစ်၊ ၂၀၁၇- ၂၀၁၈ ခုနှစ်သုံးနှစ်အတွင်း ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို ၁၀နေရာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၇၀နေရာ စုစုပေါင်းနေရာ ၈၀ဆောင်ရွက်ထားပါကြောင်း။ ၂၀၁၈- ၂၀၁၉ ခုနှစ်မှ ၂၀၂၀- ၂၀၂၁ ခုနှစ်အထိ နောင်သုံးနှစ်အတွင်း ဟုမ္မလင်း- မော်လိုက်တွင် ၁၃နေရာ၊ ပြုပြင်ရန်လိုအပ်သော်လည်း ငါးနေရာနှင့် မော်လိုက်- မုံရွာ ၁၁နေရာတွင် ကိုးနေရာသာ ပြုပြင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။ မုံရွာ- ချင်းတွင်းဝတွင် ၅နေရာ ပြင်ဆင်ရန်လျာထားပါကြောင်း။ ဌာနအနေဖြင့် နှစ်စဉ်ဆောင်ရွက်ရန်အစီအမံများပါရှိပါကြောင်း။ ဘဏ္ဍာငွေရရှိမှုအပေါ်တွင်မူတည်၍ ကြိုးစားသွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၆- ၂၀၁၇ ခုနှစ်၊ ၂၀၁၇- ၂၀၁၈ခုနှစ် သုံးနှစ်အတွင်းရေလမ်းကောင်းမွန်ရေးအတွက် (၁၀)နေရာ၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွင် နေရာ (၇၀)စုစုပေါင်းနေရာ (၈၀) ပဲလုပ်ဆောင်ခဲ့ပြီး၊ ချင်းတွင်းမြစ်၏ မြစ်လက်တက်များဖြစ်သည့် မြစ်သာ၊ ကနန်၊ ဥတုချောင်း၊ တောင်ယမား၊ မြောက်ယမား၊ ဈေးချောင်း၊ ရေဝါချောင်းစသည့်တို့ကိုလည်းနှစ်အလိုက် ကမ်းပါးပြိုကာကွယ်ခြင်း၊ ရေလမ်းကောင်း ရန်ဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်းပြန်လည်ဖြေကြားခဲ့သည်။

တင်မောင်-ပို့/ဆက်




# MOTC နှင့် Intelsat တို့ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲကျင်းပ





ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် Intelsat Global Sale and Marketing Limited ကုမ္ပဏီတို့ပူးပေါင်းကျင်းပသော Closer Connection Workshop ကို မေလ ၈ရက်နေ့ နံနက် ၉နာရီခွဲက နေပြည်တော်Kempinski Hotel ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန (ဆက်သွယ်ရေး) အမြဲတမ်းအတွင်းဝန် ဦးချစ်ဝေမှ အဖွင့်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ Intelsat Global Sale and Marketing Limited ၏ Vice President (Asia Paci- fic) ဖြစ်သူ Mr. Bleakley က မိတ်ဆက်စကားပြောကြားပြီး၊ လာမည့်နှစ်များတွင် အသုံးပြုနိုင်တော့မည့်ခေတ်မီနည်းပညာများနှင့် ပတ်သက်၍ GEO and LEO Combination System တည်ငြိမ်မှုပတ်လမ်းရှိ ဂြိုလ်တုများနှင့် အနိမ့်ကမ္ဘာပတ်ဂြိုလ်တုများဆက်သွယ်မှုစနစ်)ကို One Web ကုမ္ပဏီနှင့်ပူးပေါင်း၍ တီထွင်ဆောင်ရွက်နေမှုများ၊ အနိမ့်ကမ္ဘာဂြိုလ်တုများကို အလိုအလျောက်ချိန်ညှိနိုင်သော လှုပ်ရှားမှုအစိတ်အပိုင်းမပါသည့် KYMETA ဟုခေါ်ဆိုသော Flat Antenna အသေးများစမ်းသပ်ထုတ်လုပ်ပြီး၊ အမြောက်အများထုတ်လုပ်နိုင်ရန်ဆက်လက်တီထွင်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဂြိုလ်တုဆက်သွယ်ရေး အင်ဂျင်နီယာချုပ် ဦးဝင်းအောင်က Myanmar Sat 2 နှင့် ပတ်သက်၍ လက်ရှိအသုံးပြုနေသော Myanmar Sat 1 ထက် (၁၀) ဆ Quality ကောင်းမွန်ကြောင်း၊ ဂြိုလ်တုမှ ဖမ်းယူမှုအားကောင်း၍ Data speed များပိုမိုရရှိပြီး၊ ပို၍ သေးငယ်သောစလောင်းများအသုံးပြုထားနိုင်ကြောင်း Myanmar Sat 2 ကို အသုံးပြုမည်ဆိုပါက ဝန်ကြီးဌာနများနှင့် ကုမ္ပဏီများအတွက် များစွာအကျိုးရှိကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့အပြင် Intelsat မှ ကျွမ်းကျင်ပညာရှင်များ၊ ဝန်ကြီးဌာနများအသုံးပြုနိုင်မည့်နည်းပညာဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

နောက်ဆုံးအစီအစဉ်အဖြစ် Intelsat Global Sale and Marketing Limited ၏ Vice President (Asia Pacific) ဖြစ်သူ Mr. Bleakley နှင့်သတင်းအချက်အလက်နည်းပညာနှင့် ဆိုင်ဘာလုံခြုံရေးဦးစီးဌာန၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဦးစိုင်းစောလင်းထွန်းတို့က Panel Discussion အချုပ်အနေဖြင့် ဆွေးနွေးကြပြီး အခမ်းအနားကို အောင်မြင်စွာပြီးဆုံးခဲ့ကြောင်း သိရှိရသည်။

လှမျိုး - ဆ.သ.ရ

# မြန်မာနိုင်ငံရေကြောင်းလျှပ်စစ်အင်ဂျင်နီယာများ အသင်းစတင်ဖွဲ့စည်းမှုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာနိုင်ငံရေကြောင်းလျှပ်စစ်အင်ဂျင်နီယာများအသင်းစတင်ဖွဲ့စည်းမှုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေလ (၆)ရက်နှင့် (၁၂)ရက်နေ့ မွန်းလွဲ (၁)နာရီအချိန်တွင် ရန်ကုန်မြို့၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်းရှိ ရေကြောင်းအင်ဂျင်နီယာသင်တန်းကျောင်းခန်းမတွင် ကျင်းပပြုလုပ်သည်။

ထို့နောက် မြန်မာနိုင်ငံရေကြောင်းလျှပ်စစ်အင်ဂျင်နီယာများအသင်း ယာယီဥက္ကဋ္ဌ ဦးညွန့်ဦးမှ အသင်းကြီးအား စတင်ဖွဲ့စည်းမှုအခြေအနေ၊ အသင်း၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းဆောင်ရွက်ချက်များအား ဆွေးနွေးပြောကြားပါသည်။ ၎င်းနောက် အသင်းဒုတိယဥက္ကဋ္ဌ (၁) ဦးလှသိန်း၊ အသင်းအတွင်းရေးမှူးဦးသာဝင်းတို့မှ မြန်မာနိုင်ငံရေကြောင်းလျှပ်စစ် အင်ဂျင်နီယာများအသင်း၊ အသင်းဝင်များရွေးချယ်မှုအသင်း၏ စည်းမျဉ်းစည်းကမ်းများအသင်းကြီး၏ ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းအစီအမံများအား ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ယာယီဖွဲ့စည်းလိုက်သည့် အသင်းကြီးရည်ရွယ်ချက်မှာ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက် လိုအပ်ချက်ဖြစ်သော လျှပ်စစ်အင်ဂျင်နီယာများ၊ ကျွမ်းကျင်လုပ်သားများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေရန်နှင့် ပြီးတော့ ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာ အတတ်ပညာတွေကို မြန်မာလူငယ်မျိုးဆက်သစ်တွေကို မျှဝေပေးဖို့ဖြစ်ပါတယ်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ မှတ်ပုံတင်ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာ ၄၀၀၀ ခန့်ရှိကြောင်း၊ သို့သော်လည်း ရေကြောင်းလျှပ်စစ်အင်ဂျင်နီယာများမှာ အငြိမ်းစားယူမှု များပြားလာခြင်းနှင့် လူငယ်မျိုးဆက်သစ်များမှာ သင်တန်းအသီးသီးသို့ တက်ရောက်နေခြင်းတို့ကြောင့် အမှန်တကယ် သင်္ဘောလိုက်နေသောရေကြောင်းလျှပ်စစ်အင်ဂျင်နီယာ အရေအတွက်မှာ ရာဂဏန်းမျှသာရှိနေကြောင်း၊ နိုင်ငံတကာသင်္ဘောသားဈေးကွက်တွင် မြန်မာရေကြောင်းလျှပ်စစ်အင်ဂျင်နီယာ လိုအပ်ချက်မှာ မြင့်မားလျက်ရှိကြောင်း ၎င်းကဆက်ပြောသည်။

ယာယီအဖြစ် အသစ်ဖွဲ့စည်းလိုက်သည့် မြန်မာနိုင်ငံရေကြောင်းလျှပ်စစ် အင်ဂျင်နီယာအသင်းကို ရန်ကုန်မြို့၌ အခြေစိုက်ထားရှိမည်ဖြစ်ကြောင်း၊ အသင်းအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားအတွက်လိုအပ်ချက်ဖြစ်သော လျှပ်စစ်ပညာရှင်များ၊ ကျွမ်းကျင်လုပ်သားများ တိုးပွားစေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် အသင်းကတာဝန်ယူ၍ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ ပညာရှင်များအား ဖိတ်ခေါ်ကာ ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်-ပို့/ဆက်



# e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေလ (၉)ရက်နံနက်ပိုင်းနာရီခွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက e-Government လုပ်ငန်းစဉ်များ အောင်မြင်မှုနည်းပါးရသည့်အကြောင်းရင်းများကို ပြောကြားခဲ့ပြီး ဆက်လက်၍ e-Government စနစ်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေးအတွက် ဦးဆောင်ကော်မတီမှ ချမှတ်ထားသည့် မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကွပ်ကဲကြပ်မတ်ခြင်းတို့ကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း လိုအပ်သည့် ဥပဒေ မူဘောင်၊မူဝါဒများနှင့် စံချိန်စံနှုန်းသတ်မှတ်ချက်များကို အမြန်ရေးဆွဲပြဋ္ဌာန်းသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ Myanmar e-Governance Master Plan တွင် ပါရှိသောလုပ်ငန်းစဉ်မူဘောင်နှင့် လမ်းပြမြေပုံများအား အခြေပြုပြီးရှေ့ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပုံဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းပြောကြားသည်။

ဆက်လက်ပြီး e-Government အကောင်အထည်ဖော်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံတွင် e-Government စနစ်အောင်မြင်စွာအကောင်အထည်ဖော်ဆောင်သွားနိုင်ရေး ဦးစီးလမ်းညွှန်သွားနိုင်ရန် e-Government ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီကို ဇန်နဝါရီ ၂၃ ရက်တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် e-Government စနစ် အကောင်အထည်ဖော်ရာ၌ ဌာနများမှ ပူးပေါင်းဆောင်ရွက်မှုအားနည်းနေပြီး သီးခြားစီအကွဲကွဲအပြားပြား ဆောင်ရွက်နေကြသည်ကို တွေ့ရှိရသဖြင့် ဦးဆောင်ကော်မတီနာယက နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ညွှန်ကြားချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း Myanmar e-Governance Master Plan ကိုအခြေခံပြီး လုပ်ငန်းများကိုပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

e-Government လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်သုံးခုရှိကြောင်း၊ ပထမလုပ်ငန်းစဉ်အနေဖြင့် ဥပဒေမူဘောင်ချမှတ်သွားရမည်ဖြစ်ကြောင်း၊ ဒုတိယလုပ်ငန်းစဉ်မှာ ICT Infrastructure ပိုင်းဖြစ်ပြီး၊တတိယလုပ်ငန်းစဉ်မှာApplication Software များဖြင့် ပြည်သူသို့ e-Service များဝန်ဆောင်မှု ပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယင်းတွင် သဘောသဘာဝ တူညီသည့်လုပ်ငန်းများကို သက်ဆိုင်ရာ ဌာနက တာဝန်ယူအကောင်အထည်ဖော်ပြီး အားလုံးမှ ဝေအသုံးပြုနိုင်အောင်ဆောင်ရွက်ရမည့် လုပ်ငန်း (Common and Shared Application) အပိုင်းနှင့် သဘောသဘာဝ မတူညီသည့်လုပ်ငန်းများကို သက်ဆိုင်ရာဌာန အလိုက် ဆောင်ရွက်သွားရမည့် (Minisrty Specific Application) အပိုင်းတို့ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချင်းချင်းအပြန်အလှန်လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်သွားနိုင်ရန် စံသတ်မှတ်ချက်များကို ချမှတ်၍ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အစိုးရဌာနအသီးသီး၏ e-Government လုပ်ငန်းများကို စစ်တမ်းကောက်ယူပြီး ပြန်လည်ဆန်းစစ်လေ့လာရန်နှင့် စဉ်ဆက်မပြတ်စောင့်ကြည့်သွားရန်အတွက် Monitoring အဖွဲ့တစ်ခုကို ပထမဦးစွာဖွဲ့စည်းသွားရန်လို အပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက e-ID စီမံကိန်းလုပ်ငန်းတွင် မြန်မာနိုင်ငံအတွင်း နေထိုင်သူများအား Unique ID တစ်ခုစီ ထုတ်ပေးခြင်းနှင့် National Database တည်ဆောက်ခြင်းလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းတို့ ပါဝင်မည်ဖြစ်ပါကြောင်း၊ National Database တည်ဆောက်ခြင်းလုပ်ငန်းသည် e-ID စနစ်တစ်ခုလုံး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး နိုင်ငံတော်အ တွင်းနေထိုင်သူ တစ်ဦးချင်းစီ၏ Biometric Data နှင့် Biographic Data များအား ကောက်ယူ၍ Electronic စနစ်ဖြင့် National Database တွင်သိမ်းဆည်းပြီး ကိုယ်ပိုင်နံပါတ်တစ်ခုစီ Unique Identity (UID) ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာ၌ Smart Card အသုံးပြုဆောင်ရွက်နေမှုများနှင့် အားနည်းချက်၊ အားသာချက်များ၊ Unique Identity (UID) စနစ်စတင်ဆောင်ရွက်၍ ပြည်သူများအတွက် ဝန်ဆောင်မှုပေးနိုင်မည့်အခြေအနေများ၊ Smart Card ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီဖွဲ့စည်းနိုင်ရေးအတွက် အဆိုပြုမှုကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဝင်များဖြစ်သည့် ဝန်ကြီးဌာနများမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့်ပညာရှင်များ၏ ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များအား ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းအဖွဲ့

# မြေရာအသုံးပြုမှု စီမံခန့်ခွဲရေးကော်မတီ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မြေရာအသုံးပြုမှု စီမံခန့်ခွဲရေးကော်မတီ၊ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေလ ၉ရက်နေ့က ရုံးအမှတ် (၂)နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် e. Government လုပ်ငန်းစဉ်များ၊ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်သွယ်ရေးနှင့် အိုင်စီတီ Infrastructure များသည် မရှိမဖြစ်လိုအပ်သည့် အစိတ်အပိုင်းများဖြစ်ပြီး ဆက်သွယ်ရေး Infrastructure များဖြစ်သည့် ဖိုက်ဘာကေဘယ်များ၊ တာဝါတိုင်များတည်ဆောက်ဖြန့်ကျက်ခြင်းသည် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းများဖြစ်သည်ကို မေလ ၉ရက်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂)တွင်ကျင်းပသည့် ဆက်သွယ်ရေးအခြေခံအဆောက်အဦများတည်ဆောက်ရန်၊ မြေယာအသုံးပြုမှုစီမံခန့်ခွဲရေးကော်မတီ၊ စတုတ္ထအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင် တက်ရောက်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မိုဘိုင်းဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်းအော်ပရေတာ (၂) ဦး၊ ပြည်ပအော်ပရေတာ (၂) ဦးစုစုပေါင်း အော်ပရေတာ (၄)ဦးဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပေးနေပြီး တာဝါတိုင်ပေါင်းတစ်သောင်းခြောက်ထောင်ကျော်၊ ဖိုင်ဘာကေဘယ်အားနိုင်ငံတစ်ဝှမ်း ကီလိုမီတာ လေးသောင်းကျော် ချခင်းတည်ဆောက်ပြီးဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်မီဆက်သွယ်ရေးနှင့် အိုင်စီတီဝန်ဆောင်မှုများရရှိစေရန် ဆက်သွယ်ရေးအော်ပရေတာများက 3G/ 4G / LTE + စတဲ့ ကမ္ဘာ့နောက်ဆုံးပေါ်နည်းပညာသစ်များဖြင့် အပြိုင်အဆိုင်ရင်းနှီးမြှုပ်နှံဆောင်ရွက်နေကြပြီး၊ နိုင်ငံရဲ့ G.D.P များတိုးတက်စေရန် Broad Band ဝန်ဆောင်မှုများ၊ e. Government အပါအဝင်ပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် Infrastructure လုပ်ငန်းများတည်ဆောက်ရာတွင် ခွင့်ပြုချက်များ၊ လွယ်ကူလျင်မြန်စွာရရှိဆောင်ရွက်နိုင်ရေးနှင့် ဈေးကွက်စနစ်တကျတည်ရှိစေရေးအတွက် ကော်မတီအနေဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန် ဝိုင်းဝန်းဆွေးနွေးကြရန် ပြောကြားခဲ့ကြောင်းသိရသည်။



ဆက်လက်၍ ကော်မတီအတွင်းရေးမှူး၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်ချက်များနှင့် နည်းပညာများ၊ နည်းဥပဒေများအား ရှင်းလင်းတင်ပြကြသည်။ ထို့နောက်တက်ရောက်လာသည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အစည်းများမှ ကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနကိုယ်စားလှယ်များက မိမိတို့ကဏ္ဍအလိုက်အခက်အခဲများ လုပ်ဆောင်ချက်များ ရှင်းလင်းတင်ပြကြပြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့ကလိုအပ်သည်များနှင့် ထပ်မံပြုလုပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များအားဖြည့်စွက် ဆွေးနွေးမှာကြားခဲ့သည်။

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသာဦး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အစည်းများမှ ကော်မတီဝင်များနှင့်တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်းသိရသည်။

လှမျိုး-ဆ-သ-ရ

# ရေနှင့်ဆက်နွယ်နေသည့်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးပါဝင်ဆောင်ရွက်သွားရန်လိုအပ်

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေး (၂/၂၀၁၈) ကို မေလ (၁၁)ရက်နေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူတက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ယခုညှိနှိုင်းအစည်းအဝေးကို ယခင်အစည်းအဝေးများနည်းတူ ရေနှင့်ဆက်နွယ်သော ကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေး၊ ရေအရင်းအမြစ်များကို ထိရောက်စွာစီမံခန့်ခွဲရေးနှင့် အကျိုးရှိစွာအသုံးချနိုင်ရေး၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိရောက်အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့အတွက် အထောက်အကူပြုနိုင်ရန်၊ ရေအရင်းအမြစ်ကဏ္ဍဆိုင်ရာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ အခက်အခဲများရှိပါကထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီးဝိုင်းဝန်းညှိနှိုင်းဆွေးနွေးနိုင်ရန် ကျင်းပရခြင်းဖြစ်ကြောင်း။

ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်ညှိနှိုင်းအစည်းအဝေးများတွင် မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးစားပေးဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းလိုအပ်ချက်များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအကြားညှိနှိုင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် ပတ်သက်ပြီး သက်ဆိုင်ရာကော်မတီဝင်များမှ ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးခဲ့ကြသည့်အတွက် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ အဆင်ပြေချောမွေ့မှုနှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်သတ်မှတ်ရာတွင် များစွာအထောက်အကူပြုနိုင်ခဲ့ကြောင်း။

နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုနှင့် ဆက်နွယ်သည့်လုပ်ငန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်းများနှင့် ပတ်သက်ပြီးလည်း နိုင်ငံတော်နှင့် ပြည်သူများ၏ လိုအပ်ချက်နှင့်ကိုက်ညီပြီး အမှန်တကယ်ထိရောက်အကျိုးရှိစေမည့် လုပ်ငန်းများကိုသာ ဦးစားပေးညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများအပြင် အာဆီယံ လန်ချန်း-မဲခေါင်စသည့်ဒေသတွင်း နိုင်ငံများနှင့် ဆက်နွယ်သည့် ရေဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများတွင်လည်း လိုအပ်သည့်ရှေ့လုပ်ငန်းစဉ်များစီမံကိန်းများအတွက် ပြင်ဆင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်းပြောကြားခဲ့သည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြစ်ချောင်းများထိန်းသိမ်းပြုပြင်ခြင်း၊ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မြစ်ကူးတံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စစ်ဆေးခြင်း၊ မြစ်ရေအရည်အသွေးစောင့်ကြည့်လေ့လာခြင်း၊ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာအချက်အလက်များတိုင်းတာ၍ အများပြည်သူသို့ ထုတ်ပြန်ခြင်း၊ ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ခြင်းနှင့် ဆိပ်ကမ်းလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရေယာဉ်များနှင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊ ရေကြောင်းသယ်ယူပို့ဆောင်ရေးနှင့် ဆက်နွယ်သည့်ပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးခြင်း၊ ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ပုဂံဒေသ၌ မိုးရေစုဆောင်းမှုဆိုင်ရာစနစ် (Rain-water Harvesting System) စသည့်ရေနှင့်သက်ဆိုင်သည့်ကဏ္ဍများတွင် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဦးရဲအောင်၊ ဦးကျော်ဝင်းနှင့် ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ အမျိုးသားရေအရင်းအမြစ်ကော်မတီဝင်များ၊ အကြံပေးအဖွဲ့နှင့် ဌာနဆိုင်ရာကျွမ်းကျင်သူအဖွဲ့တို့မှ သက်ဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကိုရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး မိမိတို့ကော်မတီအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာလွှမ်းခြုံသည့်ရေအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်ရန်အတွက် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအလိုက် ပုံမှန်ဆောင်ရွက်နေသောလုပ်ငန်းတာဝန်များအပြင် ရေနှင့်ဆက်နွယ်နေသည့်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကို လည်း ပံ့ပိုးပါဝင်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ယနေ့အစည်းအဝေးမှ ရရှိလာသည့်ဆွေးနွေးချက်များ နှင့် အကြံပြုချက်များသည် မိမိတို့နိုင်ငံ၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု၊ ရေနှင့်ဆက်နွယ်သောလုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် ရန်ကုန်ကြေညာစာတမ်းနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ ရေသယံဇာတ ဆယ်စုနှစ် (၂၀၁၈- ၂၀၂၈) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ရေဥပဒေမူကြမ်းပြုစုခြင်း၊ ဆည်ရေလှောင်တမံများ၏ ရေဝေရေလဲသစ်တောစိုက်ခင်းများ စိုက်ပျိုးထိန်းသိမ်းခြင်း၊ သဘာဝရေထွက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်စာရင်းကောက်ယူပြီး ဦးစားပေးအဆင့်အလိုက် ကာကွယ်ထိန်းသိမ်းခြင်း၊ သံလွင်မြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစ်ဝှမ်းဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်ညှိနှိုင်းဆောင်ရွက်ခြင်း၊ မြစ်များ၏ အရည်အသွေးတိုင်းတာစစ်ဆေးခြင်းနှင့် ရေထုညစ်ညမ်းမှုကာကွယ်ရေးရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအကြား အချက်အလက်များမျှဝေခြင်းနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း၊ အမျိုးသားမိုးရေခံလှုပ်ရှားမှုနှင့် ဩစတြေးလျနှင့် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများ လူငယ်ရေပညာရှင် လေ့ကျင့်မွေးထုတ်ရေးစသည်တို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့



## ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Hong Liang နှင့် (NDRC)၊ Department of Foreign Capital and Overseas Investment မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Zheng Chiping တို့အား လက်ခံတွေ့ဆုံ



ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်သည် မေလ (၁၅)ရက်နေ့ ညနေ (၁၆:၀၀)နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Hong Liang၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၊ National Development and Reform Commission (NDRC)၊ Department of Foreign Capital and Overseas Investment မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Zheng Chiping နှင့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရှိရသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနှင့် တရုတ်နိုင်ငံတို့အကြား တရုတ်-မြန်မာ စီးပွားရေးစင်္ကြံတည်ထောင်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

တင်မောင် - ပို့/ဆက်

# မြန်မာအမျိုးသားလေကြောင်းနှင့် မန်းရတနာပုံလေကြောင်းတို့ နှစ်ဖက်အကျိုးတူပူးပေါင်း၍ "အမျိုးသားလေကြောင်းလိုင်းများအဖွဲ့" ခရီးစဉ်များ စတင်ပြေးဆွဲ










မြန်မာအမျိုးသားလေကြောင်းနှင့် မန်းရတနာပုံလေကြောင်းတို့ နှစ်ဖက်အကျိုးတူပူးပေါင်း၍ မြန်မာအမျိုးသားလေကြောင်းလိုင်းများ အဖွဲ့ခရီးစဉ်များစတင်ပြေးဆွဲသည့် အထိမ်းအမှတ်အခမ်းအနားကို မေလ ၁၀ ရက် က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal 3(ပြည်တွင်းထွက်ခွာ) တွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်းနှင့် မန်းရတနာပုံလေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး Dr.လင်းမြတ်ထွန်းတို့မှ နှစ်ဖက်အကျိုးတူပူးပေါင်း၍ ခရီး စဉ်များပြေးဆွဲခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပေးခဲ့ပြီး အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

"ဒီလိုမျိုး အကျိုးတူပူးပေါင်းလုပ်ကိုင်လိုက်တော့ ခရီးသွားတွေအတွက်လည်း သွားရေးလာရေးပိုပြီးတော့ အဆင်ပြေသွားတာပေါ့။ ကျွန်တော်တို့ရဲ့ ပုံမှန်ခရီးစဉ်တွေလည်းရှိနေမှာဆိုတော့ ခရီးသွားတွေအနေနဲ့ မနက်သွားသွား၊ နေ့လည်သွားသွား၊ ညနေသွားသွား ရွေးချယ်ပိုင်ခွင့် အများကြီးရှိသွားတာပေါ့" ဟု မြန်မာအမျိုးသားလေကြောင်းလိုင်းများအဖွဲ့အဖြစ် ပြေးဆွဲပေးမှုနှင့်ပတ်သက်၍ မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်း ကပြောသည်။

မန်းရတနာပုံလေကြောင်းမှ ဦးဆောင်ညွှန်ကြားရေးမှူး Dr.လင်းမြတ်ထွန်းကလည်း "ကျွန်တော်တို့ မြန်မာအမျိုးသားလေကြောင်းလိုင်းများအဖွဲ့အဖြစ် ယှဉ်ပြိုင်မှုဆိုတာထက် ပိုမိုပြီးတော့ Network ပိုင်းအရရော Safety ပိုင်းအရရော ပိုမိုပြီးတော့ လုပ်ဆောင်ပြီးတော့ Market ကို ပြင်ဆင်သွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းများ အဖွဲ့အနေဖြင့် မေလ၁၀ရက်မှ စတင်ကာ ရန်ကုန်၊ မန္တလေး၊ ညောင် ဦး၊ ဟဲဟိုး၊ မြစ်ကြီးနား၊ စစ်တွေ၊ ထားဝယ်၊ လားရှိုး၊ တာချီ လိတ်၊ မုံရွာ၊ ဟုမ္မလင်း၊ ခန္တီး၊ ကလေးမြို့များသို့ နှစ်ဖက်အကျိုးတူပူးပေါင်းပြီး စတင်ပျံသန်းပြေးဆွဲနေပြီဖြစ်သည်။ ထိုသို့ပျံသန်းပြေးဆွဲပေးရာတွင် မြန်မာအမျိုးသား လေကြောင်းမှ ATR-72 လေယာဉ်(၂)စီး၊ မန်းရတနာပုံ လေကြောင်းမှ ATR-72 လေယာဉ်(၂)စီး စုစုပေါင်း လေယာဉ်(၄)စီးဖြင့် ပြေးဆွဲခြင်း၊ အကျိုးတူပူးပေါင်းခြင်းအားဖြင့် ခရီးသွားပြည်သူများအနေဖြင့် ရွေးချယ်စရာ ခရီးစဉ်အချိန်များနှင့် ခရီးအရေအတွက်များ ပိုမိုများပြားလာရန်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟုယုံကြည်၍ "မြန်မာအမျိုးသားလေကြောင်းလိုင်းများအဖွဲ့" အား စတင်ပြေးဆွဲခြင်း ဖြစ်ကြောင်းသိရ သည်။

မြန်မာအမျိုးသားလေကြောင်းကို ၁၉၄၈ ခုနှစ်တွင် နိုင်ငံတော်ပိုင်လေကြောင်း "Union of Burma Airway"အဖြစ် စတင်တည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် မြန်မာအမျိုးသားလေကြောင်းအမည်ပြောင်း၍ ပြည်တွင်း၊ ပြည်ပ ခရီးစဉ်များကိုပျံသန်းပြေးဆွဲပြီးဖြစ်သည်။ ထို့အပြင် ပြည်ပ ခရီးစဉ်များဖြစ်သော စင်္ကာပူ၊ ဟောင်ကောင်၊ ဘန်ကောက်၊ ချင်းမိုင်နှင့် ဖူးခက်မြို့များသို့ တိုက်ရိုက်ပျံ သန်းပြေးဆွဲပေးနေပြီးထပ်မံတိုးချဲ့ပြေးဆွဲပေးရန် အစီအစဉ်များကိုလည်း ရေးဆွဲလျှက်ရှိသည်။ မန်းရတနာပုံလေကြောင်းကို ၂၀၁၃ ခုနှစ် ဇူလိုင်လ (၂၃)ရက်တွင် ပုဂ္ဂလိကပိုင်လေကြောင်းလိုင်းအဖြစ် စတင်တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံတွင် မန္တလေးမြို့ အခြေစိုက်လေကြောင်းအဖြစ် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင် စတင်ပျံသန်းပြေးဆွဲနေခြင်းဖြစ်သည်။ မန်းရတနာပုံလေကြောင်းသည် လက်ရှိတွင် ပြည်တွင်း (၁၄)မြို့သို့ပျံ သန်းလျှက်ရှိပြီး ဆက်လက်၍ ပြည်တွင်း၊ ပြည်ပခရီးစဉ်များ ထပ်မံတိုးချဲ့ပျံသန်းရန် အစီအစဉ်များရှိကြောင်း သိရသည်။

အိမ်စည်၊ပိုးအိမ်
ဓာတ်ပုံ တင်မောင်(ပို့/ဆက်)

## တရားဝင်မှတ်ပုံတင်ထားသည့် ယာဉ်ဟုတ်၊ မဟုတ်စစ်ဆေးမှု ရုံးပိတ်ရက်မှအပ နေ့စဉ်စစ်ဆေးပေးနေ



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် တရားဝင်မှတ်ပုံတင်ထားသည့် ယာဉ်ဟုတ်၊ မဟုတ်စစ်ဆေးမှုအားရုံးပိတ်ရက်မှအပ နေ့စဉ်စစ်ဆေးပေးလျှက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးဦးလျှန်ကျင့်မန်မှ မေလ ၁၇ ရက်နံနက် ၁၀နာရီကလဆက်သွယ်မေးမြန်းခဲ့ရာပြန် လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူးမှအွန်လိုင်းမှ ရက်ချိန်းယူထားသည့် သက်တမ်းတိုးကားများစစ်ဆေးပြီးမှသာ တရားဝင်မှတ်ပုံတင်ထားသည့်ယာဉ်ဟုတ်၊ မဟုတ်စစ်ဆေးပေးနေကြောင်း၊ လကုန်ခါနီး ၁၀ ရက်ခန့်တွင် အွန်လိုင်းမှသက်တမ်းတိုးကားများ တစ်နေ့စီးရေ ၇၀၀ ခန့်၊ ၈၀၀ ခန့်ရှိကြောင်း၊ အရေးကြီးလျှင်လည်းအဆင်ပြေအောင်ဆောင်ရွက်ပေးကြောင်း အချို့ရက်ဆိုလျှင်သက်တမ်းတိုးကားများနေ၍ မနိုင်မနင်းဖြစ်ကာနောက်နေ့ပြန်ချိန်းရကြောင်း တရားဝင်မှတ်ပုံတင်ထားသည့် ယာဉ်ဟုတ်၊ မဟုတ်စစ်ဆေးခြင်းကို ရုံးဖွင့်ရက်နေ့စဉ်စစ်ဆေးပေးနေကြောင်းပြောကြားခဲ့သည်။

တရားဝင်မှတ်ပုံတင်ထားသည့် ယာဉ်ဟုတ်၊ မဟုတ်စစ်ဆေးရာတွင် ယာဉ်မှတ်ပုံတင်၊ သက်သေခံလက်မှတ်ပါရှိရမည်ဖြစ်ပြီး၊ ရုံးမှဖရိန်နံပါတ်ကိုအဓိကထားစစ်ဆေးကြောင်း၊ ဖောက်ဆက်ရှိမရှိ၊ မော်ဒယ်မှန်မမှန်စစ်ဆေးပေးကြောင်းသိရှိရသည်။

ကျော်ကျော်









# ဗဟိုပို့ဆောင်ဆက်သွယ်ရေးသင်တန်းကျောင်း အပိုင်း (၇)

### မော်တော်ယာဉ်သင်တန်းဌာနခွဲအခြေခံယာဉ်ပြင်(OBDII)သင်တန်း

**ရည်ရွယ်ချက်–**

အခြေခံယာဉ်ပြင်သင်တန်းသားများအတွက် သတ်မှတ်ထားသော ယာဉ်ပြင်ဆင်ခြင်းလုပ်ငန်းများအရည်အချင်းပြည့်မီစွာတက်မြောက်စေပြီး၊ OBDII နှင့်အိပ်ဇော့ငွေ့ထုတ်လွှတ်မှု သဘောတရားအကြောင်းသိရှိနားလည်လာစေရန်ဖြစ်သည်။

**ရရှိမည့်အရည်အချင်းများ–**

မော်တော်ယာဉ်စက် /လျှပ်စစ်သဘောတရားများကိုနားလည်နိုင်မည်ဖြစ်ကြောင်း၊ မော်တော်ယာဉ်စက်အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံများကိုသိရှိလာနိုင်ကြောင်း၊ ယာဉ်/စက်အစိတ်အပိုင်းများတွင်တပ်ဆင်ထားသော Sensor များ၏ရည်ရွယ်ချက်၊ တည်ဆောက်ပုံ၊ အလုပ်လုပ်ပုံနှင့်စစ်ဆေးပုံတို့ကိုပြုလုပ်ပြင်ဆင်လာနိုင်ကြောင်း၊ Sensor နှင့်ကွန်ပြူတာဘောက်စ်အားဆက်သွယ်ထားသော ဝါယာရိန်းလိုင်းများကိုပြစ်ချက်ရှာဖွေ၍စစ်ဆးပြုလုပ်ပြင်ဆင်လာနိုင်ကြောင်း၊ Diagnostic Tester(Computer)ဖြင့်စစ်ဆေးပြီး Code များကိုရယူပုံနှင့်ရရှိသော Code များအား စစ်ဆေးပြုပြင်ပုံတို့ကိုသိရှိလာနိုင်ကြောင်း၊ အတွေ့များသော Code များနှင့် Special Functionများကို စာတွေ့လက်တွေ့စနစ်တကျသင်ကြားပို့ချမှုကိုရရှိနားလည်လာနိုင်ကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ကိစ္စများကိုနားလည်လာနိုင်ကြောင်း၊ မော်တော်ယာဉ်၏အိပ်ဇောထုတ်လွှတ်မှုအကြောင်းများကိုသိရှိလာနိုင်မည်ဖြစ်သည်။

**သင်တန်းဝင်အရည်အချင်း–**

သင်တန်းသို့ အခြေခံပညာအထက်တန်းအောင်မြင်သူဖြစ်ပြီးကျန်းမာရေးကောင်းမွန်၊ ကြံ့ခိုင်သူဖြစ်ရမည်။ သင်တန်းပြီးဆုံးအောင်မပျက်မကွက်တက်ရောက်နိုင်ပြီး၊ ကျန်းမာရေးနှင့်ပြည်စုံကောင်းမွန်သူဖြစ်ရမည်၊ အရက်မသောက်ရမနေနိုင်အောင်အရက်စွဲသူများမဖြစ်စေရဟုသတ်မှတ်ထားသည်။

**သင်တန်းတက်ရောက်ရမည့်သူများ–**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိသက်ဆိုင်ရာဌာနများရွေးချယ်အတည်ပြုသူများဖြစ်ရမည်။

**သင်ကြားမည်ဘာသာရပ်များ–**

သင်တန်းတွင်မော်တော်ယာဉ်စက်မှုပညာဆိုင်ရာအခြေခံသဘောတရားများ–(၁)လောင်စာဆီထောက်ပံ့မှုနှင့် မန်နီဖိုး(၂)ချောဆီထောက်ပံ့မှုနှင့် အေးစေမှုစနစ်(၃)အင်ဂျင်တည်ဆောက်ပုံနှင့် အစိတ်အပိုင်းများ၊

လျှပ်စစ်တိုင်းတာရေးနှင့်အလုပ်ခွင်အန္တရာယ်ကင်းရှင်းရေးဘာသာရပ်–(၁)လျှပ်စစ်ပစ္စည်းများတိုင်းတာခြင်းဘာသာရပ်၊ (၂)အလုပ်ခွင်အန္တရာယ်ကင်းရှင်းရေးဘာသာရပ်

မော်တော်ယာဉ်အိပ်ဇောငွေ့ထုတ်လွှတ်မှုဘာသာရပ်–(၁)အိပ်ဇောငွေ့ထုတ်လွှတ်ခြင်းကို ထိန်းချုပ်ကန့်သတ်ခြင်းဘာသာရပ်၊

မော်တော်ယာဉ်စက်မှုပညာဘာသာရပ်(၁) မော်တော်ယာဉ် OBDII ဘာသာရပ်နှင့်အထွေထွေသင်ခန်းစာများပို့ချပေးသည်။

### ရထားသင်တန်းဌာနခွဲ ဒီဇယ်စက်ခေါင်းလျှပ်စစ်ပြင်သင်တန်း–

**ရည်ရွယ်ချက်–**

ဒီဇယ်စက်ခေါင်းလျှပ်စစ်ပြင်များအတွက်သတ်မှတ်ထားသောပညာရပ်များသိရှိတတ်မြောက်စေရန်ဖြစ်သည်။

**ရရှိမည့်အရည်အချင်းများ–**

ဓာတ်အားလိုင်းဆက်သွယ်မှုကို အခြေခံအားဖြင့်သိရှိမည်။ အခြေခံလျှပ်စစ်နှင့် ပတ်သက်၍လျှပ်စစ်ငြိမ်နှင့်သံလိုက်များအကြောင်းအစေီ၊ ဒီစီဂျင်နရေတာများအကြောင်းနှင့် အလုပ်လုပ်ပုံ၊ လျှပ်စစ်ဓာတ်အားလိုင်းကရိယာများ၊ ဂီလေးများ၊ ဘတ်ထရီများအကြောင်း၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းများနှင့် ပတ်သက်၍ပင်မဓါတ်အားထုတ်စက်၊ အဆောင်ဓာတ်အားထုတ်စက်၊ သီးလှည့်မော်တာများတည်ဆောက်ပုံ၊ လျှပ်စီးပတ်လမ်းသင်္ကေတများ၊ ဒဏ်ခံကြိုးနှင့် အင်ဂျင်ဂျင်နရေတာမော်တာများကိုကာကွယ်ရေးစနစ်များ ၉၀၀မြင်းအား၊ ၁၂၀၀မြင်းအားနှင့် ၁၆၀၀မြင်းအား၊ ၂၀၀၀မြင်းအားလျှပ်စီးပတ်လမ်းပြုပြင်ခြင်းများကိုနားလည်တတ်ကျွမ်းရမည်။ ဟိုက်ဒြောလစ်စက်ခေါင်းများနှင့် ပတ်သက်ပြီးStarter မော်တာများ၊ ဂျင်နရေတာများတည်ဆောက်ပုံနှင့် လုပ်ဆောင်ပုံ၊ ဓာတ်အားဖြတ်တောက်ပုံ၊ ကိရိယာတန်ဘိုးသတ်မှတ်ချက်များ၊ ၁၅၀၀မြင်းအား၊ ၉၀၀မြင်းအားစက်ခေါင်းများ၏ချို့ယွင်းချက်များကိုအရေးပေါ် လျှင်မြန်စွာ ပြုပြင်ခြင်းများကိုသိရှိစေရန်ဖြစ်သည်။

**သင်တန်းဝင်အရည်အချင်း–**

သင်တန်းသို့မြန်မာ့မီးရထားမှ(ပ)လျှပ်စစ်ပြင်များ၊ (ဒု)လျှပ်စစ်ပြင်များ၊ လျှပ်စစ်လုပ်သားများဖြစ်ရမည်။

**သင်တန်းတက်ရောက်မည့်သူများ–**

မြန်မာ့မီးရထားမှလျှပ်စစ်ပြင်၊ လျှပ်စစ်လုပ်သားများနှင့် ရွေးချယ်စေလွှတ်ခြင်းခံရသူများဖြစ်သည်။

**–သင်ကြားမည့်ဘာသာရပ်–**

သင်တန်းတွင်အခြေခံလျှပ်စစ်ဘာသာရပ်၊ ဒီဇယ်လျှပ်စစ်စက်ခေါင်းဘာသာရပ်၊ ဒီဇယ်ဟိုက်ဒြောလစ်စက်ခေါင်းဘာသာရပ်၊ BRE ဘာသာရပ်ပြင်ပစက်ရုံကြီးများတွင် လက်တွေ့လေ့ကျင့်ခြင်း၊ ဒီဇယ်စက်ခေါင်းလမ်းခရီးချို့ယွင်းမှုပပျောက်ရေးလမ်း ညွှန်ချက်အထွေထွေသင်ခန်းစာနှင့် အခြေခံမီးသတ်သင်ခန်းစာများပို့ချပေးသည်။

### စက်မှုကျွမ်းကျင်–၄(တွဲစစ်–ဒု)သင်တန်း

**ရည်ရွယ်ချက်–**

စက်မှုကျွမ်းကျင်–၄(တွဲစစ်–ဒု)များအတွက်သတ်မှတ်ထားသောပညာရပ်များတတ်မြောက်စေရန်ဖြစ်သည်။

**ရရှိနိုင်မည့်အရည်အချင်း–**

လူစီးတွဲ၊ ကုန်တွဲစစ်ဆေးပြုပြင်မှုဘာသာရပ်ကိုတတ်မြောက်လာမည်၊ တွဲသစ်များတည်ဆောက်ပုံကိုနားလည်သဘောပေါက်ပြီး အလုပ်အမိန့်များနှင့်လုပ်ငန်းလမ်းညွှန်ချက်များကိုသိရှိလာမည်၊ အခြေခံသင်္ချာဗေဒဆိုင်ရာအကြောင်းများကိုနားလည်သိရှိပြီး စတိုပစ္စည်းများမှာကြားခြင်း၊ ထိန်းသိမ်းခြင်း အကြောင်းများကိုသိရှိနားလည်လာမည်၊ အခြေခံစက်မှုပုံဆွဲခြင်း၊ အတတ်ပညာများကိုရေးဆွဲတတ်ပြီးမြန်မာ့မီးရထားစက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာနမှ ထုတ်ပြန်ထားသောတွဲများနှင့် ပတ်သက်သည့်ညွှန်ကြားချက်များလုပ်ကိုင်မှုများကိုသိရှိနားလည်လာမည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရန်အကြောင်းများကိုနားလည်သိရှိနိုင်ပြီး ဝန်ထမ်းစည်းမျဉ်းနှင့်ရုံးလုပ်ငန်းဘာသာရပ်များကိုသိရှိလာမည်ဖြစ်သည်။

**သင်တန်းဝင်အရည်အချင်း–**

တွဲပြင်စက်ရုံများတွင်ရှိသော တွဲစစ်–ဒုသင်တန်းတက်ရောက်ရန်အရည်အချင်း စစ်စာမေးပွဲဖြေဆိုအောင်မြင်ပြီးသော တွဲပြင်ကူဘော်များ၊ လေဟာဘရိတ်ပြန်ကူဘော်များ၊ တွဲပြင်ပညာသင်များ၊ တွဲပြင်လုပ်သားများဖြစ်ရမည်။

**သင်တန်းတက်ရောက်မည့်သူများ–**

မြန်မာ့မီးရထားမှတွဲပြင်ကူဘော်များ၊ လေဟာဘရိတ်ပြင်ကူဘော်များတွဲပြင်ပညာသင်များ၊ တွဲပြင်လုပ်သားများကျန်းမာရေးပြည်စုံကောင်းမွန်သူများဖြစ်ရမည်။

**သင်ကြားမည်ဘာသာရပ်များ–**

သင်တန်းတွင်အခြေခံသင်္ချာဗေဒဘာသာရပ်၊ အလုပ်အမိန့်အမျိုးမျိုးနှင့် လုပ်ငန်းလမ်းညွှန်းချက်၊ စတိုးပစ္စည်းမှာကြား၊ ထိန်းသိမ်းခြင်း၊ ဝန်ထမ်းကျင့်ဝတ်၊ စိတ်ဓါတ်၊ စည်းကမ်း၊ စည်းလုံး၊ အခြေခံသင်္ချာဘာသာရပ်ဝန်ထမ်းစည်းမျဉ်းနှင့် ရုံးလုပ်ငန်း၊ အထွေထွေစက်တပ်ဆင်မှုဘာသာရပ်၊ လူစီးတွဲနှင့်ကုန်တွဲစစ်ဆေးပြုပြင်ခြင်းဘာသာရပ်၊ အခြေခံစက်မှုပုံဆွဲဘာသာရပ်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)၌လေ့ကျင့်ခြင်း၊ လူစီးတွဲပြင်ရုံ(မန္တလေး)၌လေ့ကျင့်ခြင်း၊ အခြေခံမီးသတ်ပညာသွားလာပို့ဆောင်ရေးအကြောင်းသိကောင်းစရာ၊ မြို့ပြဌာနအကြောင်းသိကောင်းစရာနှင့်အထွေထွေ သင်ခန်းစာများပို့ချပေးသည်။

ကျော်ကျော်

ဆက်လက်ဖော်ပြပါမည်။



## မြန်မာ့မီးရထား၊ အင်ဂျင်နီယာ–အလုပ်ရုံ(ရန်ကုန်)၌ နည်းပညာတက္ကသိုလ်နှစ်ခုမှ ကျောင်းသားများ လက်တွေ့ကွင်းဆင်းပြုပြင်



ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား၊ အင်ဂျင်နီယာအလုပ်ရုံ (ရန်ကုန်) တွင် တိုင်းအသီးသီးမှပြုပြင်ရန်ပေးပို့သော Hydraulic Tamping Machine (China) စက်များအားပြုပြင်လျှက်ရှိရာ နည်းပညာတက္ကသိုလ် (သန်လျင်)နှင့် နည်းပညာတက္ကသိုလ် (လှိုင်သာယာ) တို့မှ ကျောင်းသားများလက်တွေ့ကွင်းဆင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျှက်ရှိကြောင်းသိရသည်။

Hydraulic Tamping Machine (China) စက်များအား မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာန၊ အင်ဂျင်နီယာ–အလုပ်ရုံ (ရန်ကုန်) မှအင်ဂျင်နီယာမှူး ဦးအောင်ကြီး၊ အလုပ်ရုံစိတ်မှူး ဦးမြင့်စိုး၊ စက်မှုကျွမ်းကျင် (၃) အလုပ်ထိန်း ဦးအောင်ဆွေဦးတို့ ဦးဆောင်သောဝန်ထမ်းများနှင့် နည်းပညာတက္ကသိုလ် (သန်လျင်) မှ B.E (mechanical) ကျောင်းသား (၅)ဦးမှာ ဧပြီလ ၁၀ ရက်နေ့မှ မေလ ၃၁ ရက်အထိ၊ နည်းပညာတက္ကသိုလ် (လှိုင်သာယာ) မှကျောင်းသား (၁၅) ဦးမှာ မေလ ၂ ရက်မှ ဇွန်လ ၃၀ ရက်အထိ ပူးပေါင်းလက်တွေ့ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်လျှက်ရှိသည်။

ပူးပေါင်းလက်တွေ့ပြုပြင်ခြင်း ပြီးစီးသောစက်များအားလိုအပ်သောတိုင်းဌာနများသို့ ပေးပို့ရန်စီစဉ်ဆောင်ရွက်ထားကြောင်းသိရသည်။

ကျော်ကျော်

## မြင်းကောင်ရေ (၂၀)အောက် ရေယာဉ်မောင်းကတ်များနှင့် လုပ်ငန်းလိုင်စင်ပြုလုပ်ပေးခြင်း အသိပညာပေးဆွေးနွေးပွဲများပြုလုပ်

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများဌာနခွဲ (အောက်မြန်မာပြည်)မှ မြင်းကောင်ရေ (၂၀)အောက် ရေယာဉ်မောင်းနင်သူများအား သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ယာယီရေယာဉ်မောင်းကတ် ရရှိပြီးသူများကို ရေယာဉ်စည်းကမ်းများအကြောင်း ဟောပြောပို့ချပြီး ရေယာဉ်မောင်းကတ်များအား ထုတ်ပေးခြင်း၊ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့်သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများနှင့် ဆက်သွယ်၍ မြင်းကောင်ရေ (၂၀)အောက် ရေယာဉ်များ လုပ်ငန်းလိုင်စင်များကို ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ၂၀၁၈ ခုနှစ်၊ ဧပြီလတွင် (၃၆၈)စီးဆောင်ရွက်ပြီးစီးခြင်း၊ အန္တရာယ် မဖြစ်ပေါ်စေရေးအတွက် စနစ်တကျမောင်းနှင်သွားလာရန် အသိပညာပေးဆွေးနွေးခြင်း၊ ဟောပြောပို့ချခြင်းများကို ဧပြီလအတွင်း၌ ကျောက်တန်းမြို့နယ်တွင်လည်းကောင်း၊ မေလအတွင်း ဆိပ်ကမ်းမြို့နယ်နှင့် ဒလမြို့နယ်တို့တွင် ပြုလုပ်ခဲ့ပြီး ကျန်ရှိသည့်တွံ့တေးမြို့နယ်တွင် မေလ (၁၈)ရက်နေ့တွင်လည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ်တွင် မေလ (၂၂)ရက်နေ့တွင်လည်းကောင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ်တို့တွင် မေလ (၂၉)ရက်နေ့တွင်လည်းကောင်း ဆက်လက်၍ အသိပညာပေးဟောပြောပွဲများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တင်မောင်-ပို့/ဆက်





## မြန်မာအမျိုးသားလေကြောင်း လေယာဉ်မောင်၊ မယ်သင်တန်း ၁/၂၀၁၈ ဖွင့်ပွဲကျင်းပ




ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း လေယာဉ်မောင်/မယ်သင်တန်း ၁/၂၀၁၈ ဖွင့်ပွဲအခမ်းအနားကို လေကြောင်းပညာသိပ္ပံတွင် မတ်လ ၁၀ ရက်ကပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဌာနအကြီးအကဲများ၊ မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ် ဦးသန်းထွန်း၊ သင်တန်းသား၊ သင်တန်းသူများနှင့် ၎င်းတို့၏မိဘဆွေမျိုးများတက်ရောက်ခဲ့ကြသည်။

ထို့နောက် မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ်ဦးသန်းထွန်းက လေယာဉ်မောင်မယ်သင်တန်းသား၊ သင်တန်းသူများကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာ"ဒီကနေ့ အခမ်းအနားကြွရောက်လာကြတဲ့ ညွှန်ကြားရေးမှူးချုပ်နဲ့ ကျောင်းအုပ်ကြီး၊ သင်တန်းသား/သင်တန်းသူ မိဘဆွေမျိုးသားချင်းများ မြန်မာအမျိုးသားလေကြောင်းရဲ့ ဌာနအကြီးအကဲများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုတောင်းပါတယ်။ ဒီနေ့ဟာ မင်္ဂလာရှိတဲ့နေ့တစ်နေ့ပါပဲ။ မြန်မာအမျိုးသားလေကြောင်းက မျိုးဆက်သစ်တွေမွေးထုတ်ပေးတဲ့ သင်တန်းဖွင့်ပွဲဖြစ်ပါတယ်။ ဒီသင်တန်းကို Crew တစ်ထောင်နီးပါးလောက်လျှောက် တယ်ထင်တယ်။ မန္တလေးမှာစာစစ်ဌာနတစ်ခု ရန်ကုန်မှာ တစ်ခုဆိုပြီး ဒီကနေအဆင့်ဆင့်ဘက်လိုက်ခြင်း၊ မျက်နှာ လိုက်ခြင်းလည်းမရှိပါဘူး။ တစ်နိုင်ငံလုံးက အရည်အချင်း ရှိတဲ့ကလေးတွေဖြစ်ပါတယ်။ အထူးသဖြင့် ဒီမှာအားလုံးက နိုင်ငံဝန်ထမ်းလည်းဖြစ်တော့ မိသားစုစိတ်လေးနဲ့ စုစုစည်း စည်းဖြစ်စေချင်ပါတယ်။ ဒီ Airline က အခုဆိုရင် နှစ် ၇၀ ပြည့်ပြီ သက်တန်းရှည်တစ်ခုဖြစ်အောင် မျိုးဆက်သစ်တွေကို အမွေပေးနေတာဖြစ်ပါတယ်"ဟု ထည့်သွင်းပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းလေယာဉ်မောင်မယ်သင်တန်း ၁/၂၀၁၈တွင် တက်ရောက်ကြသည့်သူများမှာ လေယာဉ်မောင်(၆)ဦး၊ လေယာဉ်မယ်(၂၅) ဦး စုစုပေါင်း ၃၁ ဦးဖြစ်သည်။

အဆိုပါ သင်တန်းတက်ရောက်ခွင့်ရရှိခဲ့သည့် မောင်ခိုင်မင်းကျော်က လေယာဉ်မောင်သင်တန်း တက်ရောက်ခွင့်ရခြင်းနှင့်ပတ်သက်၍ "နေတာက ရန်ကုန်သင်္ဃန်းကျွန်းမြို့နယ်မှာပါ။ ဒီသင်တန်းကို သတင်းစာကတစ်ဆင့်သိတာပါ။ ငယ်ငယ်တည်းက လေယဉ်မောင်ဖြစ်ချင်တာပါ။လေယာဉ်မောင်အဖြစ်နဲ့ Customers တွေကို service ပေးရတာသဘောကျတယ်။ လေယာဉ်မောင်က Smart လည်းရှိတယ်။ Confidence ရှိဖို့လည်းလိုတယ်" ဟုဆိုသည်။

လေယာဉ်မယ်အဖြစ် သင်တန်းတက်ရောက်ခွင့်ရရှိသည့် မသိမ့်သိမ့်သူကလည်း "လေယာဉ်မယ်အလုပ်က ငယ်ငယ်တည်းကအိမ်မက်ဖြစ်နေတယ်။ အဲ့ဒါကြောင့် လျှောက်ဖြစ် သွားတာပါ။ online ကနေတွေ့လို့ ဖောင်တင်ပြီးတော့ လာလျှောက်တာပါရှင့်။ သင်တန်းတက်ခွင့်ရတော့ အရမ်းပျော်ပါတယ်။ ဒီလိုတက်ခွင့်ရတဲ့အတွက် လည်းဂုဏ်ယူတယ်။ ဒီအတွက်အိမ်ကလည်း သဘောတူပါတယ်။ အိမ်ကလည်းကိုယ်ဖြစ်ချင်တာကို အမြဲထောက်ပံ့ပေးတယ်လေ။ MNA က မြန်မာအစိုးရလေကြောင်းလိုင်းလည်းဖြစ်တယ်။ မြန်မာနိုင်ငံမှာလည်း အကြီးဆုံးလေကြောင်းလိုင်းလည်းဖြစ်တယ်။ ရည်မှန်းချက်ကတော့အကောင်းဆုံးကြိုးစားသွားမှာပါ " ဟု ဆိုသည်။

အဆိုပါ လေယာဉ်မောင်၊ မယ်သင်တန်းတွင်ပါဝင်သင်ကြားပေးမည့် ကပ္ပတိန်ဇော်မင်းအောင်ကလည်း "ဒီ MNA operation မှာ ကျွန်တော်ဦးဆောင်နေပါတယ်။ ဘာကြောင့်သင်တန်းခေါ်ရသလဲဆို ပထမဆုံးအနေနဲ့ နောက်ထပ် လေယာဉ်အသစ်တွေလည်းရောက်ရှိမှာပါ။ အခုက မိုးတွင်းရာသီရောက်ပြီဆိုတော့ လူအင်အားတွေ လည်းဖြည့်ထားမယ်။ လာမယ့် အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာက ပွင့်လင်းရာသီဆိုတော့ ခရီးသွားကာလဖြစ်တဲ့အချိန် လေယာဉ်အသစ်တွေလည်း ရောက်ဖို့ရှိပါတယ်။ ခရီးစဉ်အသစ်တွေလည်း ဆွဲဖို့ရှိပါတယ်" ဟု သင်တန်းဖွင့်လှစ်ပေးခြင်းနှင့်ပတ်သက်၍ ၎င်းကပြောသည်။

ထိုသင်တန်းအတွက် သင်တန်းကာလမှာ မေလ ၁၀ ရက်မှ ဇူလိုင်လ ၂၃ ရက်အထိဖြစ်ပြီး ၎င်းတို့သင်ကြားရမည့် ဘာသာရပ်များမှာ Company Procedure Indoctrination(CPI)၊Aviation Medicine၊First Aid၊ In flight Security၊ Safety Emergency Procedure(S.E.P)၊ Service Training၊ Safety Management System (SMS)၊ Quality Management System(QMS)၊ Crew Resource Management(CRM)၊Dangerous Goods (DG)၊ Grooming Training တို့ဖြစ်ပြီး ထိုင်းနိုင်ငံတွင် TFTA (Thai Flight Training Ac ademy)တွင်လည်း Door & Slide Touch Drill၊ Smoke& Fire Fighting Drill နှင့် Wet  Drill တို့ဖြစ်သည်။

မြန်မာအမျိုးသားလေကြောင်းတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် လေယာဉ်မောင်၊ မယ် ၁၂၇ ဦးရှိပြီး ၎င်းတို့ လိုက်ပါတာဝန်ထမ်းဆောင်နေသည့် လေယာဉ်အမျိုးအစားများမှာ Boeing 737-800၊ Embraer-190၊ATR Caravan တို့ဖြစ်သည်။

အိမ်စည်၊ပိုးအိမ်
ဓာတ်ပုံတင်မောင်(ပို့၊ဆက်)



**ဦးစောနွဲ့ဖဟိန်းစေ**
**မန်နေဂျာ(လေကြောင်းထိန်း)၊ အုပ်ချုပ်စီမံ**

## ကချင်ပြည်နယ်အတွက် အဓိကဝန်ဆောင်မှုပေးနေသည့် မြစ်ကြီးနားလေဆိပ်



မြစ်ကြီးနားလေဆိပ်၏ အဆောက်အအုံအသစ်ကို ၁၀.၆.၂၀၁၆ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ထိုအဆောက်အဦအသစ်တွင် အပေါ်ထပ်အောက်ထပ်ပါရှိပြီး ခရီးသွားပြည်သူ ၃၀၀ ဦးခန့် အဝင်အထွက်ကို ဝန်ဆောင်မှုပေးနိုင်သည်။ ကုန်စည်စီးဆင်းမှုများအနေဖြင့် မြစ်ကြီးနားမှတစ်ဆင့် ပူတာအို၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့များသို့ လေကြောင်းလိုင်းများကိုရွေးချယ်ပြီး ကုန်စည်စီးဆင်းလျက်ရှိသည်။ မြစ်ကြီးနားမြို့မှတစ်ဆင့် ပူတာအိုမြို့ကို မိုးရာသီတွင် အဓိကလေကြောင်းဖြင့် ကုန်စည်ပို့ဆောင်ပေးလျက်ရှိပြီး၊ ပူတာအိုမြို့သို့ မြန်မာအမျိုးသားလေကြောင်းလိုင်း၊ ရန်ကုန်အဲဝေးနှင့် ရွှေမြန်မာလေကြောင်းလိုင်းတို့ ပျံသန်းလျက်ရှိနေသည်။

မြစ်ကြီးနားလေဆိပ်မှ မန်နေဂျာလေကြောင်းထိန်းအား မေးမြန်းရာတွင် "ကျွန်တော်က ဦးစောနွဲ့ဖဟိန်းစေ မန်နေဂျာ (လေကြောင်းထိန်း)ပါ။ လေယာဉ်ကွင်းရဲ့ အုပ်ချုပ်စီမံပိုင်းပါတာဝန်ယူရပါတယ်။ လေဆိပ်လုံခြုံရေးမှလည်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

လေဆိပ်ရဲ့ စီမံခန့်ခွဲမှု၊ သန့်ရှင်းသာယာလှပမှုကို ကျွန်တော်ကပဲ စီမံခန့်ခွဲရတယ်။ လေကြောင်းလိုင်းတွေရဲ့ လုံခြုံရေးကို ကျွန်တော်တို့ဒီကလုံခြုံရေးတွေနဲ့ လုပ်ငန်းအဆင်ပြေချောမွေ့စေရန်အတွက် အားလုံးပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ ဒီလေဆိပ်မှာ တာဝန်ကျတဲ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရတဲ့အတွက် အဆင်ပြေပါတယ်။ ဒီမှာတော့ အခက်အခဲတော့မရှိပါဘူး" ဟု ၎င်းကဆိုသည်။

မြစ်ကြီးနားလေဆိပ်သို့ ၂၀၁၇ခုနှစ်၊ ဧပြီလမှ ၂၀၁၈ ခုနှစ်၊ မတ်လကုန်အထိ လေယာဉ်အဆင်းနှင့် ညအိပ်ရပ်နားမှုအနေဖြင့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ E-190 (၅၅)ကြိမ်၊ ATR (၆၆၄)ကြိမ်နှင့် B-1900 D (၁)ကြိမ်၊အေးရှားဝင်းလေကြောင်းမှ ATR (၁၄၆)ကြိမ်၊ အဲကမ္ဘောဇလေကြောင်းမှ ATR (၃၇၀)ကြိမ်၊ ရန်ကုန်အဲဝေးမှ ATR (၆၄၂)ကြိမ်၊ မန်းရတနာပုံလေကြောင်းမှ ATR (၁၄၂)ကြိမ်၊ ရွှေမြန်မာလေကြောင်းမှ ATR (၄၁၆)ကြိမ်၊ အဲမန္တလေးလေကြောင်းမှ ERJ-145 (၁၆၆)ကြိမ်၊ FMI လေ ကြောင်းမှ ATR (၇၀)ကြိမ်နှင့် အဲမြန်မာလေကြောင်းမှ AS-350 (၁၀)ခန့်တို့ဆင်းသက်ကြောင်း မှတ်တမ်းများအရ သိရသည်။ အဲမန္တလေးလေကြောင်းမှ ညအိပ် (၂)ကြိမ်ရပ်နားခဲ့သည်။

"ကုန်စည်စီးဆင်းမှုနှင့်ပတ်သက်ပြီးတော့ ပြောရရင် တခြားမြို့တွေက ရထားတွေ၊ ကားတွေပေါ်တဲ့အတွက် ကုန်စည်စီးဆင်းမှုအပိုင်းမှာ ရထားတွေ၊ ကားတွေရွေးကြတယ်။ မြစ်ကြီးနားမှာကျတော့ ပူတာအိုကို ကုန်စည်ပို့ဆောင်တဲ့အခါမှာ လေကြောင်းလိုင်းတွေပဲရွေးချယ်ကြတယ်။ ပူတာအိုကိုတက်တာဆိုရင် မြန်မာအမျိုးသားလေကြောင်းလိုင်း၊ ရန်ကုန်အဲဝေး၊ ရွှေမြန်မာလေကြောင်းလိုင်းတို့ရှိတယ်။ အဲ့ဒီလေကြောင်းလိုင်းတွေကဘဲ ကုန်ပစ္စည်းတွေသယ်ယူပို့ဆောင်ပေးတယ်" ဟု ဦးစောနွဲ့ဖဟိန်းစေ မန်နေဂျာ လေကြောင်းထိန်းမှ ပြောသည်။

မြစ်ကြီးနားလေဆိပ်သို့ ၂၀၁၇ ခုနှစ်၊ ဧပြီလမှ ၂၀၁၈ ခုနှစ်၊ မတ်လကုန်အထိ ခရီးသည်၊ ကုန်ပစ္စည်း၊ ချောထုတ်အဝင်အထွက်အနေဖြင့် ခရီးသည်အဝင် (၁၂၄၇၄၃)ဦး၊ ခရီးသည်အထွက် (၁၂၈၁၉၄)ဦး၊ လွှဲပြောင်းမှု (၁၂၈၅၉)ဦး၊ ကုန်ပစ္စည်းအဝင် (၂၅၂၅)ကီလိုဂရမ်၊ ကုန်ပစ္စည်းအထွက် (၁၄၈၉၉)ကီလိုဂရမ်၊ လွှဲပြောင်းမှု (၃၀၂၄)ကီလိုဂရမ်၊ ချောစာအဝင် (၆၀၇)ကီလိုဂရမ်၊ ချောစာအထွက် (၉၃၂)ကီလိုဂရမ်နှင့် လွှဲပြောင်းမှု (၃၀)ကီလိုဂရမ်တို့ကို မြစ်ကြီးနားလေဆိပ်မှ ဝန်ဆောင်မှုများ ဆောင်ရွက်ခဲ့သည်။

Transcom

# မြန်မာနိုင်ငံမှ ခရီးသွားများအတွက် Emirates ၏ အထူးလက်မှတ်ဈေးနှုန်းများ

ယခုနှစ်၏ ပူပြင်းသောနွေရာသီကို ရှောင်ရှားနိုင်စေရန် မြန်မာနိုင်ငံမှ ခရီးသွားများအတွက် Emirates လေကြောင်းလိုင်းမှ အထူးလက်မှတ်ဈေးနှုန်းများအား မေလ ၂ရက်က ထုတ်ပြန်လိုက်သည်။ အဆိုပါအထူးအစီအစဉ်အရ ခရီးသွားများအနေနှင့် ဥရောပနှင့် UK ရှိအထင်ကရမြို့များထံသို့ ပုံမှန်ထက်လျှော့နည်းသော လေယာဉ်စီးနင်းခ နှုန်းထားများဖြင့် သွားရောက်လည်ပတ်နိုင်မည်ဖြစ်သည်။

၂၀၁၈ ခုနှစ်၊ မေလ ၂ရက်နေ့မှ ၂၃ရက်နေ့အတွင်း Emirates လေကြောင်းလိုင်းဖြင့် ဥရောပနှင့် UK ရှိ ပဲရစ် (Paris)၊ ရောမ (Rome)၊ ပရာ့ဂ် (Prague)၊ အော်စလို (Oslo)၊ ဖရန့်ဖတ် (Franfurt)၊ မန်ချက်စတာ (Manchester) လန်ဒန် (London) နှင့်အခြားသောမြို့ကြီးများသို့ သွားရောက်ရန် ကြိုတင်စာရင်းပေးသွင်းမည့် ခရီးသွားများအနေဖြင့် အထူးလေယာဉ်လက်မှတ်ဈေးနှုန်းများအား အမေရိကန်ဒေါ်လာ ၉၆၀မှစတင်၍ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အဆိုပါကြိုတင်စာရင်းပေးသွင်းထားမှုများအား နိုဝင်ဘာလ ၃၀ရက်နေ့၊ ၂၀၁၈ ခုနှစ် နောက်ဆုံးထား၍ အသုံးပြုနိုင်မည်ဖြစ်သည့်အတွက် လုပ်ငန်းကိစ္စဖြင့် သွားရောက်လိုသူများနှင့် အပန်းဖြေခရီးသွားလိုသူများအနေနှင့် ၎င်းတို့အဆင်ပြေဆုံးအချိန်တွင် စီစဉ်သွားရောက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ခရီးသွားများသည် ဒူဘိုင်းနှင့် ဒူဘိုင်းမှတဆင့် ဥရောပရှိနေရာဒေသပေါင်း ၃၉နေရာသို့ နေ့စဉ်ပြေးဆွဲလျက်ရှိသည့် ဘိုးရင်း ၇၇၇ လေယာဉ်ဖြင့် သာယာငြိမ်းချောင်းစွာစီးနင်းသွားရောက်နိုင်မည်ဖြစ်သည်။ ထို့အပြင် စီးနင်းလိုက်ပါသည့် ခရီးသည်များအား မြို့တစ်မြို့သို့အသွားလက်မှတ်ဝယ်ယူစီးနင်းပြီး အခြားသောမြို့တစ်မြို့မှ အပြန်လက်မှတ်ဝယ်ယူစီးနင်းနိုင်ခြင်း စသည့်အဆင်ပြေလွယ်ကူစေမည့် ဝန်ဆောင်မှုများကိုလည်း Emirates မှ ပေးအပ်ထားသည့်အတွက် ခရီးသွားများအနေနှင့် ဥရောပသို့ ရောက်ရှိနေသည့်အချိန်ကာလအတွင်း အဆင်ပြေချောမွေ့စွာလည်ပတ်သွားရောက်နိုင်မည်ဖြစ်သည်။ ထို့အပြင် Emirates နှင့် Flydubai တို့၏ code-share partnership အစီအစဉ်အရ အခြားသော ဥရောပရှိနေရာဒေသများသို့ သွားရောက်လည်ပတ်နိုင်မည်ဖြစ်သည့်အတွက် မတူညီသောယဉ်ကျေးမှုဓလေ့ထုံးစံများကိုလည်း ခံစားကြည့်ရှုနိုင်မည်ဖြစ်သည်။

၂၀၁၈ခုနှစ်၊ ဇွန်လ ၈ရက်နေ့တွင် စတင်အသုံးပြုနိုင်မည့် London Stansted လေဆိပ်အပြင်ခရီးသည်များအနေနှင့် လန်ဒန်ရှိ လေဆိပ် ၃ခုအပါအဝင် UK အတွင်း အခြားသောလေဆိပ် ၇ခုအနက်၎င်းတို့ကြိုက်နှစ်သက်သည့် လေဆိပ်အားရွေးချယ်စီးနင်းနိုင်မည်ဖြစ်သည်။ ထိုမျှသာမက Emirates ၏ code-share partner ဖြစ်သော ဥရောပ၏ ဒေသတွင်းအကြီးဆုံးလေကြောင်းလိုင်းတစ်ခုဖြစ်သည့် Flybe ဖြင့် UK မှ တဆင့်အခြားသောမြို့ကြီးများထံသို့ ဆက်လက်သွားရောက်နိုင်မည်ဖြစ်သည်။

**သွားရောက်နိုင်သောဒေသများနှင့် လက်မှတ်နှုန်းထားများ**

| နေရာ | Economy Class Fares from | Business Class Fares from |
|---|---|---|
| ရောမ | အမေရိကန်ဒေါ်လာ ၉၆၀ | အမေရိကန်ဒေါ်လာ ၃,၀၄၄ |
| ပဲရစ် | အမေရိကန်ဒေါ်လာ ၁,၀၀၀ | အမေရိကန်ဒေါ်လာ ၃,၀၂၀ |
| ဖရန့်ဖတ် | အမေရိကန်ဒေါ်လာ ၁,၀၂၀ | အမေရိကန်ဒေါ်လာ ၃,၀၉၆ |
| ကိုပင်ဟေဂင် | အမေရိကန်ဒေါ်လာ ၁,၀၃၂ | အမေရိကန်ဒေါ်လာ ၂,၉၅၀ |
| အော်စလို | အမေရိကန်ဒေါ်လာ ၁,၀၆၄ | အမေရိကန်ဒေါ်လာ ၂,၈၉၄ |
| လန်ဒန် | အမေရိကန်ဒေါ်လာ ၁,၀၉၆ | အမေရိကန်ဒေါ်လာ ၂,၈၉၄ |
| အမ်စတာဒမ် | အမေရိကန်ဒေါ်လာ ၁,၁၃၀ | အမေရိကန်ဒေါ်လာ ၂,၈၀၂ |
| ဇူးရစ် | အမေရိကန်ဒေါ်လာ ၁,၁၈၆ | အမေရိကန်ဒေါ်လာ ၃,၃၁၆ |
| မန်ချက်စတာ | အမေရိကန်ဒေါ်လာ ၁,၂၄၂ | အမေရိကန်ဒေါ်လာ ၃,၅၆၈ |
| ပရာ့ဂ် | အမေရိကန်ဒေါ်လာ ၁,၃၆၈ | အမေရိကန်ဒေါ်လာ ၃,၅၁၈ |

လက်မှတ်များအား + ၉၅၁ ၉၃၄ ၅၃၁၁ သို့ ဖုန်းခေါ်ဆို၍ဖြစ်စေ ၊ Emirates.com/mm သို့ဝင်ရောက်၍ ဖြစ်စေ သို့မဟုတ် ၆လွှာ၊ မြန်မာစင်တာတာဝါ ၁ (HAGL) အမှတ် ၁၉၂ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်ရှိ Emirates မြန်မာရုံးခန်းတွင် သွားရောက်ဝယ်ယူနိုင်မည်ဖြစ်သည်။ အထူးဈေးနှုန်း လက်မှတ်များကို Emirates ၏ တရားဝင်ခရီးသွားအော်ပရေတာများမှလည်း ဝယ်ယူနိုင်ကြောင်း သိရသည်။

ကျော်ကျော်

# Max ကျန်းမာရေးစင်တာနှင့် NGO အဖွဲ့များ ငွေကြေး မတတ်နိုင်သည့် လူနာများအား ခွဲစိတ်ကုသမှုခံယူရန် ပူးပေါင်း ဆောင်ရွက်

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ Max Super Speciality Hospitals သည် မြန်မာနိုင်ငံမှ ငွေကြေးမတတ်နိုင်သည့်လူနာများခွဲစိတ်ကုသမှု ခံယူနိုင်ရန် Max ကျန်းမာရေးစင်တာနှင့် NGO အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း Max Super Speciality Hospitals ၏ မြန်မာပြည်ကိုယ်စားလှယ်ရုံးခန်း၌ ကျင်းပခဲ့သော ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ Waheed Zaman နှင့် လူနာများတွေ့ဆုံပွဲတွင် ကိုယ်စားလှယ်ရုံး ခန်းတာဝန်ခံကပြောသည်။

အဆိုပါ အခမ်းအနားကျင်းပရခြင်းသည် ခွဲစိတ်ကုသမှုခံယူရန်လိုအပ်သည့် လူနာများတက်ရောက်ခြင်းဖြင့် ခွဲစိတ်ကုသမှုခံယူပြီးနောက် မိမိကိုယ်ကို စောင့်ရှောက်မှုနည်းလမ်းများသိရှိနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်ပြီး Max ကျန်းမာရေးစင်တာအနေဖြင့် အိန္ဒိယနိုင်ငံရှိ ခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် လူနာများတွေ့ဆုံပွဲ အခမ်းအနားတို့ကို ကျင်းပပေးလျက်ရှိသည်။

ပိုးအိမ်

# မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့် အခမ်းအနားကျင်းပရန် ကြိုတင်ပြင်ဆင်လျှက်ရှိ

မြန်မာ့ရုပ်ရှင်နှစ်(၁၀၀)ပြည့်ကို ခမ်းနားစွာကျင်းပမည်ဖြစ်ပြီး အစီအစဉ်များစွာဖြင့်ပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်လျက်ရှိကြောင်း၊ လတ်တလောတွင်မြန်မာ့ရုပ်ရှင်၏ ၉၈ နှစ်တာကာလအတွင်းဖြတ်သန်းခဲ့သည် သမိုင်းကြောင်းတစ်လျှောက်အားစုဆောင်းသိမ်းဆည်း လျက်ရှိကာ သမိုင်းထဲကမြန်မာရုပ်ရှင် အစီအစဉ်ကိုလည်းနှစ်(၁၀၀)အကြို အစီအစဉ်တစ်ခုအဖြစ် ထုတ်လွှင့်လျက်ရှိကြောင်းကို မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဒုတိယဥက္ကဋ္ဌဦးအေးကြူလေးကပြောသည်။

မြန်မာ့ရုပ်ရှင်က ၂၀၂၀ မှာနှစ်၁၀၀ ပြည့်မြောက်တော့မှာဖြစ်တယ်။ နှစ်နှစ်နီးပါးလောက်သာလိုတော့တာဆိုတော့ အဲဒီအတွက် စပြီးပြင်ဆင်နေတယ်။ အဓိကတော့မြန်မာရုပ်ရှင်နှစ် ၁၀၀ ပြည့်ကိုခမ်းနားစွာကျင်းပနိုင်ဖို့နဲ့ အစီအစဉ်များစွာနဲ့တင်ဆက်နိုင်ဖို့ မြန်မာ့ရုပ်ရှင်နှစ် (၁၀၀) ကာလအတွင်းဖြတ်သန်းခဲ့တဲ့ သမိုင်းကြောင်းတွေကိုလည်း စုစည်းသိမ်းဆည်းထားတယ်။ နှစ် ၁၀၀ အကြိုဂုဏ်ပြုအစီအစဉ်အနေနဲ့ သမိုင်းထဲကမြန်မာ့ရုပ်ရှင်အစီအစဉ်ကိုလည်း ထုတ်လွှင့်ပြသနေတယ်။ ဒီအစီအစဉ်မှာရုပ်ရှင်ခေတ်အဆက်ဆက်က ထင်ရှားတဲ့အနုပညာရှင်တွေရဲ့သူတို့ဖန်တီးခဲ့တဲ့ အနုပညာရှင်တွေရဲ့ ဘဝအကြောင်းတွေ၊ သူတို့ဖန်တီးခဲ့တဲ့အနုပညာဖန်တီးမှုတွေ အကြောင်းကို တင်ဆက်နေတာ ဖြစ်တယ်။ ရုပ်ရှင်နှစ် ၁၀၀ ပြည့်ပွဲမှာ အနုပညာရှင်တွေရော၊ ပရိသတ်တွေ အားလုံးက ဝိုင်းဝန်းပါဝင်ကြရမှာဖြစ်တယ်”ဟု၎င်းကပြောသည်။

မြန်မာ့ရုပ်ရှင်သည် ၁၉၂၀ ပြည့်နှစ်တွင် စတင်ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပြီး မေတ္တာနှင့်သူရာဇာတ်ကားမှာပထမဆုံးမြန်မာဇာတ်ကားဖြစ်သည်။ နှစ်ပေါင်း ၁၀၀ တိုင်တော့မည်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်သည် လက်ရှိတွင်အပြောင်းအလဲများစွာနှင့် ရင်ဆိုင်လျက်ရှိကာ နည်းပညာအပြောင်းအလဲ၊ ဖန်တီးသူတို့၏ အပြောင်းအလဲနှင့်ပရိသတ်များ၏ ပုံစံသစ်များအားတောင့်တလာမှုစသည်တို့ကို ရင်ဆိုင်လျက်ရှိကြောင်းသိရသည်။

T.Z

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကြားကား ၈၀ ကျော် လေးလ ကျော်အတွင်း ဖမ်းဆီးရမိ

ရန်ကုန်တိုင်းအတွင်း ခရီးသည်တင်ယာဉ်အဖြစ် မှတ်ပုံတင်ထားခြင်းမရှိဘဲ တရားမဝင်ပြေးဆွဲနေသော ကြားကားများကို ဖမ်းဆီးအရေးယူရာ၌ လေးလကျော်အတွင်း ယာဉ်စီးရေ ၈၀ ကျော် ဖမ်းဆီးအရေးယူထားကြောင်းနှင့် လက်ရှိဖမ်းဆီးရမိထားသည့် ကြားကားများကို အင်းစိန်၊ လှိုင်သာယာ၊ တာမွေမြို့နယ်တို့တွင် အများဆုံးဖမ်းဆီးရမိခြင်းဖြစ်ပြီး၊ ဇန်နဝါရီလမှ မေလ ၁၀ ရက်အထိ ၈၀ ကျော်ဖမ်းဆီးအရေးယူထားကြောင်း အမှတ် ၂ ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံးမှသိရသည်။

အဆိုပါ ကြားကားများ ပပျောက်ရန် လက်ရှိပြေးဆွဲနေသည့် YBS ယာဉ်လိုင်းများအားလုံး ည ၁၀ နာရီအထိပြေးဆွဲရန် စီမံလျက်ရှိပြီး YBS ယာဉ်လိုင်း ၉၃ လိုင်း ယာဉ်စီးရေ ၄၀၀၀ ကျော်ဖြင့် နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်းနှင့် လက်ရှိတွင် YBS ယာဉ်လိုင်းများ၌ ယာဉ်စီးရေ ၄၀၀၀ ကျော်ဖြင့် နေ့စဉ်ပြေးဆွဲနေသော်လည်း ခရီးသွားပြည်သူများတွင် ညပိုင်းတွင် ကြားကား (အောက်ဆိုက်ကား)များကိုအားပြု စီးနင်းနေဆဲဖြစ်ကြောင်းသိရသည်။



သတ်မှတ်လိုင်စင်မရှိဘဲ ပြေးဆွဲခြင်းကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ လုပ်ငန်းလိုင်စင် ကွဲလွဲပြစ်ဒဏ်ဖြင့် ပုဒ်မ ၆၅ အရ ဒဏ်ငွေကျပ်သုံးသောင်း ချမှတ်အရေးယူခဲ့ကြောင်း။ ထို့အပြင် ယခင်မထသလက်ထက်ကတည်းက ကြားကားပြေးဆွဲမှုများရှိခဲ့သည်။ လက်ရှိအချိန်ထိ မပပျောက်နိုင်ခြင်းမှာ ခရီးသည်တင်ယာဉ်လိုင်းများသည် ခရီးသည်များ၏ စီးနင်းမှုလိုအပ်ချက်ကို မဖြည့်ဆည်းနိုင်ခြင်း၊ ယာဉ်စီးရေလုံလောက်စွာဖြင့် ညပိုင်းအထိ မပြေးဆွဲနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ပိုးအိမ်

## Transcom News journal Cartoons









# အမေများနေ့ကို ဂုဏ်ပြုဒုတိယအကြိမ်မြောက် “ချစ်မေတ္တာဖြင့် ချက်မေမေ့အတွက်”ဟင်းချက် ပြိုင်ပွဲကြီးကို မက်ဂီက ကျင်းပခဲ့




မက်ဂီကနေပြီး“ချစ်မေတ္တာဖြင့် ချက်မေမေ့အတွက်”ဟုအမည်ရသည့် ဟင်းချက်ပြိုင်ပွဲကြီးကို မေလ၊ ၁ရက်နေ့က City Mall စိန့်ဂျွန်းတွင်ဒုတိယအကြိမ်မြောက်အဖြစ်ကျင်းပသွားခဲ့သည်။ ယခုနှစ်တွင် ၂၀၁၇ ခုနှစ်တုန်းကကျင်းပခဲ့သည့်ပွဲထက် ပိုမိုများပြားသည့်အနုပညာရှင်များ၊ ဖျော်ဖြေရေးအစီအစဉ်များကို မိခင်များ မီးဖိုချောင်တွင်အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်အညီချက်ပြုတ်နိုင်စေရေး အာဟာရနှင့် ကျန်းမာရေးအသိပညာပေးအစီအစဉ်များနှင့်အတူ ပိုမိုကြီးကျယ်ခမ်းနားစွာကျင်းပသွားခဲ့သည်။

ချက်ပြုတ်ခြင်းဆိုသည်မှာ မြန်မာအိမ်ထောင်ရှင်မများ၏ ဘဝ၏အဓိကအစိတ်အပိုင်းပင်ဖြစ်ရာ မြန်မာအိမ်ထောင်ရှင်မများသည် ချက်ပြုတ်ရာ၌ အစွမ်းကုန် ဂရုတစိုက်ချက်ပြုတ်လေ့ရှိကြသဖြင့် မြန်မာမိခင်များမှာအမြဲတမ်းချစ်ခြင်းမေတ္တာဖြင့် ချက်ပြုတ်ကြသည်ဟု မက်ဂီကယုံကြည်ထားသည်။ ချက်ပြုတ်သည့် ဓလေ့၊ နည်းလမ်းနှင့် အလေ့အထများကို မိခင်မှသမီးထံသို့ မျိုးဆက်အလိုက်လက်ဆင့်ကမ်းအမွေပေးလာခဲ့ကြခြင်းလည်း ဖြစ်သည်။ မြန်မာမိခင်များ၏ နေ့စဉ်ချက်ပြုတ်သည့်လုပ်ငန်းစဉ်နှင့် အရသာရှိ၊ အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့်ညီညွတ်သည့်အချက်အပြုတ်နှင့် အစားအသောက်အလေ့အထတို့တွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ခွင့်ရသည့်အတွက်လည်း မက်ဂီကအစဉ်သဖြင့်ဂုဏ်ယူလျက်ရှိကြောင်း၊ ထို့ကြောင့်ဒုတိယအကြိမ်အဖြစ် မိခင်များနေ့ကိုဂုဏ်ပြုရာတွင် မြန်မာနိုင်ငံတစ်ဝှမ်းလုံးရှိမိခင်အားလုံးကို ကျေးဇူးတင်၊ အသိအမှတ်ပြုကြောင်း ဖော်ပြရင်းတစ်ချိန်တည်းမှာပင် အိမ်ထောင်ရှင်မများအနေဖြင့် သူတို့မိခင်များအတွက် အမှတ်တရအခိုက်အတံ့များနှင့် ချစ်မေတ္တာတို့ကို“ချစ်မေတ္တာဖြင့်ချက်မေမေ့အတွက်”ဟင်းချက်ပြိုင်ပွဲကြီးမှတစ်ဆင့်နစ်စဉ် ဖော်ထုတ်ပြသနိုင်ရန်လည်း ရည်ရွယ်ထားသည်

မိခင်များ၏ ချစ်မေတ္တာကိုအထူးသဖြင့် မိခင်များနေ့တွင်ကျေးဇူးတင်ကြောင်းဖော်ပြသည့်အနေဖြင့် ပြိုင်ပွဲဝင်များသည်ကိုယ်ရဲ့မိခင် အကြိုက်ဆုံးဟင်းတစ်ခွက်၊ သို့မဟုတ် ကိုယ်ရဲ့မိခင်ချက်ကျွေးဖူးသည့် ဟင်းတစ်ခွက်ကိုမက်ဂီပဲငံပြာရည်၊ ခရုဆီတို့အသုံးပြု၍ချက်ပြုတ်ကာ ထိုဟင်းပွဲကိုဓါတ်ပုံရိုက်ပြီးနောက် ယင်းဟင်းလျာကိုအဘယ်ကြောင့် ကိုယ့်မိခင်အတွက်ချက်ရသနည်းဆိုသည်နှင့် မက်ဂီကိုသုံးပြီးမည်ကဲ့သို့ထူးကဲအောင်ပြင်ဆင် ချက်ပြုတ်ထားသည်ဆိုသည်ကိုရေးထားပြီး Maggi Myanmar Facebook Page ရှိ“ချစ်မေတ္တာဖြင့် ချက်မေမေ့အတွက်” ဟင်းချက်ပြိုင်ပွဲပို့စ်အောက်တွင် Comment ရေးသားပြီးပါဝင်ယှဉ်ပြိုင်ခဲ့ကြရသည်။ အွန်လိုင်းအဆင့်တွင် လူအများအပြားစိတ်ဝင်တစားပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၎င်းတို့၏မိခင်အတွက် ထိုဟင်းလျာကိုချက်ပြုတ်ရသည်ဆိုသည့် နောက်ကွယ်မှ ဇာတ်လမ်းမှခံစားမှုပေးနိုင်စွမ်း၊ မက်ဂီကိုအသုံးပြုပုံနှင့်ဟင်းပွဲဓါတ်ပုံများ၏ တင်ပြပုံတို့အပေါ်မူတည်ကာ ထိပ်တန်းပြိုင်ပွဲဝင် ၅ဦးကိုနောက်ဆုံးအဆင့် ဟင်းချက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်ရွေးချယ်ခဲ့သည်။ပထမဆုကြီးအတွက်ဆုငွေမှာ ၁၅၀၀၀၀၀ ကျပ်ဖြစ်ပြီးနှစ်သိမ့်မှာ ၄ဆုအတွက် ဆုငွေကျပ် ၁၀၀၀၀၀ စီချီးမြှင့်ခဲ့သည်။ ပထမဆုရှင်ရွေးချယ်သည့်နည်းလမ်းမှာမူ ယမန်နှစ်ကနှင့် ကွာခြားမှုရှိခဲ့ရာပွဲကိုတက်ရောက်လာသည့် ဧည့်သည်များကပြိုင်ပွဲဝင် ၅ဦး၏ဟင်းလျာများကိုမြည်းစမ်းကြည့်ပြီး ၎င်းတို့အနှစ်သက်ဆုံးပြိုင်ပွဲဝင်ကို နာမည်ကျော်စားဖိုမှူးကြီး ဦးမြင့်ဦးသာနှင့်အတူ Vote ပေးပြီးရွေးချယ်ခဲ့ကြောင်းသိရသည်။

ကျော်ကျော်

# MRS.MYANMAR TOURISM QUEEN INTERNA TIONAL 2018 အလှမယ်ဘွဲ့ ပေးအပ်ချီးမြှင့်



Mrs.Tourism Queen International 2018 အိမ်ထောင်ရှင်အလှမယ်ပွဲကြီးတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ရွေးချယ်ခြင်းခံရသော Mrs.ဟန်နီအား Mrs.Myanmar Tourism Queen International 2018 အလှမယ်ဘွဲ့ ပေးအပ်ချီးမြှင့်ခြင်းနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို Sule Shangri-La Hotel (Grand Ball room)၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် Miss Gloden Land Myanmar Organization မှ Founder & CEO ဆရာဝေယံအောင်၊ Founder & CEO ဆရာဟန်ဇော်လတ်၊ ERM(Global) ကမ္ဘာ့ Pageants အဖွဲ့အစည်း၏ CEO-Mr.Sean Chia See Chun Mrs.Tourism Queen International Organization နိုင်ငံတကာအလှမယ်အဖွဲ့အစည်းကြီး၏အမှုဆောင်အရာရှိချုပ် – Mrs.Jenet Foo တို့ကိုယ်တိုင်သရဖူ၊ စလွယ်နှင့်ဂုဏ်ပြု Certificate တို့ကိုပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အရည်အချင်းပြည့်ဝပြီး ထူးချွန်ထက်မြက်သည့် စံပြအိမ်ထောင်ရှင်များအတွက် မြန်မာနိုင်ငံ၏ Mrs.Myanmar အလှမယ်ရွေးချယ်ပွဲကြီးကို Women Empowerment Programအဖြစ် Miss Gloden Land Myanmar Organization မှကျင်းပပေးလျက်ရှိရာ ၂၀၁၈ခုနှစ်၊ မတ်လ(၂၅)ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော စတုတ္ထအကြိမ်မြောက် Mrs.Myanmar ရွေးချယ်ပွဲကြီး၌ လက်ရွေးစင်ဆန်ခါတင်ပြိုင်ပွဲဝင်(၉၀)ကျော်မှအသက်အပိုင်းအခြားအလိုက် သရဖူဆုရှင်(၅)ဦး ချီးမြှင့်ပေးခဲ့သည့်အနက် Mrs.ဟန်နီက Classic Mrs.Myanmar သရဖူကိုထိုက်တန်စွာဆွတ်ခူးရရှိခဲ့သူတစ်ဦးဖြစ်ကြောင်း Mrs.ဟန်နီသည်အသက်(၃၆)နှစ်အရွယ်ဖြစ်ပြီး သားလေး(၂)ဦးနှင့် သမီးလေး(၁)ဦးတို့၏စံပြမိခင် အိမ်ရှင်မတစ်ဦးဖြစ်သလို Sumo Blind Message ၏ Owner & Managing Directorn အောင်မြင်သော Business Woman တစ်ဦးလည်းဖြစ်သလိုလူမှုအကျိုးပြု ပရဟိတလုပ်ငန်းများကိုလည်း စွမ်းစွမ်းတမံဆောင်ရွက်နေသူတစ်ဦးလည်းဖြစ်သည်။

ကမ္ဘာ့စင်မြင့်ထက်၌ မြန်မာ့ဂုဏ်ဆောင်ရန် ထိုက်တန်သောအရည်အချင်းများကြောင့် Mrs.ဟန်နီအား Miss Golden Land Myanmar Organization နှင့် ERM(Myanmar) အဖွဲ့အစည်းတို့မှ Mrs.Myanmar Tourism Queen International 2018 အလှမယ်ဘွဲ့ကို ထပ်မံပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ကျော်ကျော်

» စာ-၈

ဖြစ်မနေ အကောင်အထည်ဖော်ရန်ဆက်လက်ရည်မှန်းထားကြသည်။ ကျောက်ဖြူသည် ၎င်းတို့ဒေါ်လာ ၁.၅ ဘီလီယံ အကုန်အကျခံတည်ဆောက်ခဲ့သော ရေနံပိုက်လိုင်းများ စတင်ရာမြို့လည်း ဖြစ်နေသောကြောင့်ပင်ဖြစ်ဖြစ်ပေသည်။

အဆိုပါပိုက်လိုင်းအား China National Petroleum Corporation(CNPC) နှင့်မြန်မာရေနံနဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းတို့မှ ၂၀၁၀ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အကြားတည်ဆောက်ခဲ့ကြသည်။ တရုတ်အစိုးရပိုင် CNPC က ရှယ်ယာအများစုကို ပိုင်ဆိုင်ခွင့်ရခဲ့ကြသည်။ ၂၀၁၃ ခုနှစ်ခုစ၍ ပိုက်လိုင်းကိုစတင်အသုံးပြုခဲ့ကြပြီး နှစ်စဉ်တရုတ်ပြည်သို့ သဘာဝဓာတ်ငွေ့ကုဗမီတာသန်း ၁၂ ဘီလီယံခန့် တင်ပို့နိုင်ခဲ့သည်။ သို့သော် နှစ်နှစ်ခန့်နှောင့်နှေးခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဧပြီလတွင်မှရေနံပိုက်လိုင်းကို အသုံးပြုနိုင်ခဲ့သည်။ တစ်နှစ်လျှင်ရေနံစည် ၂၂သန်းခန့်တင်ပို့နိုင်မည်ဟုသတင်းများကဆိုသည်။ အဆိုပါ ပမာသည် ၂၀၁၆ ခုနှစ်အတွင်း တရုတ်ပြည်တင်သွင်းခဲ့သမျှသော ရေနံပမာဏ၏ ၆% ခန့်ရှိပေသည်။ ပီကင်းအနေဖြင့်၎င်း၏ရေနံနှင့် သဘာဝဓာတ်ငွေ့များအား မလက္ကာရေလက်ကြားအား အသုံးပြု၍တင်ပို့နေရခြင်းကိုလျော့ချနိုင်ရေးမဟာဗျူဟာမြောက်ကြိုးပမ်းမှု တစ်စိတ်တပိုင်းပင်ဖြစ်သည်။

ပိုက်နက်ပင်လယ်ဆိုင်ရာနှင့် ပဋိပက္ခများ ဖြစ်ပွားလာပါက အမေရိကန်ပြည်ထောင်စုမှ မလက္ကာရေလက်ကြားအားထိမ်းချုပ်ရန် ခြိမ်းခြောက်လာနိုင်မည့်အရေးအားရှောင်ရှားနိုင်မည်ဖြစ်ပေသည်။

ကျောက်ဖြူ၌ ပင်လယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ခြင်းအားဖြင့် တရုတ်အဖို့၎င်းတို့၏ကုန်းတွင်းပိုင်း ပြည်နယ်များအား စီးပွားရေးနဲ့မဟာဗျူဟာအရ အရေးပါလာစေရန်သိသာသောတွန်းအား တစ်ရပ်ဖြစ်လာနိုင်ပေသည်။ ဥရောပ၊ အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့်အိန္ဒိယတို့မှ သင်္ဘောလမ်းမှဝင်လာသော ကုန်စည်များအားကျောက်ဖြူဆိပ်ကမ်းမှတဆင့်ကုန်းလမ်းခရီးဖြင့် ယူနန်ပြည်နယ်သို့ပို့ဆောင်နိုင်မည်ဖြစ်ရာ ခရီးမိုင်ထောင်ပေါင်းများစွာသက်သာသွားမည်လည်း ဖြစ်သည်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် အရှေ့မြောက်အိန္ဒိယစီးပွားရေးစကြံန်ရဲ့ အဓိကအရေးပါတဲ့ ဆိပ်ကမ်းတစ်ခုဖြစ်လာချိန်မှာအခြားတစ်ဘက်မှာလည်း ကျောက်ဖြူပင်လယ်ရေနက်ဆိပ်ကမ်းဟာမလက္ကာရေလက်ကြားအတွက် ပြိုင်ဘက်တစ်ခုဖြစ်လာခဲ့ပါတယ်။

ကျောက်ဖြူရေနက်ဆိပ်ကမ်းသည် တရုတ်ပြည်အတွက်အကျိုးရှိသော်လည်း မြန်မာဘက်အဖို့ထိုဆိပ်ကမ်းတည်ဆောက်ရေးမှ အကျိုးခံစားခွင့်ရရှိရေးသည် SEZ ဖြစ်ထွန်းလာမှုအပေါ်မူတည်သည့် အခြေအနေတွင်ရှိနေပါသည်။ SEZ အတွင်းတိုင်းပြည်အတွက် အကျိုးရှိမည့်စက်မှုစီမံကိန်းများ အကောင်အထည်မဖော်နိုင်ပါက ကျောက်ဖြူသည်ယူနန်အကျိုးရှိမည့် စက်မှုစီမံကိန်းများအကောင်အထည်မဖော်နိုင်ပါက ကျောက်ဖြူသည်ယူနန်သို့ကုန်စည်တင်ပို့ရာလမ်းကြောင်း၏ ကုန်တင်ကုန်ချစခန်းတစ်ခုသာ ဖြစ်သွားပေလိမ့်မည်။ ယခင်အစိုးရလက်ထက်တွင် တိုင်းပြည်စီးပွားရေးအား တွန်းအားပေးမြှင့်တင်နိုင်ရန် SEZ ပရိုဂျက်သုံးခုကို ဖော်ဆောင်ရေးကြိုးပမ်းလာခဲ့သည်။ ထိုသုံးခုထဲတွင် သီလဝါရှိဂျပန်တို့ဦးဆောင်သော SEZ သာအကောင်အထည်ဖေါ်လည်ပတ်နိုင်သည်ကိုတွေ့ရသည်။

နောက်တစ်ခုဖြစ်သော ထိုင်း–ဂျပန်ဖက်စပ်ဆောင်ရွက်မည် ထားဝယ် ပရိုဂျက်သည်အမြဲလို ဘဏ္ဍာရေးပြဿနာများရှိနေပြီး တရွေ့ရွေ့ဖြင့်သာ ဆက်လက်ရွေ့လျားနေဆဲဖြစ်သည်။ တတိယ ပရိုဂျက်ကကျောက်ဖြူပင်ဖြစ်သည်။ သို့သော် ကျောက်ဖြူ SEZ သည်နောက်ပိုင်းမှစတင်လာခဲ့သည့်အပြင်ရန်ကုန်နှင့်လည်း ဝေးကွာနေရသဖြင့် ရင်းနှီးမြှုပ်နှံသူများအားဆွဲဆောင်နိုင်မည်လားဆိုသည်ကိုစောင့်ကြည့်ရမည့် အနေအထားတွင်ရှိနေပေသည်။

ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ စစ်တွေဆိပ်ကမ်းတို့မှတစ်ဆင့် ကုလားတန်မြစ်တစ်လျှောက်ဖြတ်၍ မိဇိုရမ်မှတစ်ဆင့် အရှေ့မြောက်အိန္ဒိယသို့ကုန်စည်စီးဆင်းမှုများဆောင်ရွက်နိုင်သော အခြေအနေတွင်ရှိနေပါသည်။

ယခုအချိန်၌ တရုတ်နိုင်ငံ၊ ယူနမ်ပြည်နယ်သည် အိန္ဒိယသမုဒ္ဒရာ၊ ဘင်္ဂလားပင်လယ်အော်တို့နဲ့ ချိတ်ဆက်ထားပြီး အရှေ့မြောက်အိန္ဒိယဒေသအတွက် ကျောက်ဖြူဆိပ်ကမ်းသည်သယ်ယူပို့ဆောင်ရေးဆိုင်ရာ အချက်အချာနေရာတစ်ခုအဖြစ် အသုံးပြုလျက်ရှိပါသည်။

မြန်မာနိုင်ငံသည်ပိုးလမ်းမကြီးပဏာမစီမံကိန်း၏ ပြိုင်ဘက်ကင်းသော ပထဝီအခြေအနေမျိုးကို ရရှိထားပါတယ်။

မြန်မာနိုင်ငံကို ၂၁ ရာစုရေကြောင်းပိုးလမ်းမကြီးစီမံကိန်းနှင့် စီးပွားရေးဆိုင်ရာပိုးလမ်းမကြီး စီမံကိန်းနှစ်ခုစလုံးကို ချိတ်ဆက်ထားသည့်ကွန်ယက်တစ်ခုအဖြစ်လည်းကောင်၊ နှစ်ခုစလုံး၏ အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ်လည်းကောင်းတွေ့မြင်နိုင်ပါတယ်။

မဟာဗျူဟာရှုထောင့်အနေနဲ့ ကြည့်မယ်ဆိုပါက မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာသို့ တိုက်ရိုက်သွားနိုင်သည့်လမ်းကြောင်းနှစ်ခုထဲမှ တစ်ခုဖြစ်ပါတယ်။

ယေဘုယျအားဖြင့် မြန်မာနိုင်ငံဟာပိုးလမ်းမကြီးပဏာမစီမံကိန်းမှာ ပြိုင်ဘက်ကင်းတဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ဖော်ပြခြင်းခံရပါတယ်။

မြန်မာနိုင်ငံသည် BRI(Belt and Road Initiative)၏ကုန်းကြောင်း–ရေကြောင်းစကြံန်ကို ချိတ်ဆက်ထားနိုင်သည့်နိုင်ငံဖြစ်လာသည့် နည်းတူတရုတ်နိုင်ငံ၏စွမ်းအင်တင်သွင်းမှုများနှင့် မြန်မာနိုင်ငံ၏နိုင်ငံရေးကူးပြောင်းမှုဖြစ်စဉ်များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တရုတ်နိုင်ငံသည်အဓိကနေရာမှပါဝင်လာခဲ့ပါတယ်။

၁၉၈၈ ခုနှစ်ကတည်းက မြန်မာနိုင်ငံသည်ကမ္ဘာ့တွင်နောက်ကျကျန်နေခဲ့ချိန်မှစ၍ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခဲ့ကာ တရုတ်–မြန်မာဆက်ဆံရေးမှာပိုမိုကောင်းမွန်လာခဲ့ပါတယ်။

BRI စီမံကိန်းများသည် မြန်မာနိုင်ငံရှိ တရုတ်ရင်းနှီးမြှုပ်နှံသူများအတွက် အစုရှယ်ယာများမြင့်တက်လာစေခဲ့ပြီး အစိုးရရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အထောက်အပံ့ဖြစ်စေရန်နှင့် စက်မှုလက်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးများတွင် ဘက်ပေါင်းစုံဆက်ဆံရေးအဖြစ်ပြောင်းလဲလာခဲ့ပါတယ်။

အစိုးရနဲ့ တိုင်းရင်းသားမျိုးစုံလက်နက်ကိုင်အုပ်စုများကြား စဉ်ဆက်မပြတ်ဆွေးနွေးဆောင်ရွက်လျက်ရှိသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီးတရုတ်နိုင်ငံ၏အခန်းကဏ္ဍသည် အဓိကကျသောအခန်းကဏ္ဍအဖြစ်ပါဝင်နေပါသည်။

ပိုးလမ်းမကြီးစီမံကိန်းသည် မြန်မာနိုင်ငံစက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ကြဉ်းပေးနိုင်မည်ဟုယုံကြည်မျှော်လင့်နိုင်သကဲ့သို့ အခြားတစ်ဖက်မှာလည်းကျောက်ဖြူ SEZ အောင်မြင်မှသာ အကျိုးအမြတ်ကိုခံစားရရှိနိုင်မည်ဖြစ်ပါတယ်။

Sources;

1. Gregory B. Poling, Center For Strategic & International Studies(CSIS),“Kyaukypu: Connecting China to Indian Ocean” MARCH,2018
2. Than Zaw Oo,“One Belt-One Road Initiative and MYANMAR” Connectivity: Synergy Issue and Potentialities,The Global New Light of Myanmar 11 MARCH,2018

* * *

# အရေးကြီးလမ်းကြောင်းဖြင့် ကုန်သေတ္တာများကို သယ်ခွင့်ပြုမည်

မြန်မာနိုင်ငံကုန်သေတ္တာမော်တော်ယာဉ်များအသင်းမှ ပို့ကုန်၊ သွင်းကုန်၊ ကုန်စည်များကို မေလ ၁၅ ရက်နေ့မှစ၍အရေးကြီးလမ်းကြောင်းဖြင့်သယ်ဆောင်ခွင့်ပြုကြောင်းနှင့် အဆိုပါအရေးကြီးလမ်းကြောင်းဖြင့် သယ်ယူပို့ဆောင်မှုကိုတစ်နေ့လျှင် လမ်းကြောင်းတစ်ကြောင်းဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

အရေးပေါ်ကိစ္စရပ်တွေကိုသာယာဉ်တန်းနဲ့ထွက်ပေးတဲ့အခြေအနေရှိပါတယ်။ အရေးပေါ်အခြေအနေဆိုတာမဖြစ်မနေ စက်မှုဇုန်ထဲကဒီအဝတ်အထည်တွေ ဒီညနေအမီသင်္ဘောနဲ့တင်ရမယ်ဆိုရင် နေ့ခင်းဘက်မှာလမ်းကြောင်းနဲ့ထုတ်ပေးနိုင်ပါတယ်။ ဒီပစ္စည်းကိုဒီညနေ သင်္ဘောပေါ်မတင်လို့မဖြစ်ဘူးဆိုတဲ့ ရေထွက်ပစ္စည်းကိစ္စတွေချက်ခြင်းဆောင်ရွက်နေပါတယ်" ဟုရန်ကုန်တိုင်းဝန်ကြီးချုပ်ကဆိုသည်။

ယာဉ်လမ်းကြောင်းတစ်ကြောင်းသတ်မှတ်သွားလာစေခြင်းဖြစ်ပြီးဘုရင့်နောင်လမ်းကြောင်းပေါ်တွင် စတင်ဆောင်ရွက်မည်ဖြစ်၍ ပြည်ပပို့ကုန်စည်များကို အင်းစိန်သံမဏိစက်ရုံရှေ့၌စုရပ်ထားရှိပြီး နံနက်(၁၁)နာရီတွင်စတင်ထွက်ခွာမည်ဖြစ်သည်။ ထို့ပြင်သွင်းကုန်ကုန်စည်များကို ရန်ကုန်ဆိပ်ကမ်း(Asia World) ထိပ်တွင်စုရပ်ထားရှိပြီး နေ့လည်၁နာရီတွင်စတင်ထွက်ခွာမည်ဖြစ်ပြီး အရေးပေါ်ကုန်စည်များကို အရေးပေါ်ယာဉ်တန်းဖြင့်သယ်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်တန်းဖြင့်ထွက်ခွာပေးမည့်အစီအစဉ်သည် ယာဉ်ကြောကျပ်တည်းမှုနည်းပါးချိန်ဖြစ်ပြီးအခြားလုပ်ငန်းရှင်များ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် လက်ရှိရန်ကုန်မြို့တွင်းဆိပ်ကမ်းများသည် နေ့ခင်းဘက်တွင်ကုန်တင်၊ ကုန်ချပြုလုပ်နိုင်ပြီးကုန်စည်သယ်ဆောင်မှုကို ညဘက်မှသာလုပ်ကိုင်ရသည်။ ကုန်တင်ယာဉ်များကြောင့်ယာဉ်ကြောပိတ်ဆို့စေသည်ဆိုကာ တိုင်းအစိုးရကကုန်တင်ကားများမြို့ထဲသို့ နေ့ခင်းဘက်ဝင်ရောက်ခွင့်ကို ကန့်သတ်ခဲ့သည်။ ပိုးအိမ်

# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုစည်းထားသည့် ပုဂံဒေသသို့ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရန် အကြိုလှုပ်ရှားမှုအဖြစ် ဓာတ်ပုံပြပွဲပြုလုပ်



ကမ္ဘာ့အမွေအနှစ်စာရင်းဝင်းဒေသအဖြစ် အသိအမှတ်ပြုရန်စာရင်းသွင်းထားသည့် ပုဂံဒေသရှိရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များစုစည်းထားသည့် "နှလုံးသားထဲကပုဂံ"ဓာတ်ပုံပြပွဲကို ရန်ကုန်မြို့ရှိအမျိုးသားပြတိုက်တွင် ကျင်းပခဲ့ကြောင်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ဒီပြပွဲမှာက ဓာတ်ပုံတွေအပြင် 3D စနစ်တွေနဲ့ပါပြထားတော့ကြည့်ရတာ တကယ်ခံစားနေရသလိုပဲအရမ်းမိုက်တယ်။ ယူနက်စကိုဝင်ဖို့အကြိုလှုပ်ရှားမှုလို့လည်း ပြောလို့ရတယ် ဒီပြပွဲမှပုဂံဒေသရဲ့ အမွေအနှစ်တွေကို ပြည်သူတွေသိအောင် ပါဝင်လာအောင်ခင်းကျင်းကပြသထားတာဖြစ်တယ်"ဟုဂင်းကပြောသည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရေးယူနက်စကိုသို့ တင်သွင်းထားသည်ကိုကြိုဆိုသည့်အနေနှင့် ပုဂံရှုခင်းများသာသီးသန့်ပြသမည့် ဓာတ်ပုံပြပွဲကို ယခုနှစ်မတ်လကပုဂံဒေသတွင်ပထမဆုံးအကြိမ်ကျင်းပခဲ့ပြီးပုဂံဓာတ်ပုံပြပွဲတွင် ဓာတ်ပုံဆရာတစ်ရာကျော်၏ဓာတ်ပုံပေါင်း ၂၀၀ကျော်နှင့် ပုဂံရှိစေတီပုထိုးများအား 3D ဖြင့် ရိုက်ကူးထားသည့်ရုပ်သံများ ယခင်ကရှိခဲ့သည့်ရှေးခေတ်ဓာတ်ပုံများကိုလည်းပရိုဂျက်တာများဖြင့် ပြသထားကြောင်းသိရသည်။

ဓာတ်ပုံပြပွဲမှ ဓာတ်ပုံများရောင်းရသည့်ငွေများကိုရှေးဟောင်းယဉ်ကျေးမှုပုဂံလက်ရာများ ထိန်းသိမ်းနိုင်ရန်အတွက်ပြန်လည်လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။

T.Z

» စာ- ၇ မှ

များဖြင့် ရန်ကုန်-စစ်တွေခရီးစဉ်စတင်ထွက်ခွာလာပြီဖြစ်သည်။ ထို့နောက်တွင် လေယာဉ်မှူးကြီးများ၏ ကျွမ်းကျင်ပိုင်နိုင်မှုဖြင့် လိုရာခရီးသို့သတ်မှတ်ချိန်အတိုင်းပင် ညနေ ၅နာရီ၄၀ တွင်ရောက်ရှိခဲ့သည်။ ထို့နောက်တွင် မိမိတို့လိုက်ပါခဲ့သည့်လေယာဉ်မှာ စစ်တွေလေဆိပ်မှ ခရီးသည်များပြန်လည်တင်ဆောင်ကာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ထွက်ခွာသွားခဲ့ပြီဖြစ်သည်။

မိမိတို့သတင်းအဖွဲ့ကမူ စစ်တွေမြို့တွင်ဆင်းသက်ခဲ့ရာ ထိုလေဆိပ်သို့ရောက်သည့်ဆိုလျှင်ဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လေဆိပ်တာဝန်ခံ ဦးကျော်ဦး၊ မြန်မာအမျိုးသားလေကြောင်းစစ်တွေလေဆိပ်တာဝန်ခံ ဦးကျော်စွာဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက်တွင် လေဆိပ်မှတ်တမ်းပုံများရိုက်ပြီး ဦးကျော်ဦးနှင့် ဦးကျော်စွာဦးတို့ကို စစ်တွေလေဆိပ်နှင့်ပတ်သက်၍ လေဆိပ်လုံခြုံရေးဆိုင်ရာအခြေအနေများနှင့် ခရီးသည်ရရှိမှုအခြေအနေ စသည့်ဖြင့် သတင်းမှတ်တမ်းယူဖြစ်ကြသည်။ တာဝန်ရှိသူများကလည်း ကူညီပေးကြပါသည်။

စစ်တွေလေဆိပ်ကိုအသုံးပြု၍လေယာဉ်ဖြင့်ခရီးသွားကြသူအများစုမှာဒေသခံအချို့၊ အစိုးရဝန်ထမ်းများ၊NGO၊ ကုမ္ပဏီဝန်ထမ်း စသည်ဖြင့် အသုံးပြုကြကြောင်းနှင့် စစ်တွေလေဆိပ်နှင့်ပတ်သက်၍ ခရီးသွားပြည်သူများကို လုံခြုံရေးအပြည့်အဝပေးထားသည်မို့ စိတ်ချယုံကြည်စွာ အသုံးပြုနိုင်ကြောင်းလည်း လေဆိပ်တာဝန်ရှိသူများက မိမိတို့၏ တာဝန်ယူမှုတာဝန်ခံမှုကိုအခိုင်အမာဆိုပါ သည်။

စစ်တွေသို့လေကြောင်းခရီးစဉ်အဖြစ် လက်ရှိတွင် မြန်မာအမျိုးသားလေကြောင်း၊ မန်းရတနာပုံ၊ Air KBZ၊ ရွှေမြန်မာတို့ပျံသန်းပြေးဆွဲပေးလျှက်ရှိပြီး ယခင်နှစ်အတွင်းက Air Mandalay၊ FMI တို့လည်း ပြေးဆွဲ ပေးခဲ့ပါသည်။ ရန်ကုန်စစ်တွေခရီးစဉ်သည် နေ့စဉ်ရှိပြီး မြန်မာအမျိုးသားလေကြောင်းနှင့် မန်းရတနာပုံတို့ အကျိုးတူပူးပေါင်းပြေးဆွဲပေးသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းအများအဖွဲ့ ခရီးစဉ်တွင်လည်း စစ်တွေပါဝင်သည်မို့ လေကြောင်းဖြင့် ခရီးသွားသူများအတွက် အဆင်ပြေစွာဖြင့် ခရီးစဉ်များကို ရွေးချယ်နိုင်မည်ဖြစ်သည်။စစ်တွေလေကြောင်းခရီးစဉ်ကို ATR 72၊ EMBREAER-190၊ BOEING -737-800 လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲပေးနေခြင်းဖြစ်သည်။

မိမိတို့သတင်းအဖွဲ့ကို စစ်တွေမြို့တွင် တာဝန်ကျနေသည့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်တွေလေဆိပ် တာဝန်ခံဦးကျော်ဦး၊ မြန်မာအမျိုးသားလေကြောင်းမှ မန်နေဂျာ ဦးကျော်စွာဦး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်းနိုင်၊ လက် ထောက်ရေကြောင်းဌာနမှူးချုပ် ဦးအောင်ကျော်စိုး၊ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ် ဦးစီးမှူး ဦးစိုးလွင်တို့က လုပ်ငန်းတာဝန်များကိုတွေ့ဆုံ မေးမြန်းရာတွင်ကူညီဖြေကြားပေးခဲ့ရုံသာမက ရခိုင်ဒေသ၏ အကျော်အမော် VIEW POINT ကိုလည်းကောင်း လောကနန္ဒာစေတီ၊ စစ်တွေလေဆိပ်၊ စစ်တွေဆိပ်ကမ်း၊ လက်ဝဲသလုံးတော်ဓာတ်စေတီ၊ ပြည်လုံးချမ်းသာဘုရား ကြီး၊ ဝင်္ဘာကွင်းစသည့်နေရာများကိုလည်း ပို့ပေးကြသည့်အတွက် တစ်ရက်တာစစ်တွေခရီးသည် အလုပ်လည်းပြီးခဲ့သလို ဒေသန္တရဗဟုသုတလည်း အတန်အသင့် ရရှိခဲ့ကြပါသည်။

မတ်လ ၁၄ ရက်တွင်တော့ မိမိတို့သတင်းအဖွဲ့မှာ ရခိုင်ပြည်နယ်သံတွဲခရီးစဉ်ဖြစ်သည်။သံတွဲမြို့သည် သံတွဲမြစ်ဝမှ အရှေ့တောင်ဘက် ၁၅မိုင်အကွာ လက်ဝဲဘက်ကမ်းပေါ်တွင်တည်ရှိခြင်းဖြစ်သည်။ သံတွဲမြို့ သည် တောင်ကုန်းများဝန်းရံကာ အလျား၁၂မိုင်၊အနံ ၁မိုင်ခန့်ရှိသောချိုင့်ဝှမ်းအတွင်း တည်ရှိသည့်မြို့လည်းဖြစ်သည်။ နေအိမ်များမှာ တောင်ကုန်းလေးတစ်ခုကို နောက်ခံထား၍ ဆောက်လုပ်ထားခြင်းဖြစ်သည်။ တောင်ကုန်းလေးပေါ်တွင် ယခင်က ဥရောပတိုက်သားအရာရှိများနေထိုင်သော အိမ်များရှိသည်။ သံတွဲမြို့သည် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် ရခိုင်တိုင်းရင်းသားတို့အတွက် မြို့စောင့်တပ်ချထားရာဌာနချုပ်ဖြစ်ခဲ့သည်။ ထိုစဉ်အချိန်က သံတွဲမှာ ရွာကြီးတစ်ခုသာသာမျှသာရှိခဲ့သည်။

သံတွဲမြို့တွင် အံတော်၊ နံတော်၊ ဆံတော်ဟူ၍ ထင်ရှားသည့်စေတီသုံးဆူသည် သံတွဲမြစ်၏တစ်ဘက်တစ်ချက်စီတွင်ရှိကြသည်။ ဆံတော်ဘုရားမှာ ဒုတိယ ကမ္ဘာစစ်အတွင်းက ပျက်စီးသွားခဲ့ရာ စစ်ပြီးခေတ်တွင် သာသနာရေးဝန်ကြီးဌာနမှ ထပ်မံမွမ်းမံပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ သံတွဲမြို့သည် သစ်၊ စပါးနှင့် ငါးခြောက်များစွာထွက်ရှိသည်။ ပြည်တွင်း/ပြည်ပ ခရီးသွားများကိုစွဲဆောင်သည့် ပင်လယ်ကမ်းခြေအပန်းဖြေစခန်းအဖြစ် ထင်ရှားလှသည့် ငပလီကမ်းခြေသည် သံတွဲမြို့နှင့်လေးမိုင်မျှခန့်သာဝေးကွာပါသည်။ ငပလီဟုအမည်တွင်ခဲ့သည်မှာ ခရစ်၁၈၂၆ ခုနှစ်အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲအပြီးတွင် ရခိုင်တိုင်းကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးနောက် အီတာလျံလူမျိုးတို့သည် သံတွဲမြို့အနီး (ယခုငပလီကမ်းခြေ) သို့ရောက်ရှိလာသည်။ ၎င်းနေရာသည် အီတလီနိုင်ငံရှိ နေပလီ(နေပယ်) ကမ်းခြေကဲ့သို့အလွန်သာယာ၍ ရှုခင်းအလွန်ကောင်းသည့်အတွက် အီတလီလူမျိုးတို့က နေပလီဟု ကင်ပွန်းတပ်ခဲ့ရာမှ နောင်တွင် ငပလီဟုတွင်လာကြောင်း ယူဆကြကြောင်း လေ့လာမိပါသည်။

ထိုသို့သောသံတွဲဒေသကိုမိမိတို့သတင်းအဖွဲ့ မေ (၁၄) ရက်နေ့ နံနက်ပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းဖြင့် ရောက်ရှိခဲ့ခြင်းဖြစ်သည်။ သံတွဲမြို့ ငပလီလေဆိပ်ကို နံနက်၈နာရီ၁၀မိနစ်တွင်ရောက်ရှိခြင်းဖြစ်သည်။ လေယာဉ်ပေါ်မှ ဆင်းလိုက်သည်နှင့်ရခိုင်ပြည်နယ် ငပလီကမ်းခြေမှ ရိုက်ခတ်လာသည့်လေအေးကကြိုဆိုနှင့်ပြီဖြစ်သည်။ မိမိတို့သတင်းအဖွဲ့ လေဆိပ်အဆောက်အဦးအတွင်းသို့ဝင်လိုက်သည်နှင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လေဆိပ်မန်နေဂျာဦးမန်းဇော်နှင့်ဝန်ထမ်းများ၊ မြန်မာအမျိုးသားလေကြောင်းမှ တာဝန်ခံ ဦးဉာဏ်လင်းဆန်းနှင့် ဝန်ထမ်းများက ခရီးဦးကြိုကြပါသည်။ ပြီးနောက် လေကြောင်းဦးစီးဌာနဝန်ထမ်းများနှင့် အမှတ်တရအုပ်စုဓာတ်ပုံများ ရိုက်ကူးကြပါသည်။

ထို့နောက်တွင် သက်ဆိုင်ရာလေဆိပ်လုံခြုံရေးအရာရှိများနှင့် မန်နေဂျာ ဦးမန်းဇော်မှ မိတ်ဆက်ပေးပြီး လေဆိပ်ဝန်းကျင်နှင့် လေဆိပ်အဆောက်အဦးခရီးသည်များ ဝင်/ထွက် လေယာဉ်ပေါ် တက်/ဆင်းနေမှု၊ ပစ္စည်းများချိန်တွယ်စစ်ဆေးနေမှုများကို သတင်းမှတ်တမ်းရိုက်ကူးကြသည်။

သံတွဲ (ခ) မဇင်လေဆိပ်သည် ပွင့်လင်းရာသီတွင် ခရီးသွားပြည်သူတွေများဝင်ထွက်မှုများပြီး နိုင်ငံခြားသားများလည်းဝင်ထွက်သည့် လေဆိပ်တစ်ခုဖြစ်ကြောင်းနှင့် မိုးရာသီကာလတွင်သာခရီးသည်ပါးကြောင်းကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူတို့က ရှင်းပြပါသည်။ ယခုနှစ်မတ်လနှင့် ဧပြီလအတွင်းခရီးသည်ဝင်ရောက်မှုအခြေအနေမှာ မတ်လတွင် (၂၉၀)ကြိမ် ဧပြီလတွင် (၃၂၀) ကြိမ် လေယာဉ်ဆင်းသက်ခဲ့သည့် လေဆိပ်ဖြစ်သည်။ ထို့နောက်လေဆိပ်၏အဓိကနေရာတစ်ခုဖြစ်သောလေကြောင်းထိန်းမျှော်စင်သို့ မိမိတို့သတင်းအဖွဲ့ရောက်ဖြစ်ကြပြီး လေကြောင်းထိန်းမျှော်စင်တွင် လေယာဉ်ဝင်/ထွက်ဆောင်ရွက်နေသည့်ဝန်ထမ်းဖြစ်သည့် ဦးမန်းဇော် (လေဆိပ်မန်နေဂျာ)နှင့်ဆက်သွယ်ဆောင်ရွက်နေတဲ့ ဦးစီးအရာရှိများကို လုပ်ငန်းဆိုင်ရာများ အင်တာဗျူးခဲ့ကြသည်။

လေကြောင်းထိန်းမျှော်စင်မှပြန်ဆင်းလာသည့်အခါ မြန်မာအမျိုးသားလေကြောင်းတာဝန်ခံ ဦးဉာဏ်လင်းဆန်းနှင့် MNA ရုံးခန်းတွင်တွေ့ဆုံပြီး ၎င်းတို့လေကြောင်း၏လေယာဉ်ပြေးဆွဲမှုအခြေအနေနှင့်ခရီးသည်များလိုက်ပါစီးနင်းမှုအခြေအနေများကို မေးမြန်းမှတ်တမ်းတင်ခဲ့ကြပါသည်။ ရန်ကုန်မှ ရခိုင်ပြည်နယ်၊ သံတွဲမြို့သို့လေယာဉ်ဖြင့်သွားရောက်မည်ဆိုပါက မြန်မာအမျိုးသားလေကြောင်းနှင့် Air KBZ တို့မှာ ATR-72 လေယာဉ်များဖြင့် နေ့စဉ်ပြေးဆွဲပေးနေခြင်းဖြစ်သည်။

ပထဝီဝင်အနေအထားအရ သံတွဲမြို့ကား နေချင်စဖွယ်မြို့တစ်မြို့ဖြစ်သည်။ မိမိတို့သတင်းအဖွဲ့မှာသံတွဲခရီးစဉ်တွင် လုပ်ငန်းတာဝန်များသာမက ငပလီကမ်းခြေအလှအပများနှင့် မြတ်စွာဘုရားရဲ့ဗျာဒိတ်တော်အရ ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်များဖြစ်ကြသည့် ရွှေဆံတော်၊ ရွှေအံတော်၊ ရွှေနံတော်စေတီတော်သုံးဆူ၊ ရွှေသာလျောင်းမြတ်စွာဘုရားတို့ကို ဖူးခွင့်ရရှိအောင် လေဆိပ်မန်နေဂျာ ဦးမန်းဇော်၏ ဝန်ထမ်းများမှ လိုက်လံပို့ဆောင်ပေးခဲ့ပါသည်။ ဧပြီလ (၂၆)ရက်နေ့ မွန်းလွဲ (၃) နာရီအချိန်ခန့်က ငပလီ ကမ်းခြေမြို့၊ မြပြင်ရပ်ကွက်ရှိ မြရတနာကျောင်းတိုက်အ တွင်းမှာ ထွက်ပေါ်လာသော မဟာဗောဓိရက္ခပေါ်တော် မူမြတ်စွာဘုရားအား ဖူးမျှော်ခွင့်ရရှိခဲ့ပါသည်။ ၁၈ ရက် သာရှိသေးသည့် မဟာဗောဓိရက္ခပေါ်တော်မူမြတ်စွာ ဘုရားအား (၁၈)ရက်မြောက်နေ့တွင် ဖူးခွင့်ရရှိသည်မှာ လည်း သံတွဲခရီးစဉ်၏ ထူးကဲလှသည့်အမှတ်တရဖြစ်ပါ သည်။

အဆိုပါပေါ်တော်မူဘုရားကို သံတွဲမြို့၊ မြပြင်ရပ်ကွက်မှ လူငယ်လေးများက စတင်တွေ့ရှိခဲ့ပြီး ရပ်ကွက်မှလူကြီးများ ဘုရားဂေါပကများအား အကြောင်းကြားခဲ့ခြင်းဖြစ်ကြောင်းကိုလည်း ဂေါပကအဖွဲ့ဝင် ဦးလှကြည်၏ ရှင်းပြချက် အရသိခွင့်ရခဲ့ပါသည်။

မိမိတို့အဖွဲ့မှာ နောက်တစ်နေ့မနက်ဖြစ်သည့် မေလ (၁၅)ရက်နေ့ နံနက်စောစောထကာ နံနက်ခင်း၏ ကမ်းခြေအလှအပများကိုခံစားဖြစ်ကြသည်။ ထို့နောက်တွင်တော့ နံနက် (၉)နာရီခွဲတွင် သံတွဲလေဆိပ်သို့ဆင်း၍ မြန်မာအမျိုးသားလေကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်လိုက်ပါခဲ့ကြသည်။

ခရီးရက်တိုအတွင်း ရခိုင်ပြည်နယ်ကျောက်ဖြူ၊ စစ်တွေ၊ သံတွဲမြို့များသို့ မြန်မာအမျိုးသားလေကြောင်းဖြင့်သွားရောက်ခဲ့ကြသည့်မို့ ခရီးပြန်ရောက်သည့်အခါတွင်လည်း ခရီးစဉ်များတစ်လျှောက် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့်သတင်းအကြောင်းအရာများကို ပြန်လည်ရေးသားကြရပြီဖြစ်သည်။ ထိုသို့ပြန်လည်ရေးသားရာတွင် ရခိုင်မြေ၏မြင်ကွင်းများက တရေးရေးပြန်လည်ပေါ်လာပြီး နွေးထွေးစွာကြိုဆိုကြသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ရခိုင်ပြည်နယ်ဌာနတာဝန်ခံများနှင့် တာဝန်ရှိသူများကိုလည်း အထူးကျေးဇူးတင်နေမိပါသည်။ ထို့အတူ သာယာလှပသည့် သဘာဝတရားများကိုပိုင်ဆိုင်ထားသည့် ရခိုင်ပြည်နယ်ကြီးလည်း ငြိမ်းချမ်းသာယာပါစေဟု ဆုတောင်းမိပါတော့သည်။



## ဖြန့်ဖြူးပြသမည့် ဟာသဇာတ်ကားအသစ် "ဖိုးရှိတ်"




"ဖိုးရှိတ်"ဇာတ်ကားကို ဒါရိုက်တာ နေပိုင် ရိုက်ကူးထားတာဖြစ်ပြီး မြင့်မြတ်၊ သဉ္ဇာနွယ်ဝင်း၊ ခင်လှိုင်၊ ဒိန်းဒေါင်၊ ထူးမွန်၊ ကြူကြူသင်းနှင့် မျိုးမျိုးခိုင်တို့က အဓိကပါဝင် သရုပ်ဆောင်ထားပါတယ်။

ဇာတ်လမ်းကတော့ မိဘမဲ့တွေဖြစ်တဲ့ ဖိုးရှိတ်(မြင့်မြတ်)နဲ့ အုန်းကြိုင်တို့က ဘုန်းကြီးကျောင်းသားတွေပါ။ သူတို့နေတဲ့ရွာမှာ အပျိုကြီးမခေါစာက ဖိုးရှိတ်ကို ကြိုက်နေပါတယ်။ ဘုန်းကြီးကျောင်းအတွက် ဖိုးရှိတ်ဆွမ်းချိုင့်လာယူတိုင်း မခေါစာရဲ့ကြင်နာယုယမှုများက ဖိုးရှိတ်အတွက် စိတ်ကျဉ်းကျပ်စရာဖြစ်ရပါတယ်။ ဖိုးရှိတ်တစ်ယောက် တစ်ဖက်သက် ဖြစ်နေတာကတော့ တစ်ရွာလုံးရဲ့ အချောဆုံးအလှဆုံးစာရင်းဝင် မိုးဆောင်း(သဉ္ဇာနွယ်ဝင်း)ပါ။

မိုးဆောင်းမှာက ကိုရီးယားဇာတ်လမ်းတွဲများကိုနှစ်သက်ပြီး ဂျူမုံကို လွန်စွာအားကျနေတဲ့ စံထွန်းဆိုတဲ့ အစ်ကိုတစ်ယောက်လည်း ရှိပါတယ်။ ဖိုးရှိတ်ကရွာရဲ့ ကွမ်းတောင်ကိုင်မိုးဆောင်းကို မေတ္တာရှိနေပေမယ့်လည်း သူ့ရဲ့ ဘဝအခြေအနေများကြောင့်ဖွင့်ပြောဖို့ရာမှာ မဝံ့မရဲဖြစ်နေပါတယ်။ ရွာမှာလည်း ဖိုးရှိတ်ကလူတစ်ဖက်သားကို ကူညီချင်သူတစ်ယောက်ဖြစ်ပေမယ့် သူ့ရဲ့အချိုးမပြေမှုများက အလွဲတွေမကြာခဏကြုံပါတယ်။ ရွာထဲမှာလည်း မခေါစာကိုမြင်တာနဲ့ လွတ်အောင်ပြေးနေရပါတယ်။

ဒီလိုအခြေအနေတွေမှာ ဖိုးရှိတ်ကို ကူညီချင်တဲ့သူငယ်ချင်း အုန်းကြိုင်က မခေါစာရဲ့အိမ်ကို သရဲခြောက်ရာမှာ မခေါစာတစ်ယောက်အကြောက်လွန်ကာ နှလုံးရပ်ပြီးသေဆုံးသွားပါတယ်။ ဒီမှာဖိုးရှိတ်နဲ့ အုန်းကြိုင်က ကြောက်ကြောက်နဲ့ ဘုန်းကြီးကျောင်းကို ပြန်ပြေးလာခဲ့ကြပါတယ်။ သူတို့ရဲ့စနောက်မှုကြောင့် မခေါစာ သေဆုံးသွားတာကို ရွာသူရွာသားတွေသိသွားမှာ ကိုလည်း စိုးရွံ့နေကြပါတယ်။ မခေါစာရဲ့နာရေးကို သွားမေးတဲ့အခါမှာလည်း စိတ်ခြောက်ခြားမှုများကြောင့် ဖိုးရှိတ်တစ်ယောက်အပြေးဖျားပါတော့တယ်။

ဖျားနေတဲ့ဖိုးရှိတ်ကို မိုးဆောင်းက လူနာလာမေးတဲ့အချိန်မှာတော့ မိုးဆောင်းကိုချစ်ကြောင်းပြောပြီး မိုးဆောင်းဆီက ချစ်အဖြေလည်းရခဲ့ပါတယ်။ ဖိုးရှိတ်မိုးဆောင်းနဲ့ ချစ်သူဖြစ်သွားတာကို မခေါစာသိသွားရာမှာတော့ ဝိညာဉ်ဘဝနဲ့နည်းမျိုးစုံနှောက်ယှက်ပါတော့တယ်။ ဖိုးရှိတ်နဲ့ မိုးဆောင်း ကြိုက်နေတာကို မိုးဆောင်းရဲ့မေဒေါ်ခင်လှသိသွားပြီး ပွဲကြမ်းပါတော့တယ်။ဖိုးရှိတ်ဘက်ကမခံနိုင်တဲ့ မခေါစာက မိုးဆောင်းရဲ့အစ်ကိုစံထွန်းနဲ့ အမေဖြစ်သူဒေါ်ခင်လှတို့ကို တလှည့်စီဝင်ပူးပြီး ပညာပေးပါတော့တယ်။ ဒီနောက်မှာတော့ ဘာတွေဆက်ဖြစ်မလဲ။

အိမ်စည်

## အိမ်တွင်းရေးအကြောင်းများကို ဟာသအဖြစ်ကြည့်ရမယ့် "ဝုန်းပစ်လိုက်မယ်"







"ဝုန်းပစ်လိုက်မယ်"သည် Lucky Seven ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ရိုက်ကူးခြင်းဖြစ်ပြီး ဒါရိုက်တာခင်စောမျိုး၊ ကျော်ရဲအောင်၊ ကျော်ကျော်ဗိုလ်၊ ရဲလေး၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်၊ သဉ္ဇာဝင့်ကျော်၊ ဘေဘီမောင်တို့ ပါဝင်ထားသည့် အိမ်တွင်းရေးဖြစ်လေ့ဖြစ်ထရှိသည့် ယောက္ခမချွေးမဘယ်လိုတွေ ဇာတ်လမ်းဖွဲ့ဝုန်းကြမလဲဆိုသည်ကို ကြည့်ရှုခံစားရမည်။

ရာဇာခေါ်ဇာဇာသည် ကန့်ကလျဖြင့် မိန်းမစိတ်ပေါက်နေပါတယ်။ ရာဇာကိုမာမီနှစ်ယောက်က မိန်းမပုံစံအလှပြင်ပေးသည်။ ဇေရာဇ်သည် လောင်းကစားဝါသနာပါကာ အပေါင်းအသင်းများနှင့် ဖဲရိုက်နေလေ့ရှိသည်။ သိခ်သည် မိန်းမလိုက်စားသူတစ်ဦးဖြစ်ပြီး နိုက်ကလပ်တစ်ခုတွင် မိန်းမပျိုများနှင့် အပြတ်ကဲလေ့ရှိသူဖြစ်သည်။ အဓိပတိသည် အရက်သမားတစ်ယောက်ဖြစ်ကာ သူငယ်ချင်းများနှင့် သောက်စားပျော်ပါးလေ့ရှိသူဖြစ်တော့သည်။

တစ်နေ့သိခ်က ဒိုင်ယာနာဆိုသော မိန်းကလေးတစ်ဦးကို အိမ်ပေါ်ခိုးလာခဲ့သည်။ မက်ဒေါ်နားဆိုသည့် မိန်းကလေးတစ်ဦးက ဇေရာဇ်ကို လက်ထက်ချင်ကြောင်းပြောသည်။ မင်းသမီးဖြစ်ချင်၍ နယ်မှ ရန်ကုန်သို့တက်လာသည့် လေဒီဂါဂါနှင့် ရာဇာတို့မှာ သူငယ်ချင်းများဖြစ်သွားကြသည်။ အရက်သမား အဓိပတိသည် အဲလစ်ဘတ်ဆိုသည့် မိန်းကလေးတစ်ဦးနှင့် ချစ်သူဖြစ်နေသည်။

တစ်ရက်တွင် ဇေရာဇ်ကလည်း မက်ဒေါ်နားကို အိမ်ပေါ်ခိုးလာသဖြင့် သားနှစ်ယောက်ကို မင်္ဂလာဆောင်ပေးဖို့ ဒေါ်ဖွားစောစဉ်းစားရလေပြီ။ အစားကြူးသည့် အဲလစ်ဘတ်၊ အသုံးအဖြုန်းကြီးသည့် ဒိုင်ယာနာ၊ အလှအပကြိုက်သည့် မက်ဒေါ်နားတို့ကို ချွေးမအဖြစ်တော်ရသည့် ဒေါ်ဖွားစောတစ်ယောက် စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်ရသည်။

ထိုအချိန်တွင် လေဒီဂါဂါကလည်း အဆောင်တွင်မနေလို၍ ရာဇာ့အိမ်တွင်နေထိုင်ရန် ပြောင်းလာသဖြင့် ဒေါ်ဖွားစောပို၍ စိတ်ညစ်ရသည်။ တစ်ရက်တွင်တော့ ဒေါ်ဖွားစော၏ ချွေးမသုံးယောက်စလုံးနှင့် လေဒီဂါဂါတို့ ပို့အနိတာကိုမြင်ပြီး ဆရာဝန်သွားပြရာ ချွေးမသုံးယောက်စလုံးတွင်ကိုယ်ဝန်ရှိနေသဖြင့် အားလုံးပျော်ရွှင်ကြရသည်။ သို့သော် လေဒီဂါဂါတွင်လည်း ကိုယ်ဝန်ရှိနေပြီဖြစ်ရာ သူမကတော့ မျက်နှာငယ်ရပြီဖြစ်သည်။ ထိုအခါ ရာဇာက ထိုကိုယ်ဝန်မှာ သူ၏ကိုယ်ဝန်ဖြစ်ကြောင်း ဝန်ခံလိုက်သည်။ ချွေးမသုံးယောက်စလုံး မိုက်နာသည့်အခါတွင်လည်း ပြိုင်တူဆိုသည့်အခါ။

အိမ်စည်




## နိုင်ငံတကာ ရုပ်ရှင်ရုံများနှင့် အပြိုင်ကြည့်ခွင့်ရမယ့် Deadpool 2



နိုင်ငံတကာတွင် ရုံတင်ပြသထား သည့် Deadpool 2 ကို မြန်မာနိုင်ငံရှိ ရုံများတွင်လည်း မေလ ၁၈ ရက်တွင် ကြည့်ရှုနိုင်ပြီဖြစ်ကြောင်းနိုင်ငံတကာရုပ်ရှင်နှစ်သက်သည့် ပရိသတ်ကြီးအတွက် သတင်းပါးလိုက်ပါသည်။

Deadpool 2 ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ David Leitch ရိုက်ကူးပေးထားပြီး Ryan Reynolds၊ Josh Brolin၊ Brianna Hildebrand၊ JackKesy၊ T.J.Miller၊ Julian Dennison၊ Stefan Kapicic တို့ပါဝင်ထားခြင်း ဖြစ်သည်။

ဒီဇာတ်ကားကတော့ မေလ ၁၅ ရက်တွင် နိုင်ငံတကာအချို့တွင်စတင် ဖြန့်ချိခဲ့ခြင်းဖြစ်ပြီး အမေရိကန်အပါအဝင် နိုင်ငံအများတွင် မေလ ၁၈ ရက်တွင် တစ်ပြိုင်နက်ရုံတင်နေခြင်း ဖြစ်သည်။

Deadpool ၏ ဒုတိယမြောက် ဇာတ်ကားဖြစ်သည့် Deadpool 2 တွင် မင်းသား Ryan Reynolds ကပင် ပါဝင်ထားခြင်းဖြစ်သည်။ အချိန်ခရီးနှင်ပြီး လက်ရှိကမ္ဘာမြေပေါ်သို့စွမ်းအားပြည့်စုံသည့် စက်ရုပ်လူသား Cable ရောက်ရှိလာသည်။ Cable ရောက်ရှိလာသည့် ရည်ရွယ်ချက်မှာ ကမ္ဘာမြေပေါ်မှ ကလေးငယ်တစ်ဦးဖြစ်သည့် Rusell ကိုသတ်ဖြတ်ရန် အတွက်ဖြစ်သည်။

ထိုအဖြစ်ကို ကုသမရနိုင်တော့သည့် ရောဂါတစ်မျိုးအား မျိုးရိုးဗီဇစမ်းသပ်ရင်းမှ သဘာဝလွန်စွမ်းအားများ ရရှိပိုင်ဆိုင်လာသူ စူပါဟီးရိုး Deadpool ကသိရှိကာ သူ့ဗီဇအတိုင်း ကာကွယ်တားဆီးပေးရန် ကြိုးစားတော့သည်။ သို့သော်အချိန်ခရီးနှင်လာသည့် စက်ရုပ် Cable သည် စွမ်းအား ပြည့်စုံလွန်းသည့်အတွက်ကြောင့် Deadpool တစ်ယောက်တည်းမတတ်နိုင် ချေ။

ထို့ကြောင့်လူအပါဝင် တိရစ္ဆာန်နှင့် အသွင်သဏ္ဍာန်မျိုးစုံပြောင်းလဲနိုင်သည့် Copy Cat ခေါ် Vanessa၊ တိုက်ခိုက်ရည်ပြည့်ဝသည့် စွမ်းအားရှင် မိန်းကလေး Domino၊ ဖြစ်ရပ်များကိုကြိုတင်သိ မြင်နိုင်ပြီး စိတ်စွမ်းအား နှင့်ပင်တိုက်ထုတ်နိုင်စွမ်းရှိသည့် သဘာဝလွန် စွမ်းအင်ပိုင်ရှင် မိန်းကလေး Negasonic၊ တိုက်ခိုက်မှုများအားသတ္တုကိုယ်ထည်အဖြစ်ပြောင်းလဲကာကွယ်နိုင်စွမ်းရှိသူ Colossus နှင့် Deadpool ၏ အားကိုးရသည့် သူငယ်ချင်း Weasel တို့၏အကူအညီများကိုစုပေါင်းကာ Deadpool တစ်ယောက်စက်ရုပ်လူသား Cable အား တိုက်ခိုက်ရန် ကြိုးစားသည်များကို ရိုက်ကူးထားခြင်း ဖြစ်သည်။

အိမ်စည်

# မြန်မာနိုင်ငံ၏ ပထမဆုံး ဝန်ကြီးချုပ်ဟောင်းဦးနု အမှတ်တရပြခန်းဖွင့်မည်

မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဦးနု အမှတ်တရပြခန်းကို မေလ ၂၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်၊ ပြခန်းကိုဗဟန်းမြို့နယ် ဆရာစံလမ်း၊ ပြည်ထောင်စုရိပ်သာလမ်းရှိ ဦးနုအိမ်တွင်ဖွင့်လှစ်မည်ဖြစ်ပြီး ၎င်း၏စာအုပ်များနှင့် အသုံးအဆောင်များကိုပြသမည်ဖြစ်သည်။ အဆိုပါပြခန်းတွင် ဦးနု၏ဘုရားခန်း၊ စာကြည့်ခန်း၊ ဧည့်ခန်းနှင့် အိပ်ခန်းတို့ကိုပြသထားမည်ဖြစ်ကြောင်းကို ဦးနုသမီးဒေါ်စန်းစန်းနုကပြောသည်။

"အရင်တုန်းက ဖေဖေကအိမ်လှလှလေးဆောက်ပေးဖို့ ကျွန်မကိုစနောက်လေ့ရှိတယ်၊ ကျွန်မကလည်းမဆောက်ပေးနိုင်ခဲ့ဘူး။ အခုလိုပြခန်းဖြစ်လာမယ်ဆိုတော့ ဝမ်းသာလှပြီ၊ ပြခန်းလုပ်ဖို့စဉ်းစားခဲ့တာ တော်တော်ကြာပါပြီ၊ ကျွန်မနိုင်ငံခြားတွေသွားတိုင်း အဲဒီနာမည်ကြီးပုဂ္ဂိုလ်တွေရဲ့ပြတိုက်တွေ တွေ့တယ်။ ဖေဖေအိမ်ကိုလည်း အဲဒီလိုပြတိုက်လုပ်ရရင်ကောင်းမှာပဲလို့ စဉ်းစားမိတယ်၊ အဲဒါကြောင့် ဖွင့်ဖြစ်တာ"ဟု ၎င်းပြောသည်။

ပြတိုက်ဝင်ကြေးနှင့် ပတ်သက်၍မည်သို့စီစဉ်ရမည်ကို မစဉ်းစားရသေးကြောင်း ယခုပြခန်းအဆင့်သာရှိပြီးပြတိုက်ဖြစ်ရန် ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထိုပြင်ဦးနုနှင့်ပတ်သက်သည့်စာရွက်စာတမ်း၊ အမှတ်တရပစ္စည်းများ၊ ၎င်းရေးသားထုတ်ဝေသည့် ပထမဆုံးအကြိမ် စာအုပ်များ၊ စာတမ်းများကို ၎င်းထံဆက်သွယ်လှူဒါန်းခြင်း (သို့မဟုတ်) ရောင်းချနိုင်ကြောင်း စာရေးဆရာမြေမှုန်လွင်ကပြောသည်။ အလှူရှင်များ၏ နာမည်ကိုပြခန်းတွင် ထားပေးမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ဦးနုသည် မြန်မာနိုင်ငံ၏ပထမဆုံးဝန်ကြီးချုပ်ဖြစ်ပြီး အမျိုးသားခေါင်းဆောင်နှင့် နိုင်ငံရေးသမားလည်းဖြစ်သည်။ ဦးနုကိုရောဝတီတိုင်း မြောင်းမြခရိုင်ဝါးခယ်မမြို့တွင် အဖဦးစံထွန်း၊ အမိဒေါ်စောခင်တို့မှ ၁၉၀၇ မေလ ၂၅ ရက်၌မွေးဖွားခဲ့သည်။ ၁၉၂၀ တက္ကသိုလ်ကျောင်းသားသပိတ်တွင် ဝါးခယ်မမြို့မအစိုးရကျောင်း၌ ပါဝင်ခဲ့သည်။ ၁၉၂၅ တွင် ရန်ကုန်မြို့မ အထက်တန်းကျောင်းမှ ဒသမတန်း အောင်မြင်ပြီး ၁၉၂၉ တွင်ရန်ကုန်တက္ကသိုလ်၌ ဘီအေ (ဝိဇ္ဇာ ဘွဲ့)ရရှိခဲ့သည်။ လွတ်လပ်ရေးရပြီး နောက်မြန်မာနိုင်ငံ၏ပထမဆုံးဝန်ကြီးချုပ်ဖြစ်လာသည်။ ဦးနုရေးသားခဲ့သော စာအုပ်အချို့ကိုအင်္ဂလိပ်ဘာသာဖြင့်ပြန်ဆိုခဲ့သည်။ ဦးနု၏ကိုယ်ရေးအတ္ထုပ္ပတ္တိဖြစ်သည့် တာတေစနေသားစာအုပ်ကို ဦးလောရုံကဘာသာပြန်ဆိုခဲ့သည်။ ဦးနုသည် ၁၉၉၅ ဖေဖော်ဝါရီ ၁၄ရက်တွင် ကွယ်လွန်ခဲ့ သည်။ T.Z

## ကနေဒါပညာရှင်များနှင့် ပူးပေါင်း၍ ပုဂံဘုရားလေးဆူကို သုံးဖက်မြင်စနစ်ဖြင့် မှတ်တမ်းတင်ရိုက်ကူးမည်



ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိဘုရားလေးဆူကို ကနေဒါမှပညာရှင်အဖွဲ့များနှင့် ပူးပေါင်း၍ယခုလအတွင်း သုံးဖက်မြင်စနစ် ( 3D )ဖြင့်မှတ်တမ်းရိုက်ကူးရန် စီစဉ်ထားကြောင်း၊ လက်ရှိတွင်ပုဂံဘုရားများကို ဂျပန်၊ အိန္ဒိယ၊ ကိုရီးယား၊ တရုတ်၊ ဂျာမနီအစရှိသော ပြည်ပနိုင်ငံများမှ ပညာရှင်များ၏ အကူအညီများဖြင့် ပြင်ဆင်ထိန်းသိမ်းနေကြောင်း ပုဂံဌာနခွဲ၊ ပြုပြင်ထိန်းသိမ်းရေးဌာနစုမှ သိရသည်။

ပုဂံဘုရားများကို သုံးဖက်မြင်စနစ်ဖြင့် မှတ်တမ်းတင်ရိုက်ကူးရာတွင် လောကထိပ်ပန်ဘုရား၊ ဂူပြောက်ငယ်(မြင်းကပါ)၊ အပါယ်ရတနာနှင့် မြင်းပြဂူဘုရားတို့ပါဝင်မည်ဖြစ်ပြီး ကွင်းဆင်းလေ့လာ၍ သုတေသနပြုခြင်း၊ 3D Scanning ဆိုင်ရာများဆောင်ရွက်ခြင်း၊ အဆောက်အအုံတိုင်းတာနည်းဖြစ်သော Total Station နှင့် ဓာတ်ပုံပညာ (Photogrammtery) တို့ကိုလည်း ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ပုဂံယဉ်ကျေးမှုဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ရန် ယခုနှစ်အစပိုင်းက ယူနက်စကို (ဗဟို) သို့အဆိုပြုလွှာတင်ပြထားပြီးဖြစ်ကြောင်းသိရသည်။

" 3D စနစ်နဲ့ရိုက်တာက ပုဂံဘုရားတွေကို ပြုပြင်ထိန်းသိမ်းတဲ့အခါမှာ တိကျတဲ့မှတ်တမ်းမှတ်ရာတွေအနေနဲ့ အထောက်အကူပြုတယ်၊ အရေးကြီးတဲ့ လုပ်ငန်းစဉ်တစ်ခုဖြစ်တယ်ဟု" ပုဂံဌာနခွဲ၊ ပြုပြင်ထိန်းသိမ်းရေးဌာနစု ဒုတိယညွှန်ကြားရေးမှူးကပြောသည်။

ကနေဒါနိုင်ငံမှ ပညာရှင်များနှင့် မန္တလေးနည်းပညာတက္ကသိုလ် ဗိသုကာပညာဌာနမှ ကျောင်းသားများနှင့် ဌာနအတွင်း ဝန်ထမ်းများပူးပေါင်းကာ ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသဆိုင်ရာများကို လက်ရှိတွင်အလုပ်ရုံဆွေးနွေးပွဲပြုလုပ်၍ မှတ်တမ်းများကိုရိုက်ကူး ဆောင်ရွက်မည်ဖြစ်ကြောင်းရှေးဟောင်းယဉ်သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှသိရသည်။ပိုးအိမ်



## သုံးလအတွင်း YBS ယာဉ်လိုင်းများတွင် ကတ်စနစ်ဖြင့် ငွေပေးချေသည့် ပုံစံပြောင်းလဲသွားမည်ဟုဆို

ရန်ကုန်မြို့တွင်း အများပြည်သူပို့ဆောင်ရေးစနစ်တစ်ခုဖြစ်သည့် YBS ယာဉ်လိုင်းများတွင် ယာဉ်စီးခပေးချေရာ၌ ကတ်စနစ်ဖြင့်အသုံးပြုမည့် Ya-ngon Payment Service စနစ်ကို သုံးလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဝန်ကြီးချုပ်က ပြောသည်။

အဆိုပါ Yangon Payment Service အတွက် ကတ်စနစ်ကျင့်သုံးရန်လည်း တင်ဒါခေါ်ယူဆောင်ရွက်ထားခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုများစွာရှိမည်ဖြစ်ကာ ငွေလွှဲစနစ်၊ အခြားသောကုန်စည်များနှင့် ဝန်ဆောင်မှုများဝယ်ယူရာတွင်လည်း အသုံးပြုဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အဆိုပါယာဉ်စီးခ ငွေပေးချေမှုကတ်စနစ်ကို ယာဉ်စီးခငွေပေးချေသည့် အခြေအနေတစ်ခုတည်းသာမက နိုင်ငံတကာတွင်အသုံးပြုသည့် နည်းပညာဖြင့် ဗီဇာ၊ မာစတာ၊ MPU အစရှိသည့် ကတ်ဝန်ဆောင်မှုများကို သုံးစွဲနိုင်သည့် အခြေနေမျိုးဖြစ်စေရန် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။


"ကတ်စနစ်နဲ့လုပ်ရမှာကို ပြောနေတာကြာပါပြီ၊ အခုတော့အချိန်ကာလတစ်ခုကို ပြောလာပြီဆိုတော့နီးလာပြီလို့ပြောရမှာပဲ၊ ဒါပေမယ့်အခုလောက် အချိန်ယူထားပြီးမှတော့ဟာကွက်အနည်းဆုံးဖြစ်အောင် လုပ်စေချင်တယ်၊ စနစ်ပြောင်းတုန်းကလိုပဲပရမ်းပတာတော့ မဖြစ်စေချင်ဘူး"ဟု ပြည်သူတစ်ဦးက ပြောသည်။

ယင်းအပြင် ရန်ကုန်ဘတ်စ်ကားသယ်ယူပို့ဆောင်ရေး လမ်းကြောင်းပေါ်၌ ကိုယ်ပိုင်ကားများ၊ Taxi များ ၇၀ ရာခိုင်နှုန်း နေရာယူထားခြင်းကြောင့် ရန်ကုန်မြို့တွင်းမှတ်တိုင်မရပ်သည့် ဘတ်စ်ကားများ Bus ကားမှတ်တိုင်တွင် ရပ်နားသည့် Taxi နှင့်ကိုယ်ပိုင်ကားများကို ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် YBS ကတ်စနစ်ဆောင်ရွက်ရန် တင်ဒါအောင်မြင်ထားသည့် Any Payment Service ကုမ္ပဏီနှင့် Asia Starmar Tran-sport Intelligent ကုမ္ပဏီနှစ်ခုမှ ကုမ္ပဏီတစ်ခုဖြင့် မေလအတွင်း MO-U ရေးထိုးမည်ဖြစ်ကြောင်းသိရသည်။


ပိုးအိမ်



Transcom News journal Cartoons








# အသစ်ထွက်ရှိသော One Championship မိုဘိုင်းလ်အက်ပလီကေးရှင်းဖြင့် One Championship Live ပွဲစဉ်များအား အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်မည်

အာရှသမိုင်းတွင် အကြီးမားဆုံး ကမ္ဘာ့အားကစားပြိုင်ပွဲများကို ဦးစီးကျင်းပလျက်ရှိသော One Championship™ (ONE) သည် မေလ ၁၄ ရက်နေ့တွင် စင်ကာပူနိုင်ငံရှိ Marina Bay Sands ဟိုတယ်တွင် သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့ရာ ONE:UNSTOPPABLE DREAMS ပြိုင်ပွဲကြီး ယှဉ်ပြိုင်ထိုးသတ်မည့်သူများကို မိတ်ဆက်ပေးခဲ့သည်။ ထို့အပြင် အဆိုပါအခမ်းနားတွင် အသစ်ထွက်ရှိထားသော One Championship မိုဘိုင်းလ်အက်ပလီကေးရှင်းဖြင့် One Championship Live ပွဲစဉ်များနှင့် ဒစ်ဂျစ်တယ်သတင်းများကို တစ်နေရာထဲတွင် အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်မည့် One Championship မိုဘိုင်းလ်အက်ပလီကေးရှင်းကိုလည်း မိတ်ဆက်ပေးခဲ့ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစာရှင်းလင်းပွဲသို့ One Championship ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သူ Chatri Sityodtong၊ ONE အမျိုးသမီး အက်တန်ဝိတ်ကမ္ဘာ့ချန်ပီယံ (ONE Women's Atomweight World Champion) ဖြစ်သူ၊ "Unstoppable" Angela lee၊ ၎င်း၏ပြိုင်ဘက် Mei "V.V" Yamaguchi၊ ONE ဖယ်သာဝိတ်နှင့် လိုက်ဝိတ်ကမ္ဘာ့ချန်ပီယံ (ONE Featherweight & Lightweihgt World Champion) ဖြစ်သူ၊ Martin "The Situ-Asian" Nguyen၊ ၎င်း၏ပြိုင်ဘက် Christian "The Warrior" Lee၊ နာမည်ကျော် မွေထိုင်းကစားသမား Sam-A Gaiyanghadao၊ ၎င်း၏ပြိုင်ဘက် Sergio "Samurai" Wielzen၊ နာမည်ကျော် မွေထိုင်းကစားသမား Yodsanklai Fairtex နှင့် ၎င်း၏ပြိုင်ဘက် Chris Ngimbi တို့တက်ရောက်ခဲ့ကြသည်။

ကမ္ဘာတစ်ဝန်းလုံးတွင်ရှိသည့် သန်းပေါင်းများစွာသော ကိုယ်ခံပညာသိုင်းပေါင်းစုံ ကြိုက်နှစ်သက်ကြသူ ပရိသတ်များအနေဖြင့် အသစ်ထွက်ရှိထားသော One Championship မိုဘိုင်းလ်အက်ပလီကေးရှင်းဖြင့် One Championship Live ပွဲစဉ်များနှင့် ဒစ်ဂျစ်တယ်သတင်းများကို တစ်နေရာထဲတွင် အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။ ၎င်းတို့ကြိုက်နှစ်သက်သော One Championship စူပါစတားတို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ နောက်ခံအကြောင်းအရာ အပြည့်အစုံတို့ကို အရည်အသွေးကောင်းမွန်သော HD နှင့် ကြည့်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် ပရိသတ်များအနေနှင့် ဇွန်လ ၂၉ ရက်နေ့တွင် ယှဉ်ပြိုင်ထိုးသတ်မည့် ဝမ်းမစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံ အောင်လအန်ဆန်း၏ ONE:SPIRIT OF THE WARRIOR ပွဲစဉ်ကို အဆိုပါ အက်ပလီကေးရှင်းမှတစ်ဆင့် ကြည့်ရှုနိုင်မည်ဖြစ်သည်။ အဆိုပါ အက်ပလီကေးရှင်းကို Andriod နှင့် iOS ဖုန်းများတွင် ဒေါင်းလုတ်ရယူနိုင်ကြောင်းသိရသည်။

အသစ်ထွက်ရှိထားသော One Championship မိုဘိုင်းလ်အက်ပလီကေးရှင်းကို Android ဖုန်းများအတွက် https://play.google.com/store/apps/details၊ id=com.onefc.android.app နှင့် iOS ဖုန်းများအတွက် https://itunes.apple.com/in/app/one-championship/id1351178131 တို့မှတစ်ဆင့် ဒေါင်းလုတ် ရယူနိုင်ကြောင်းသိရသည်။

ကျော်ကျော်

# L'oreal Paris မှ နှုတ်ခမ်းနီအသစ်မိတ်ဆက်




L'oreal Paris နှင့် Balmain Paris တို့ရဲ့ ပထမဆုံး collaboration limited edition နှုတ်ခမ်းနီအသစ်မိတ်ဆက်ပွဲကို Sedona Hotel Poolside မှာ ကျင်းပခဲ့ပါသည်။

Balmain Paris မှ Creative Designer နှင့် L'oreal Paris တို့ပူးပေါင်းထုတ်လုပ်ထားတဲ့ နှုတ်ခမ်းနီဖြစ်ပြီး ဆွဲဆောင်မှုအားကောင်းတဲ့ Saf-ari, Rock နှင့် Couture Collection သုံးမျိုးထဲမှ ရွေးချယ်စရာအရောင် ၁၂ မျိုးရှိကြောင်း Camellia seeds oil, Jojoba oil တို့ပါဝင်သောကြောင့် နှုတ်ခမ်းသားကိုအနူးညံ့ဆုံးအနေအထား ရရှိစေပြီးအမျိုးသမီးတိုင်းအတွက် ထိုက်တန်တဲ့တန်ဖိုးထားဝယ်စုဆောင်းရမယ့် limited Edition နှုတ်ခမ်းနီဖြစ်ကြောင်းသိရသည်။

DJ သော်သော်ရဲ့ တင်ဆက်မှုနဲ့အတူ ကြွရောက်လာကြတဲ့ Celebrity များ Influencers များမှ L'Oreal Paris X Balmain နှုတ်ခမ်းနီကို စမ်းသပ်အသုံးပြုခဲ့ကြသည်။

ကျော်ကျော်




# Food & Hotel Myanmar 2018 ပဉ္စမအကြိမ်မြောက် ကျင်းပမည်

မြန်မာနိုင်ငံ၏ အကြီးမားဆုံးအစားအစာနှင့် ဧည့်ခံကြိုဆိုရေးထုတ်ကုန်များဆိုင်ရာ နိုင်ငံတကာပြပွဲဖြစ်သော Food & Hotel Myanmar 2018 ကို ပဉ္စမအကြိမ်မြောက်အဖြစ် ဇွန်လ ၆ရက်ကမှ ၈ရက်ထိ MEP မင်းဓမ္မလမ်းတွင် ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးနေသောအစီအစဉ်များအနက်မှ အစားအစာနှင့်ဧည့်ခံကြိုဆိုရေးဆိုင်ရာ ကဏ္ဍများသည် ကမ္ဘာတစ်လွှားမှ လုပ်ငန်းရှင်(၂၀၀)ကျော်၏ စိတ်ဝင်စားမှုကိုရရှိထားပြီး ယခုနှစ်ပြပွဲကို ဧည့်သည်တော် ၇,၅၀၀ ကျော်တက်ရောက်မည်ဟု UBM Myanmar မှခန့်မှန်းထားကြောင်းသိရသည်။

လွန်ခဲ့သောနှစ်က မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သူ ကမ္ဘာလှည့်ခရီးသည် ၃၅၀,၀၀ ရှိခဲ့ပြီး ခရီးသွားလုပ်ငန်းသည် တိုးတက်လာမည့်အလားအလာရှိကြောင်းကို UBM Myanmar ၏အထွေထွေမန်နေဂျာ Mr. Fraser Hawkes မှသတိပြုမိခဲ့ပြီး တရုတ်နိုင်ငံနှင့်အရှေ့တောင်အာရှမှ ခရီးသည်အားလုံး၏ ၆၈ %အထိရှိပြီး ဥရောပနှင့်အမေရိကန်မှ ၁၉% နှင့် ၇%အသီးသီးရှိခဲ့သည်။ အကျိုးဆက်အား ဧည့်ကြိုဆိုရေး၊ စားသောက်ဆိုင်များ၊ ဝန်ဆောင်မှုနှင့်အခြားသော ကမ္ဘာလှည့်ခရီးသည်အခြေပြုလုပ်ငန်းများသည် လွန်ခဲ့သောနှစ်များအတွင်း ဆက်လက်တိုးတက်လာခဲ့သည်။

တိုးတက်လာသော ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံရှိဟိုတယ် ၁,၅၇၅ ခု(ဟိုတယ်အခန်းပေါင်း ၆၃,၃၃၆ )ခန့်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ဦးဆောင်လျက်ရှိပြီး ကမ္ဘာတစ်လွှားမှအစားအစာနှင့် ဧည့်ကြိုဆိုင်ရာလုပ်ငန်းရှင်များကို Food & Hotel Myanmar 2018 မှတစ်ဆင့် ဖွံ့ဖြိုးလာနေသော မြန်မာနိုင်ငံ၏ဈေးကွက်သစ်သို့ သယ်ဆောင်လာလျက်ရှိပြီး ခရီးသွားလုပ်ငန်း၊ ဧည့်ကြိုဆိုရေးနှင့် အစားအစာကဏ္ဍများရှိ နိုင်ငံခြားမှစီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများသည် အဆိုပါပြပွဲကိုဝယ်ယူသူများရှာဖွေရန်၊ အလားအလာရှိသော လုပ်ငန်းတူများ၊ အရောင်းကိုယ်စားလှယ်များနှင့် ရင်းနှီးမှုတည်ဆောက်ရန်အလွန်ကောင်းမွန်သော ပေါင်းကူးတစ်ခုဖြစ်လာမည်ဟုသိရသည်။

ပဉ္စမအကြိမ်မြောက်အဖြစ် ကျင်းပသော Food & Hotel Myanmar 2018 တွင်နိုင်ငံပေါင်း(၂၀) တို့မှထိပ်တန်းထောက်ပံ့သူ(၂၀၀) ကျော်တို့သည် ၎င်းတို့၏နောက်ဆုံးပေါ်ထုတ်ကုန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများကို တင်ဆက်ပြသမည်ဖြစ်သည်။

ကျော်ကျော်



# စင်ကာပူတွင် ကင်မ်ဂျုံအန်းနှင့် တွေ့ဆုံမည်ဟု ထရမ့် အတည်ပြုကြေညာ



မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအန်းနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံမည့်နေရာအဖြစ် စင်ကာပူနိုင်ငံကို ရွေးချယ်လိုက်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က အတည်ပြုကြေညာခဲ့သည်။ အတိတ်တွင် ဆက်ဆံရေးဆိုးရွားခါးသီးခဲ့သည့် နိုင်ငံနှစ်ခု၏ ခေါင်းဆောင်များတရားဝင်တွေ့ဆုံမှုသည် ဇွန်လ ၁၂ရက်တွင် အထမြောက်မည်ဟုလည်း Twitter ပေါ်တွင် ထရမ့်က ရေးသားထားသည်။ အဆိုပါတွေ့ဆုံပွဲဖြစ်မြောက်စေရေးအတွက် နှစ်နိုင်ငံအစိုးရအရာရှိများနှင့် တောင်ကိုရီးယား၊ တရုတ်တို့မှ အစိုးရကိုယ်စားလှယ်များကြား လနှင့်ချီ အချိန်ယူညှိနှိုင်းခဲ့ရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ခ်ပွမ်ပီယို၏ ပြုံယမ်းခရီးစဉ်အပြီးတွင်မှ ထရမ့်က ကင်မ်နှင့်တွေ့ဆုံမည့်အချိန်နှင့် နေရာကိုတရားဝင် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

“ကျုပ်တို့ နှစ်ယောက်စလုံးက ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အရမ်းထူးကဲတဲ့ အခိုက်အတန့်တစ်ခုကို အတူပူးပေါင်းဖန်တီးနိုင်ဖို့ ကြိုးစားသွားမှာပါ”ဟုလည်း ထရမ့်က Twitter ပေါ်တွင် မှတ်ချက်ပေးခဲ့သည်။

ကင်မ်နှင့် ထရမ့်တို့သည် ယခင်က ပုဂ္ဂိုလ်ရေးတိုက်ခိုက်သည့်စကားများ၊ ကျိန်ဆဲမှုများ အပြန်အလှန် ပြောဆိုခဲ့ကြဖူးသည်။ ၎င်းတို့တွေ့ဆုံချိန်တွင် ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားလက်နက် ဖျက်သိမ်းရေးကိစ္စများကို အဓိကထားဆွေးနွေးရန် ရည်ရွယ်ထားသည်။

မြောက်ကိုရီးယားက ဖမ်းဆီးထိန်းသိမ်းထားသည့် အမေရိကန်နိုင်ငံသားသုံးဦးကို ပြန်လွှတ်ပေးခဲ့ပြီး ထရမ့်ကိုယ်တိုင် ၎င်းတို့ကို ကြိုဆိုခဲ့သည့် ဖြစ်ရပ်အပြီး နာရီပိုင်းအကြာတွင် ထရမ့်က ကင်မ်နှင့်တွေ့မည့်အချိန်၊ နေရာများကို အတည်ပြုထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။ ယခင်က မြောက်ကိုရီးယားခေါင်းဆောင်တစ်ဦးနှင့် အမေရိကန်၏ အာဏာရသမ္မတတစ်ဦးတို့မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးမှုမျိုး သမိုင်းတလျှောက်တွင် လုံးဝမရှိခဲ့ဖူးသေးချေ။

လရောင်
Ref: Reuters

# တူရကီသမ္မတအာဒိုဂန် ဗြိတိန်ဘုရင်မကြီးနှင့် တွေ့ဆုံရန် လန်ဒန်မြို့သို့ ထွက်ခွာ

တူရကီသမ္မတ တေရစ်အာဒိုဂန်သည် ဗြိတိန်ဘုရင်မကြီး အယ်လ်လိဇဘတ်၊ ဝန်ကြီးချုပ်ထရီဆာမေနှင့် တွေ့ဆုံရန် လန်ဒန်မြို့သို့ ထွက်ခွာခဲ့သည်။ သုံးရက်ကြာ ဗြိတိန်ခရီးစဉ်အတွင်း သမ္မတအာဒိုဂန်သည် ဘုရင်မကြီး အယ်လ်လိဇဘတ်၊ ဝန်ကြီးချုပ် ထရီဆာမေနှင့် တွေ့ဆုံမည်ဖြစ်သည်။

လန်ဒန်သို့ မထွက်ခွာမီ သမ္မတအာဒိုဂန်က ဗြိတိန်သည် တူရကီနိုင်ငံ၏ မဟာဗျူဟာမြောက်အရေးပါသော မဟာမိတ်နိုင်ငံဖြစ်ကြောင်းနှင့် ဗြိတိန်ခရီးစဉ်တွင် ဝန်ကြီးချုပ် ထရီဆာမေနှင့်အတူ နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာအရေး စသည့်အကြောင်းအရာ များဆွေးနွေးမည်ဟု ပြောကြားခဲ့သည်။

ထို့အပြင် အဆိုပါခေါင်းဆောင်နှစ်ဦးသည် တူရကီနှင့် ဗြိတိန်တို့ ကြားဝင်စေ့စပ်သူများအဖြစ်ပါဝင်ဆောင်ရွက်နေသည့် ဆိုက်ပရပ်စ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နောက်ဆုံးအခြေအနေအပြင် ဆီးရီးယား၊ အီရတ်နှင့် အီရန်စသည့် အရှေ့အလယ်ပိုင်းအရေးတွင်လည်း ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးမည်ဖြစ်သည်။

အဆိုပါ ဗြိတိန်ခရီးစဉ်တွင် တူရကီ–ဗြိတိန်ကုန်သွယ်ရေး ကဏ္ဍတိုးမြှင့်လာရေး အာရုံစိုက်မည်ဟု သမ္မတအာဒိုဂန်က ပြောသည်။

“ဥရောပသမဂ္ဂကနေ ဗြိတိန်နိုင်ငံနုတ်ထွက်ပြီးရင် တူရကီနဲ့ ဗြိတိန်အစိုးရအနေနဲ့ အတားအဆီးမရှိ နှစ်နိုင်ငံစီးပွားရေးဆက်ဆံမှုကို ဆက်လက်ထိန်းသိမ်းချင်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ် (၄၄)နှစ်ကြာရပ်တည်ခဲ့သော ဗြိတိန်သည် ၂၀၁၉ မတ်လတွင် ထိုအဖွဲ့မှ တရားဝင်နုတ်ထွက်မည်ဖြစ်သည်။

တူရကီနှင့် ဗြိတိန်နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို ကန်ဒေါ်လာ ၂၀ဘီလီယံအထိတိုးမြှင့်လာရန် ရည်ရွယ်ထားကြောင်း သမ္မတအာဒိုဂန်ကပြောသည်။

လရောင်
Ref: AP



# တရုတ်ပြည်တွင်းဖြစ် လေယာဉ်တင်သင်္ဘောကို ပင်လယ်ပြင်၌ စမ်းသပ်ခုတ်မောင်း



တရုတ်နိုင်ငံ၏ ပထမဆုံးပြည်တွင်း၌ ထုတ်လုပ်သောလေယာဉ်တင်သင်္ဘောသည် ပင်လယ်ပြင်စမ်းသပ်ရန် အရှေ့မြောက်ပိုင်းဆိပ်ကမ်းမှ ထွက်ခွာသွားကြောင်း နိုင်ငံပိုင်မီဒီယာကဖော်ပြသည်။ ယင်းမှာ တရုတ်က စစ်တပ်ကို ခေတ်မီစေရန် ကြိုးပမ်းမှုများ အနက်နောက်ဆုံးမှတ်တိုင်တစ်ခု ဖြစ်သည်။

ယခုထိ အမည်မပေးရသေးသော ယင်းလေယာဉ်တင်သင်္ဘောကို ယခင်နှစ်ယခုလိုအချိန်က မိတ်ဆက်ခဲ့သော်လည်း လက်နက်များနှင့် အခြားစနစ်များ တပ်ဆင်ခဲ့သော်လည်း တာဝန်အရ စေခိုင်းခြင်းမရှိသေးပေ။

ယင်းသင်္ဘောသည် စမ်းသပ်မှုများပြုလုပ်ရန် ထွက်ခွာခဲ့ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

စက်ပိုင်းဆိုင်ရာစနစ်များနှင့် အခြားကိရိယာများ၏ ယုံကြည်စိတ်ချရမှုနှင့် တည်ငြိမ်မှုတို့ကို စိစစ်အတည်ပြုနိုင်ရေး ပင်လယ်ပြင်စမ်းသပ်ရန် နိုင်ငံ၏ဒုတိယမြောက်လေယာဉ်တင်သင်္ဘောသည် ဒါလီယန်သင်္ဘောကျင်းမှ ပင်လယ်ပြင်သို့ ထွက်ခွာသွားပြီဟု ဆင်ဟွာသတင်းက ဖော်ပြသည်။

လျှို့ဝှက်တိုက်လေယာဉ်များနှင့် ဂြိုဟ်တုဖျက်ဒုံးကျည်များတီထွင်ရေးအပါအဝင် စစ်တပ်အဆင့်မြှင့်တင်ရေးအစီအစဉ်ကို တရုတ်သမ္မတ ရှီကျင်းပင်က ကြီးကြပ်နေပြီး တရုတ်က ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ထိုင်ဝမ်ပေတစ်ဝိုက်နှင့် အငြင်းပွားနေသော တောင်တရုတ်ပင်လယ်တို့တွင် စစ်အင်အားတိုးမြှင့်ချထားနေသည်။

ဒုတိယမြောက် တရုတ်လေယာဉ်တင်သင်္ဘောသည် ၂၀၂၀မတိုင်မီတာဝန်အတွက် အသုံးပြုဦးမည်မဟုတ်ဟု တရုတ်စစ်ဘက်ကျွမ်းကျင်သူများက ပြောသည်။

ယခုလေယာဉ်တင်သင်္ဘောသည် တရုတ်နိုင်ငံ၏ ချန်ယန်း J-15 တိုက်လေယာဉ်များကို တင်ဆောင်အသုံးပြုနိုင်မည်ဖြစ်သည်။

တရုတ်အစိုးရသည် ၁၉၉၈က ယူကရိန်းထံမှ အသုံးပြုပြီးသားလေယာဉ်တင်သင်္ဘောတစ်စီးကို ဝယ်ယူကာတရုတ်နိုင်ငံတွင် ပြန်လည်ပြင်ဆင်ခဲ့သည်။

လရောင်– Ref: Reuters

# မြောက်ကိုရီးယား လွှတ်ပေးသော အမေရိကန်အကျဉ်းသားများ ဝါရှင်တန်မြို့သို့ ရောက်ရှိ

မြောက်ကိုရီးယားက လွှတ်ပေးသောအမေရိကန် အကျဉ်းသားများကို တင်ဆောင်လာသော လေယာဉ်သည် မေလ ၁၀ရက်ကဝါရှင်တန်မြို့အနီးသို့ ဆိုက်ရောက်လာပြီး သမ္မတဒေါ်နယ်ထရန့်နှင့် တွေ့ဆုံပြီးနောက်၎င်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့အကြား စီစဉ်ထားသော ထိပ်သီးဆွေးနွေးပွဲ၏ အဓိကအတားအဆီးတစ်ခုရှင်းလင်းသွားသည်။ မြောက်ကိုရီးယားမြို့တော်သို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမိုက်ပွန်ပီယိုသွားရောက်ပြီးနောက် လွတ်မြောက်ခဲ့သည့် ယင်းအကျဉ်းသားများသည် ဝါရှင်တန်အပြင်ဘက် အန်ဒရူးပူးတွဲအခြေစိုက်စခန်းသို့ ဆိုက်ရောက်လာသည်။

ထရန့်နှင့် ဇနီးတို့က သွားရောက်တွေ့ဆုံခဲ့ပြီး သမ္မတနှင့် လက်ဆွဲနှုတ်ဆက်ကာ စောင့်ဆိုင်းနေသော မီဒီယာများနှင့် စစ်မှုထမ်းများအား ၎င်းတို့က လက်ပြနှုတ်ဆက်ခဲ့ကြသည်။

၎င်းတို့ကို ပြန်လွှတ်ပေး၍ ကင်ဂျုံအန်ကို ကျေးဇူးတင်ကြောင်း ပြောကြားပြီးနောက် ထရန့်ကပွင့်ပွင့်လင်းလင်းပြောရလျှင် ယင်းကိစ္စဖြစ်လာမည်ဟု မိမိတို့ထင်မထားသော်လည်း ဖြစ်လာသည်ဟု ပြောကြားသည်။

ကင်ဂျုံအန်သည် မြောက်ကိုရီးယားကို စစ်မှန်သော လောကဆီသို့ ဆောင်ကြဉ်းပေးလိုသည်ဟု အမှန်တကယ်ယုံကြည်မိပြီး စီစဉ်ထားသောတွေ့ဆုံမှု၌ အဓိကသဘောတူညီမှုတစ်ရပ်ရမည်ဟု မျှော်လင့်ကြောင်း ထရန့်ကပြောကြားသည်။

ယခုလွှတ်မြောက်လာသော အမျိုးသားသုံးဦးကို ဆေးစစ်ဆေးရန် ဝေါ်လ်တာရိဒ်အမျိုးသားစစ်ဘက်ဆေးစင်တာသို့ ပို့ဆောင်မည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိ အမျိုးသမီးတစ်ဦးက ပြောသည်။

၎င်းတို့သုံးဦးသည် ၂၀၁၅က ထိန်းသိမ်းခံရသော ကိုရီးယား– အမေရိကန်လူမျိုးသာသနာပြု ကင်ဒေါင်ချုပ်၊ ၂၀၁၇က ဖမ်းဆီးခံရသော ပြုံယမ်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တွင် တစ်လကြာသင်ကြားပို့ချခဲ့သူ ဘင်ဆန်ဒုန်နှင့် ပြီးခဲ့သည့်နှစ်က ဖမ်းဆီးခံရသော ယင်းတက္ကသိုလ်တွင် သင်ကြားပို့ချခဲ့သူ ကင်ဟက်ဆောင်တို့ဖြစ်သည်။

လရောင်– Ref: Reuters

## အင်ဒိုနီးရှားရှိ ဆူရာဘာယာတွင် နှစ်ရက်ဆက်တိုက် အသေခံဗုံးခွဲမှုများ ဖြစ်ပေါ်

အင်ဒိုနီးရှားနိုင်ငံ၊ ဆူရာဘာယာမြို့တွင် အသေခံဗုံးခွဲတိုက်ခိုက်မှုများ နှစ်ရက်ဆက်တိုက်ကြုံတွေ့ခဲ့ရကြောင်း သိရသည်။ မိသားစုလိုက် ဖြန့်ကျက်ပြီး ဆူရာဘာယာရှိခရစ်ယာန်ဘုရားကျောင်းသုံးခုကို ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ပြီး မေ ၁၄ရက် မနက်ပိုင်းတွင်လည်း မြို့ထဲရှိရဲဌာနတစ်ခုကို ဆိုင်ကယ်စီးလာသည့် အသေခံဗုံးသမားများက ဝင်ရောက်ဖောက်ခွဲတိုက် ခိုက်ခဲ့သည်။ မေ ၁၃ရက် ညပိုင်းကလည်း လူနေတိုက်ခန်းတစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားပြီးဗုံးသမားဟု ယူဆရသည့် မိသားစုဝင်များ သေဆုံးခဲ့သည်။

မေ ၁၃ရက်ဖြစ်စဉ်တွင် ကလေးငယ် ၂ဦးနှင့် ဆယ်ကျော်သက် ၂ဦးပါဝင်သော မိသားစု၆ဦးက အသေခံဗုံးခွဲခဲ့ကြောင်း တာဝန်ရှိသူများက အတည်ပြုခဲ့သည်။ မေ ၁၄ရက်၌လည်းဒုတိယအကြိမ် မိသားစုလိုက်အကြမ်းဖက်မှုဖြစ်ပွားခဲ့ပြီး ၈နှစ်အရွယ်မိန်းကလေးတစ်ဦး ဒဏ်ရာများဖြင့် အသက်ရှင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။

အင်ဒို၏ ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်သော ဆူရာဘာယာတွင် ဆိုးရွားလှသည့် အသေခံဗုံးခွဲမှုများ ဖြစ်ပေါ်လာခြင်းက တစ်နိုင်ငံလုံးကို ချောက်ချားတုန်လှုပ်သွားစေခဲ့သည်။ ယခုဖြစ်ရပ်များက ကမ္ဘာပေါ်တွင် မွတ်ဆလင်အများဆုံး နေထိုင်သည့်အင်ဒို၌ အစွန်းရောက်အကြမ်းဖက်ဝါဒစိမ့်ဝင်ပျံ့နှံ့မှု ကျယ်ပြန့်လာနေကြောင်း ထင်ဟပ်စေခဲ့သည်။

အင်ဒိုသမ္မတ ယိုကိုဝီဒိုဒိုက အဆိုပါတိုက်ခိုက်မှုများသည် ဂုဏ်သိက္ခာကင်းမဲ့သော၊ လူမဆန်သော၊ သူရဲဘောကြောင်သော လုပ်ရပ်မျိုးဟု ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချခဲ့သည်။ ထို့အပြင် အင်ဒိုအစိုးရအနေဖြင့် အကြမ်းဖက်မှုကို ထိရောက်စွာ တုံ့ပြန်အရေးယူရန် လုံးဝနှောင့်နှေးတွန့်ဆုတ်နေမည်မဟုတ်ဟုလည်း သမ္မတက ကြုံးဝါးခဲ့သည်။

အိုင်အက်စ်စစ်သွေးကြွအုပ်စုက အင်ဒိုတွင် အသေခံဗုံးခွဲမှုများ ကျူးလွန်ရန် စီစဉ်ညွှန်ကြားခဲ့သည်ဟု ပြောဆိုထားသော်လည်း အာဏာပိုင်များကမူ ယင်းအဆိုကို အတည်မပြုသေးချေ။ ဆူရာဘာယာရှိ ခရစ်ယာန်ဘုရားကျောင်းများကို ပစ်မှတ်ထားသည့် အသေခံဗုံးခွဲမှုတွင်ပါဝင်ခဲ့သောမိသားစုမှာ အကြမ်းဖက်ကွန်ရက်များ လှုပ်ရှားနေရာဆီးရီးယားသို့ သွားရောက်ပြီးအင်ဒိုသို့ ပြန်လာသူများဟု ရဲတပ်ဖွဲ့က ဖော်ထုတ်တွေ့ရှိထားသည်။

လရောင်
Ref: EPA

## ဂျေရုဆလင်တွင် အမေရိကန်သံရုံးဖွင့်လှစ်စဉ်ဂါဇာဒေသ၌ ဆန္ဒပြပွဲဖြစ်ပွားပြီး ပါလက်စတိုင်း ၄၁ဦးသေဆုံး



ဂါဇာနယ်စပ်ဆန္ဒပြပွဲများတွင် အစ္စရေးတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အနည်းဆုံးပါလက်စတိုင်းလူမျိုး ၄၁ဦး သေဆုံးပြီး ၁,၈၀၀ခန့် ဒဏ်ရာရရှိခဲ့သည်ဟု ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။ ပါလက်စတိုင်းများကို ဒေါသူပုန်ထစေသော လုပ်ရပ်အဖြစ် အမေရိကန်က ဂျေရုဆလင်မြို့တွင် သံရုံးဖွင့်လှစ်သောနေ့၌ အထက်ပါသွေးထွက်သံယိုမှု ဖြစ်ပွားခဲ့သည်။

ယင်းမှာ ၂၀၁၄က ဂါဇာစစ်ပွဲနောက်ပိုင်း တစ်နေ့တည်းပါလက်စတိုင်းလူမျိုးအများဆုံးသေဆုံးမှုဖြစ်သည်။ အမေရိကန်သံရုံး ဂျေရုဆလင်တွင် ဖွင့်လှစ်ခြင်းဖြင့် ဂျေရုဆလင်တစ်မြို့လုံးကို အစ္စရေးက အုပ်ချုပ်ရေးအမေရိကန်နိုင်ငံက ရှင်းလင်းစွာထောက်ခံခြင်းဟု ပါလက်စတိုင်းတို့က ရှုမြင်သည်။ အရှေ့ဂျေရုဆလင်ကို ၎င်းတို့၏ အနာဂတ်မြို့တော်အဖြစ် ပါလက်စတိုင်းတို့က အလိုရှိသည်။

အမေရိကန်သမ္မတ၏ သမီးအီဗန်ကာထရန့်နှင့် ၎င်း၏ခင်ပွန်းအိမ်ဖြူတော်အကြံပေး ဂျာရက်ကုရှ်နာတို့အပါအဝင် အမေရိကန်အရာရှိကြီးများသည် ဂျေရုဆလင်မြို့သံရုံးဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ဂျေရုဆလင်တွင် အမေရိကန်သံရုံးဖွင့်သင့်သည်မှာ ကြာပြီဟုသံရုံးဖွင့်ပွဲအခမ်းအနား၌ သမ္မတဒေါ်နယ်ထရန့်က ဗီဒီယိုမှတစ်ဆင့် ပြောကြားပြီး အချုပ်အခြာအာဏာပိုင်ဖြစ်သော အစ္စရေးနိုင်ငံသည် ၎င်းတို့၏မြို့တော်ကို ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း ပြောကြားသည်။ ဂါဇာနယ်စပ် ဆန္ဒပြပွဲတွင် ပါလက်စတိုင်းဆန္ဒပြသူများက ကျောက်ခဲများနှင့် မီးဗုံးများပစ်ပေါက်ပြီး အစ္စရေးတပ်ဖွဲ့များက လက်ဖြောင့်တပ်သားများ အသုံးပြုခဲ့သည်။

တာယာများမီးရှို့ထားသဖြင့် မီးခိုးလုံးများတက်နေခဲ့သည်။ သီတင်းခြောက်ပတ်ကြာဆန္ဒပြပွဲကို ‘ ’ဟု ကင်ပွန်း တပ်ထားသည်။ သီတင်းခြောက်ပတ်အတွင်း သေဆုံးသူ ၈၆ဦးရှိလာပြီဖြစ်သည်။ အကြမ်းဖက် အဓိကရုဏ်းများတွင် ပါလက်စတိုင်းလူမျိုး ၃၅,၀၀၀ခန့်ပါဝင်ကြောင်း အစ္စရေးစစ်ဘက်ကပြောကြားပြီး မိမိတို့တပ်ဖွဲ့များသည် စံလုပ်ငန်းစဉ်များနှင့်အညီ လှုပ်ရှားနေသည်ဟုပြောကြားသည်။

လရောင်—Ref: BBC/Reuters

## ဂါဇာတွင် နောက်ထပ်ဆူပူအုံကြွမှုများ ဖြစ်လာနိုင်ကြောင်း အစ္စရေး တပ်လှန့်ထား



လူ ၆၀နီးပါး သေဆုံးသည့် ပဋိပက္ခများအပြီး ဂါဇာတွင် နောက်ထပ်အုံကြွဆူပူမှုများ ဖြစ်လာနိုင်ကြောင်း အစ္စရေးလုံခြုံရေးတပ်ဖွဲ့ဝင်များက သတိပေးပြောကြားထားသည်။ ဂျေရုဆလင်တွင် အမေရိကန်သံရုံးပြောင်းရွှေ့အခြေစိုက်ဖွင့်လှစ်မှုကို ဂါဇာကမ်းမြှောင်ဒေသ၌ ပါလက်စတိုင်းမျိုးနွယ်စုများက ဆန္ဒပြကြရင်း အစ္စရေးတပ်ဖွဲ့များနှင့် ထိပ်တိုက်တွေ့ခဲ့ခြင်းဖြစ်သည်။ မေ ၁၄ရက် အုံကြွမှုများအတွင်း အစ္စရေးလုံခြုံရေးစည်းရိုးကို ကျော်ဖြတ်ရန် ကြိုးစားသည့် ပါလက်စတိုင်းများကိုအစ္စရေးစစ်တပ်က ပစ်ခတ်ဟန့်တားခဲ့သလို မျက်ရည်ယိုဗုံးများဖြင့်လူစုခွဲခဲ့သည်။

ဆန္ဒပြသူများကလည်း လောက်လေးခွများ၊ ကျောက်တုံးများ၊ လက်လုပ်ပုလင်းဗုံးများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တုံ့ပြန်ပစ်ခတ်ခဲ့သည်။ ထိုနေ့က ဖြစ်ရပ်များကြောင့် ပါလက်စတိုင်း ၅၈ ဦးထက်မနည်းသေဆုံးပြီး အများအပြားဒဏ်ရာရခဲ့သည်။ ယင်းသည် ပြီးခဲ့သည့် နှစ်ပိုင်းများအတွင်း ဂါဇာ၌ သွေးထွက်သံယိုအများဆုံး နေ့တစ်နေ့အဖြစ်လည်း မှတ်တမ်းဝင်သွားစေသည်။

အဆိုပါ ဆန္ဒပြပွဲများတွင် သေဆုံးသူများ၏ ဈာပနအခမ်းအနားများ ကျင်းပခြင်းနှင့်အတူ နောက်ထပ်တင်းမာမှုများ မြင့်တက်လာနိုင်ကြောင်း အစ္စရေးစစ်ဘက်က သတိပေးထားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့ကြား ပိုင်ဆိုင်မှု အငြင်းပွားနေရာ ဂျေရုဆလင်မြို့ကို အစ္စရေး၏ မြို့တော်အဖြစ် အမေရိကန် သမ္မတဒေါ်နယ်လ်ထရမ့်က အသိအမှတ်ပြုခဲ့ပြီး ယာယီသံရုံးပြောင်းရွှေ့အခြေစိုက်ခြင်းကို ပါလက်စတိုင်းများက မခံမရပ်နိုင်ဘဲ အုံကြွဆန္ဒပြကြခြင်းဖြစ်သည်။ ပါလက်စတိုင်း မျိုးနွယ်များက အနာဂတ်တွင် ၎င်းတို့ထူထောင်မည့်နိုင်ငံအတွက် အရှေ့ဂျေရုဆလင်ကို မြို့တော်အဖြစ်သတ်မှတ်ရန် မျှော်လင့်ထားကြသည်။

ပါလက်စတိုင်းအာဏာပိုင်များက အစ္စရေးတို့သည် ဂါဇာတွင်လူသတ်ပွဲ ဆင်နွှဲနေခြင်းဟု ပြစ်တင်ပြောဆိုခဲ့သော်လည်း အစ္စရေးဝန်ကြီးချုပ် ဘင်ယာမင်နေတန်ညာဟုက မိမိတို့၏ တပ်ဖွဲ့များအနေဖြင့် ကိုယ့်ကိုယ်ကိုယ်ကာကွယ်ပိုင်ခွင့် ဘောင်ထဲမှသာ စီမံကိုင်တွယ်ခဲ့ကြောင်း တုံ့ပြန်ခဲ့သည်။ ထို့အပြင် ဂါဇာ၏ ပါလက်စတိုင်းနယ်မြေကို အုပ်ချုပ်နေသည့် ဟားမားစ်တို့သည် ယခုလို ပဋိပက္ခများပေါ်ပေါက်လာအောင် သွေးထိုးပေးနေကြောင် နေတန်ညာဟုက စွပ်စွဲခဲ့သည်။

အစ္စရေးအစိုးရက ဂါဇာကမ်းမြှောင်၌ ဖြန့်ကျက်တည်ဆောက်ထားသည့် လုံခြုံရေးစည်းရိုးတလျှောက် နေရာ ၁၃ခုတွင် ပါလက်စတိုင်းလေးသောင်းခဲ့က မင်းမဲ့စရိုက်ဆန်ဆန်အုံကြွသောင်းကျန်းခဲ့ကြောင်း ထုတ်ပြန်သည်။ နေတန်ညာဟုက အစ္စရေးလုံခြုံရေးတပ်ဖွဲ့များ၏ အင်အားသုံးဖြိုခွင်းမှုကို ကာကွယ်ရပ်တည်ခဲ့ပြီး မည်သည့်နိုင်ငံမဆိုမိမိတို့၏ ပိုင်နက်နယ်မြေကို အစွမ်းကုန်ကာကွယ်ပိုင်ခွင့်ရှိကြောင်း ပြောကြားသွားသည်။

လရောင်- Ref: CNN

## အာဖဂန်နစ္စတန်အရှေ့ပိုင်းတွင် ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွား အနည်းဆုံး လူကိုးဦးသေဆုံး

မေလ ၁၃ရက်က အာဖဂန်နစ္စတန်အရှေ့ပိုင်း ဂျာလာလာဘတ်ဒ်မြို့၌ အနည်းဆုံးလူကိုးဦးသေဆုံးပြီး ဒါဇင်ပေါင်းများစွာ ဒဏ်ရာရစေခဲ့သည့်ချိန်သားကိုက်တိုက်ခိုက်မှုတွင် အစိုးရအဆောက်အအုံတစ်လုံးအတွင်းသို့ ဝင်စီးခဲ့သော တိုက်ခိုက်ရေးသမားများနှင့် အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ဒေသတာဝန်ရှိသူများ ကပြောသည်။

ပည်နယ်ငွေစာရင်းရုံးတည်ရှိရာ အဆောက်အအုံကို တိုက်ခိုက်မှု၌ပေါက်ကွဲသံအနည်းဆုံးသုံးကြိမ်ကြားခဲ့ပြီး ပထမပေါက်ကွဲသံသည် အဆောက်အအုံဝင်ပေါက်၌ ကားဗုံးဖောက်ခွဲမှုမှ ထွက်ပေါ်လာသောအသံဖြစ်ကြောင်း နန်ဂါဟာပြည်နယ်အုပ်ချုပ်ရေးမှူးရုံး ပြောရေးဆိုခွင့်ရှိသူ အတူလာကော့ဂ်ယာနီက ပြောသည်။

ကလေးငယ်တစ်ဦး အပါအဝင်အနည်းဆုံးလူကိုးဦး သေဆုံးပြီး ၃၆ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးတာဝန်ရှိသူများက ပြောသည်။

လူစည်ကားရာတွင် ဖြစ်ပွားခဲ့သည့် ယခုတိုက်ခိုက်မှုသည် ယခုနှစ်အတွင်း အာဖဂန်နစ္စတန်၌ ရာနှင့်ချီကာသေဆုံးစေခဲ့ပြီး ထောင်ပေါင်းများစွာ ဒဏ်ရာရစေခဲ့သည့် တိုက်ခိုက်မှုများ၏ နောက်ဆုံးတိုက်ခိုက်မှုဖြစ်သည်။

ယင်းတိုက်ခိုက်မှုများကြောင့် အနောက်တိုင်းကျောထောက်နောက်ခံပြု သမ္မတအာရှက်ဖ်ဂါနီ အစိုးရအတွက် ကြီးမားသောဖိအားများ ဖြစ်ပေါ်လာသည်။

တိုက်ခိုက်မှုအများစုသည် မြို့တော်ကဘူးလ်တွင် ဖြစ်ပွားခဲ့သော်လည်း ဇန်နဝါရီက ဂျာလာလာဘတ်ဒ်မြို့၌ သေနတ်သမားများက Save The Children အကူအညီပေးရေးအဖွဲ့ရုံးကို တိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံးလူငါးဦး သေဆုံးပြီး ၂၅ဦး ဒဏ်ရာရခဲ့သည်။

လရောင်- Ref: Reuters

# အမေရိကန်နုတ်ထွက်ပြီးနောက် အီရန်နျူကလီးယားသဘောတူညီမှုကို ဆက်ထိန်းရန် အင်အားကြီးနိုင်ငံများ ကြိုးစားနေ



အီရန်နျူကလီးယား ထိန်းချုပ်ရေးသဘောတူညီမှုမှ အမေရိကန်နုတ်ထွက်သွားပြီးနောက် ယင်းသဘောတူညီမှုကို ဆက်လက်တည်တံ့အောင်ထိန်းသိမ်းထားနိုင်ရန် ကမ္ဘာ့အင်အားကြီးနိုင်ငံများက ကြိုးစားလျက်ရှိကြသည်။ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီတို့ကဲ့သို့ မဟာမိတ်နိုင်ငံများက လက်ရှိသဘောတူညီမှုကို ကျောခိုင်းခြင်းမပြုရန် စုရုံးတောင်းဆိုနေသည့်ကြားမှ အမေရိကန် သမ္မတ ဒေါ်နယ်လ်ထရမ့်က အီရန်နျူကလီးယား သဘောတူညီမှုကို ဆက်လက်အသိအမှတ်မပြုတော့ကြောင်း မေလ ၈ရက်တွင် တရားဝင်လက်မှတ်ရေးထိုး ဆုံးဖြတ်ခဲ့သည်။

အဆိုပါ သဘောတူညီမှုသည် အီရန်၏နျူကလီးယားလက်နက်များ ထုတ်လုပ်မှုကို ကန့်သတ်တားဆီးရန်ရည်ရွယ်ပြီး အီရန်အစိုးရနှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့ ၂၀၁၅ခုနှစ်က ညှိနှိုင်းလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ အမေရိကန်ကလွဲ၍ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ ရုရှားနှင့် တရုတ်တို့က သဘောတူညီမှုပါ မူလသတ်မှတ်ချက်များကို ဆက်လက်လေးစားလိုက်နာမည်ဟု အသီးသီးကတိပြုထားသည်။

အမေရိကန်သမ္မတဟောင်း ဘာရက်အိုဘားမား လက်ထက်ကသဘောတူညီမှုသည် ယိုပေါက်များစွာရှိနေပြီး အီရန်၏နျူကလီးယားလက်နက် ရည်မှန်းချက်ကို အမှန်တကယ်တားဆီးနိုင်စွမ်းမရှိဟု ထရမ့်ကအစဉ်တစိုက် ဝေဖန်ခဲ့သည်။ သဘောတူညီမှုကို ကာလအပိုင်းအခြားတစ်ခုအတွင်း ပြန်လည်သက်တမ်းတိုးရန်လိုအပ်ပြီး ယခုအခါအမေရိကန်က ဆက်လက်ကျင့်သုံးတော့မည် မဟုတ်ချေ။ ထို့ကြောင့် အမေရိကန်သည် အီရန်အပေါ် ဖြေလျှော့ပေးထားသည့် စီးပွားရေးပိတ်ဆို့အရေးယူမှုများကို ပြန်လည်ကျင့်သုံးလာဖွယ် ရှိနေသည်။

အီရန်သမ္မတဟက်ဆန်ရူဟာနီကမူ နျူကလီးယားသဘောတူညီမှုမှ အမေရိကန်နုတ်ထွက်ခြင်းအပေါ် ပြင်းပြင်းထန်ထန်တုံ့ပြန်မည့် သဘောမျိုးခြိမ်းခြောက်ထားသည်။ ၎င်းတို့အနေဖြင့် ယူရေနီယမ်သန့်စင်မှုများကို ပြန်လည်စတင်ရန်အသင့်ရှိနေကြောင်း အီရန်ကကြေညာသည်။

ရူဟာနီက "နိုင်ငံခြားရေးဝန်ကြီးကို ကျွန်တော်အမိန့်ပေးထားတယ်။ ဥရောပနိုင်ငံတွေ၊ တရုတ်၊ ရုရှားတို့က ကိုယ်စားလှယ်တွေနဲ့မကြာခင် သီတင်းပတ်တွေမှာ သေချာဆွေးနွေးဖို့ပါ။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က သဘောတူညီမှုမှာပါဝင်တဲ့ တခြားနိုင်ငံတွေနဲ့ဆက်ပြီး လက်တွဲနိုင်တာသေချာဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ဖက်ကလည်း သဘောတူညီမှုကို ဆက်ထိန်းသိမ်းထားလိုပါတယ်"ဟု ပြောကြားခဲ့သည်။

အမေရိကန်အစိုးရအနေဖြင့် အီရန်အပေါ်အရေးယူပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်လာနိုင်မည်ဖြစ်သော်လည်း လက်ရှိအခြေအနေတွင်မူ ယင်းအရေးယူမှုများချက်ချင်းစတင်ဦးမည်မဟုတ်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက ကြေညာထားသည်။

လရောင်

Ref: Reuters

# မြောက်ကိုရီးယား စီးပွားရေး ပြန်လည်မြှင့်တင်တည်ဆောက်ရန် ကူညီမည်ဟု အမေရိကန် အတည်ပြု

မြောက်ကိုရီးယားပြည်သူများ၏ ဘဝအခြေအနေမြှင့်တင်ရေးနှင့် နိုင်ငံစီးပွားရေးကို ပြန်လည်တည်ဆောက်ရန်အတွက် အမေရိကန်ကအကူအညီပေးသွားမည်ဟု သိရသည်။ နှစ်နိုင်ငံခေါင်းဆောင်ချင်း မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးရန်နေ့ရက်နှင့် အချိန်ကာလကိုအတည်ပြုသတ်မှတ်ကြေညာခဲ့ပြီးနောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ခ်ပွမ်ပီယိုက အစိုးရ၏ ယခုသဘောထားသစ်ကိုထုတ် ပြန်အတည်ပြုခဲ့သည်။

"တောင်ကိုရီးယားမိတ်ဆွေတွေနည်းတူ ကြွယ်ဝချမ်းသာတဲ့ နိုင်ငံတစ်ခုဖြစ်လာစေဖို့ မြောက်ကိုရီးယားကို အမေရိကန်က လက်တွဲကူညီပေးသွားပါမယ်"ဟု ၎င်းက သတင်းထောက်များကို ပြောကြားခဲ့သည်။ ပွမ်ပီယိုသည် ယခုသီတင်းပတ်အတွင်းတွင်မှ မြောက်ကိုရီးယားနိုင်ငံ၏ မြို့တော်ပြုံယမ်းသို့ သွားရောက်ခဲ့သည်။ ၎င်းက မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအန်းနှင့် ကောင်းမွန်အဆင်ပြေသောဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ကြောင်းလည်း အတည်ပြုခဲ့သည်။ ကင်မ်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်တို့သည် ဇွန်လ ၁၂ရက်နေ့၌ စင်ကာပူတွင် တွေ့ဆုံမည်ဟု ကြေညာထားသည်။ ယင်းသည် သမိုင်းတလျှောက်ခါးသီးရန်ဘက်များအသွင် ရပ်တည်ခဲ့သည့်နိုင်ငံနှစ်ခုမှ လက်ရှိအာဏာရခေါင်းဆောင်များပထမဆုံးအကြိမ်ဆွေးနွေးမှုအနေဖြင့်လည်း မှတ်တမ်းဝင်လာမည်ဖြစ်သည်။

ပွမ်ပီယိုက မြောက်ကိုရီးယားကို နျူကလီးယားလက်နက် ဖျက်သိမ်းရေးအတွက် ရဲရင့်ပြတ်သားသည့် ခြေလှမ်းမျိုးအစပြုရန်လည်း တိုက်တွန်းခဲ့သည်။ မြောက်ကိုရီးယားသို့ ကြိုတင်ကြေညာခြင်းမရှိဘဲ ၎င်းရောက်ရှိခဲ့သည့် ယခုသီတင်းပတ်အတောအတွင်း၌ မြောက်ကိုရီးယားအာဏာပိုင်များက အမေရိကန်အကျဉ်းသားသုံးဦးကိုလည်း ပြန်လွှတ်ပေးခဲ့သည်။

တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံ၏ စီးပွားရေးအင်အားသည် ၁၉၅၃ခုနှစ်က အဆုံးသတ်ခဲ့သည့် ပြည်တွင်းစစ်နောက်ပိုင်း အကြီးအကျယ်ကွာဟခြားနားလာခဲ့သည်။ တောင်ကိုရီးယားသည် အရင်းရှင်ဝါဒကို ကျင့်သုံးပြီး ယနေ့အာရှဦးဆောင်နိုင်ငံတစ်ခုဖြစ်လာသော်လည်း မြောက်ကိုရီးယားမှာမူ ဆင်းရဲနွမ်းပါးမှု၊ ငတ်ပြတ်မှုဒဏ်များကို ခံစားခဲ့ရပြီး ကမ္ဘာ့နိုင်ငံအသီးသီး၏ စီးပွားရေးအင်အားရပ်တည်မှုစာရင်းတွင် ထိပ်ဆုံး ၁၀၀စာရင်း၌ပင် ဝင်ဆံ့ခြင်းမရှိဘဲ ရှန်းကန်ရပ်တည်ခဲ့ရသည်။

လရောင်-Ref: BBC

# နိုင်ငံ၏ခေတ်အမီဆုံး စစ်လက်နက်များကို အမျိုးသားအောင်ပွဲနေ့ ချီတက်ပွဲတွင် ရုရှားထုတ်ပြဖွယ်ရှိနေ



ရုရှား၏အမျိုးသားအောင်ပွဲနေ့စစ်ရေးပြ အခမ်းအနားတွင် နိုင်ငံ၏ခေတ်အမီဆုံးစစ်လက်နက်အသစ်များကို ခင်းကျင်းပြသဖွယ်ရှိနေကြောင်း သတင်းများထွက်ပေါ်လာခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီဂျာမနီတို့ လက်နက်ချအညံ့ခံခဲ့သည့် ၇၃နှစ်ပြည့် အထိမ်းအမှတ်ကို မေလ ၉ရက်တွင် မော်စကိုမြို့တော်ရှိရင်ပြင်နီ၌ ကျင်းပရန် ရုရှား အစိုးရက စီစဉ်ထားသည်။ ရုရှားတွင် သမ္မတဗလာဒီမာ ပူတင်၏ စတုတ္ထမြောက် သမ္မတသက်တမ်း တရားဝင်စတင်တာနဲ့ပူပြီး ရက်ပိုင်းအတွင်း ကျင်းပမည့် စစ်ရေးပြ အခမ်းအနား၌ နိုင်ငံ၏ အဆင့်အမြင့်ဆုံး စစ်လက်နက်များကို အင်အားပြလိမ့်မည်ဟု မီဒီယာများက ဆိုသည်။

ယင်းချီတက်ပွဲတွင် ရုရှား၏ပထမဆုံး ပြည်တွင်းဖြစ် ကိုယ်ပျောက်ဂျက်တိုက်လေယာဉ်များဖြစ်သော များ သရုပ်ပြပျံသန်းဖွယ်ရှိနေသည်။ ၂၀၁၀ပြည့်နှစ်တွင် ပထမဆုံးအကြိမ်စမ်းသပ်ပျံသန်းခဲ့သော အင်ဂျင်နှစ်လုံးတပ်ဂျက်တိုက်လေယာဉ်များသည် ယနေ့အချိန်ထိ ရုရှားစစ်တပ်တွင် တရားဝင်တာဝန်မထမ်းဆောင်နိုင်သေးချေ။ ယင်းတို့သည် အမေရိကန်၏ နာမည်ကျော် F-22 နှင့် F-35 ပဥ္စမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ်များကို ယှဉ်ပြိုင်နိုင်ရန်ရည်ရွယ်တည်ဆောက်ထားသည်။

စစ်ရေးပြအခမ်းအနားတွင် YARS တိုက်ချင်းပစ် ဒုံးကျည်များ၊ မျိုးဆက်သစ် Armata ချေမှုန်းရေး တင့်ကားများ၊ S-400 လေကြောင်းကာကွယ်ရေးဒုံးကျည်များ၊ BUK မြေပြင်အခြေစိုက်ခွင်းဒုံးများကိုပါ တွေ့မြင်ရဖွယ် ရှိနေကြောင်း ရုရှားစစ်ဘက်တာဝန်ရှိသူများ၏ အဆိုကို ကိုးကား၍ CNNက ဖော်ပြခဲ့သည်။

ရုရှားသမ္မတ ပူတင်သည် နိုင်ငံ၏စစ်အင်အားကို ခေတ်အမီဆုံးမွမ်းမံမြှင့်တင်မှုများ၊ နည်းပညာပိုင်းဖြည့်တင်းပေါင်းစပ်မှုများဖြင့် အသွင်ပြောင်းလဲတည်ဆောက်သွားရန် ရည်မှန်းချက်ထား ကြိုးစားလျက်ရှိသည်။ ယခုစစ်ရေးပြ အခမ်းအနားအစီအစဉ်တွင် ရုရှား၏လက်နက်သစ်များ ထုတ်ဖော်ခင်းကျင်းပြသခြင်းက အမေရိကန်နှင့် NATO မဟာမိတ်အုပ်စုကိုလိုလားသည့် အိမ်နီးချင်းနိုင်ငံများအတွက်လည်း သတိပေးခြိမ်းခြောက်သည့် သတင်းစကားတစ်ရပ် ဖြစ်လာနိုင်ကြောင်း သိရှိရသည်။

လရောင်-Ref: CNN

# Daraz ကို ဝယ်ယူပြီး အရှေ့တောင်အာရှ အွန်လိုင်းစီးပွားရေး အင်ပါယာချဲ့ထွင်လာသည့် Alibaba

အရှေ့တောင်အာရှတွင် အွန်လိုင်းစီးပွားရေးအင်ပါယာချဲ့ထွင်သည့် ခြေလှမ်းသစ်အဖြစ် Alibabau Daraz ကို ဝယ်ယူလိုက်ကြောင်းသိရသည်။ တရုတ်အင်တာနက်လုပ်ငန်းစုကြီးက Daraz ကို ပမာဏအတိအကျ မဖော်ပြသည့်စျေးနှုန်းတစ်ရပ်ဖြင့် ဝယ်ယူလိုက်ကြောင်း Rocket Internetu အတည်ပြုခဲ့သည်။ Daraz ကုမ္ပဏီကို Rocket Internetu ၂၀၁၂ခုနှစ်တွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ခြင်းဖြစ်သည်။

Daraz သည် ပါကစ္စတန်တွင် အွန်လိုင်းစီးပွားရေးလုပ်ငန်းများတွင် ကျယ်စွာ လုပ်ကိုင်နေသလို ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ သီရိလင်္ကာနှင့် နီပေါစသည့်အရှေ့တောင်အာရှနှင့် အာရှတောင်ပိုင်းနိုင်ငံများတွင်လည်း ဌာနခွဲများ ဖြန့်ကျက်ခဲ့ဖူးသည်။ Rocket Internet အနေဖြင့် မကြာသေးမီက အရှေ့တောင်အာရှဈေးကွက်ကို ကျောခိုင်းရန်ဆုံးဖြတ်ခဲ့သော်လည်း Daraz ကို ဝယ်ယူမှုနှင့်အတူ Alibabau ယင်းဈေးကွက် ဝေစုအတွက် ပြန်လည်အားထုတ်လာဖွယ် ရှိနေသည်။

Rocket Internetu ၎င်းတို့သည် Daraz ၏ လုပ်ငန်းကိစ္စအဝဝကို Alibaba ထံ လွှဲပြောင်းရောင်းချလိုက်ပြီဟု ထုတ်ပြန်သည်။ Alibaba အနေဖြင့် Rocket Internet လက်အောက်ခံ ဒုတိယမြောက်ကုမ္ပဏီတစ်ခုကို သိမ်းသွင်းဝယ်ယူလိုက်ခြင်းလည်း ဖြစ်သည်။ လွန်ခဲ့သည့် ၂နှစ်ကလည်း Rocket Internet သည် အရှေ့တောင်အာရှရှိ Lazada ကုမ္ပဏီကို Alibaba ထံရောင်းချဖူးသည်။

ကုမ္ပဏီနှစ်ခုကြား Daraz အတွက် အရောင်းအဝယ်ကိစ္စများ ဆွေးနွေးနေပြီဆိုသည့် သတင်းကိုမတ်လအတွင်း၌ Bloombergu စတင် ဖော်ပြခဲ့သည်။ ယခုသဘောတူညီမှုသည် Alibaba ၏ နိုင်ငံတကာကွန်ရက်ဖြန့်ကျက်မှု ဒုတိယလှိုင်းအတွက် အရှေ့တောင်အာရှဒေသဆိုင်ရာ အရေးပါသောခြေလှမ်းတစ်ရပ်လည်း ဖြစ်လာနိုင်ကြောင်း သတင်းများက သုံးသပ်ဖော်ပြခဲ့သည်။

လရောင်

Ref: Tech Crunch



# သားသုံးဦးစလုံးဘောလုံးမကန်လို့ စိတ်မကောင်းဖြစ်နေတဲ့ ဒေးဗစ်ဘက်ခမ်း

ဘောလုံးအကျော်အမော် ဒေးဗစ်ဘက်ခမ်းသည် သူ၏သားသုံးဦးစလုံး ဘောလုံးအားကစားကို စိတ်မဝင်စားသဖြင့် စိတ်မကောင်းဖြစ်ရကြောင်း ပြောကြားသည်။ မန်ချက်စတာယူနိုက်တက်၊ ရီးရဲမက်ဒရစ်စသည့် ကမ္ဘာကျော်ဘောလုံးအသင်းများတွင် ကစားခဲ့သည့် အင်္ဂလန်လက်ရွေးစင်ကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းသည် ဇနီးဗစ်တိုးရီးယားဘက်ခမ်းနှင့်အတူ သားသုံးဦးသမီးတစ်ဦး ထွန်းကားခဲ့သည်။

သားသုံးဦးဖြစ်သည့် ဘရွတ်ကလင်း (၁၉)နှစ်၊ ရိုမီယို (၁၅)နှစ်၊ ကာ့ဇ်(၁၃)နှစ်တို့သည် ဘောလုံးအားကစားကိုစိတ်မဝင်စားဘဲ အငယ်ဆုံးသမီးလေး ဟာ့ပါ (၆)နှစ် တစ်ဦးတည်းသာ ဘောလုံးကစားရသည်ကို နှစ်သက်ကြောင်း ဒေးဗစ်ဘက်ခမ်းက ပြောသည်။

"သမီးလေးဟာ့ပါက တနင်္ဂနွေနေ့တိုင်း ဘောလုံးကန်တယ်။ သားတွေကတော့ဘောလုံး ကန်တာစိတ်မဝင်စားကြဘူး။ အဲဒီအတွက် ကျွန်တော်ဝမ်းနည်းမိတယ်။ ဟာ့ပါဘောလုံးဆော့တာကို ကျွန်တော်ထိုင်ကြည့်နေရတာအရမ်းသဘောကျတယ်" ဟု သောကြာနေ့က ထုတ်လွှင့်ပြသသည့် 'The Graham Norton Show' အစီအစဉ်တွင် ဘက်ခမ်းက ပြောကြားသည်။

သားသုံးဦးသည် ဘောလုံးအားကစားတွင် ဖခင်ဘက်ခမ်းကဲ့သို့ ပါရမီမရှိသော်လည်း သားကြီးဘရွတ်ကလင်းက ဓာတ်ပုံပညာကို ဆည်းပူးနေပြီး သားလတ် ရိုမီယိုက မိခင်ဗစ်တိုးရီးယားကဲ့သို့ ဖက်ရှင်အမြင်ရှိကာ သားငယ်ကာ့ဇ်က ကျောင်းပြီးလျှင် ဂီတလောကသို့ ဝင်ရောက်ရန် စီစဉ်နေသည်။

လရောင်-Contactmusic

# ဂျိမ်းစ်ဘွန်း ဇာတ်ကားသစ်အတွက် အနုပညာကြေး စံချိန်တင်ရရှိမယ့် ဒန်နီရယ်ခရိတ်




ဗြိတိန်မင်းသား ဒန်နီရယ်ခရိတ်သည် ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်အတွက် အနုပညာကြေးစံချိန်တင်ရရှိမည်ဖြစ်သည်။ အသက် (၅၀)နှစ်အရွယ် ဒန်နီရယ်ခရိတ်သည် 'Bond 25' ရုပ်ရှင်တွင် ကမ္ဘာကျော်ဇာတ်ကောင် ဗြိတိန်လျှို့ဝှက်အေးဂျင့် ဂျိမ်းစ်ဘွန်းနေရာတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ပြီး အနုပညာကြေးကန်ဒေါ်လာ ၂၅သန်းရရှိမည်ဟုသိရသည်။

ဒန်နီရယ်၏ အဆိုပါအနုပညာကြေသည် 'Red Notice' ဇာတ်ကားအတွက် အနုပညာကြေးဒေါ်လာ ၂၂သန်းရရှိသော မင်းသား ဒဝိန်းဂျွန်ဆင်၊ 'The Fate Of The Furious' ဇာတ်ကားအတွက် အနုပညာကြေးဒေါ်လာသန်း ၂၀ရရှိခဲ့သည့် ဗင်ဒန်နီဆယ်လ်ထက် ပိုများနေသည်။ 'Bond 25' ရုပ်ရှင်ဇာတ်ကားသည် ဒန်နီရယ်ခရိတ်၏ နောက်ဆုံးဂျိန်းစ်ဘွန်းဇာတ်ကားဖြစ်မည်ဟု သတင်းများပေါ်ထွက်နေပြီး ထိုရုပ်ရှင်ဇာတ်ကားကို ၂၀၁၉ နိုဝင်ဘာတွင် စတင်ပြသမည်ဖြစ်သည်။

ဒန်နီရယ်ခရိတ်သည် ၂၀၀၆က ထွက်ရှိခဲ့သော Casino Royale ဇာတ်ကားတွင် ဂျိမ်းစ်ဘွန်းဇာတ်ကောင်အဖြစ် စတင်သရုပ်ဆောင်ခဲ့ပြီး ၂၀၀၈တွင် Quantum of Solace၊ ၂၀၁၂တွင် Skyfall နှင့် ၂၀၁၅တွင် Spectre ဇာတ်ကားတို့၌ ပါဝင်သရုပ်ဆောင်ခဲ့သည်။

လရောင်-Contactmusic

# ကိုင်လီဂျန်နာရဲ့ ကလေးနဲ့ပတ်သက်ပြီး ကောလာဟလတွေကို ငြင်းဆိုလိုက်တဲ့ ကိုယ်ရံတော်




လွန်ခဲ့သောသုံးလခန့်က မွေးဖွားခဲ့သည့် အမေရိကန်မော်ဒယ် ကိုင်လီဂျန်နာ၏ သမီးလေးမှာ ကိုယ်ရံတော်တင်မ်ချောင်နှင့် ရရှိသည့်ရင်သွေးလေးဖြစ်သည်ဟူသော သတင်းများ အင်တာနက်စာမျက်နှာများတွင် ပျံ့နှံ့နေသည်။ ထို့ကြောင့်ကိုင်လီဂျန်နာ၏ ကိုယ်ရံတော်ကင်မ်ချောင်က အဆိုပါကောလာဟလများနှင့်ပတ်သက်၍ အင်စတာဂရမ်စာမျက်နှာမှ တစ်ဆင့်ပြန်လည်ဖြေရှင်းခဲ့ သည်။

"ကျွန်တော်က သိုသိုသိပ်သိပ်နေတတ်တဲ့ လူတစ်ယောက်ပါ။ ပုံမှန်ဆိုရင် အတင်းအဖျင်းတွေကို ဘယ်တော့မှပြန်ဖြေရှင်းလေ့မရှိပါဘူး။ ဒါပေမဲ့ကိုင်လီ၊ သူ့ရဲ့ချစ်သူထရာဗစ်စကောက်နဲ့ သူတို့နှစ်ယောက်ရဲ့သမီးလေး။ ပြီးတော့ သူတို့မိသားစုအပေါ် အလေးထားတဲ့အနေနဲ့ ဒီကောလာဟလတွေကို ပြန်ဖြေရှင်းလိုက်တာပါ။ ကိုင်လီရဲ့သမီးလေးကကျွန်တော်နဲ့ရတာဆိုတာမဟုတ်ပါဘူး"ဟု ကင်မ်ချောင်က သူ၏အင်စတာဂရမ်စာမျက်နှာတွင် ရေးသားခဲ့သည်။

အသက် (၂၀)အရွယ် ကိုင်လီဂျန်နာသည် ချစ်သူထရာဗစ်စကောက်နှင့် ရရှိခဲ့သည့်ပထမဆုံးရင်သွေးလေး 'Stormi' ကို ဖေဖော်ဝါရီ ၁ ရက်က မွေးဖွားခဲ့သည်။ မေလ ၇ ရက်က ကျင်းပသော ၂၀၁၈ Met Gala ဖက်ရှင်ပွဲသို့ကိုင်လီသည် ထရာဗစ်စကောက်နှင့် အတူတက်ရောက်ခဲ့ကြောင်း တွေ့ရသည်။

လရောင်-justjared



# ယူရိုပါလိဂ်ချန်ပီယံဆုကို အက်သလက်တီကိုအသင်း (၃)ကြိမ်မြောက်ဆွတ်ခူး



မေလ (၁၇)ရက်နေ့တွင် ယှဉ်ပြိုင်ခဲ့သော ယူရိုပါလိဂ်ဗိုလ်လုပွဲတွင် စပိန်ကလပ် အက်သလက်တီကိုအသင်းသည် ပြင်သစ်မြေတွင် ပြင်သစ်ကလပ် မာဆေးလ်အသင်းအား ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်း၊ ဂါဘီတို့၏ဂိုးများဖြင့် (၃-၀)ဂိုးဖြင့် အနိုင်ရရှိကာ ယူရိုပါလိဂ်ဆုဖလားကို (၃)ကြိမ်မြောက် ရယူသွားခဲ့သည်။

ဗိုလ်စွဲရန်ရေပန်းစားနေသည့် အက်သလက်တီကို အသင်းသည် မာဆေးဘ်အသင်းအား ပွဲအစကတည်းက ထိန်းချုပ်ကစားသွားနိုင်ခဲ့ပြီး ပွဲချိန် (၂၁)မိနစ်တွင် တိုက်စစ်မှူး ဂရစ်ဇ်မန်းက အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။

မာဆေးလ်အသင်း ချေပဂိုးပြန်လည်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း ပွဲချိန် (၃၂)မိနစ်တွင် အဓိကကွင်းလယ်လူ ပါယက် ဒဏ်ရာကြောင့် လူစားလဲခဲ့ရပြီးနောက် အက်သလက်တီကိုအသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့သည်။

အက်သလက်တီကိုအသင်းအတွက် ပွဲချိန် (၄၉)မိနစ်တွင် ဂရစ်ဇ်မန်းက ဒုတိယဂိုးကို ထပ်မံသွင်းယူခဲ့ပြီး အနိုင်သေချာစေမည့်သွင်းဂိုးကို ပွဲချိန် (၈၉)မိနစ်တွင်အသင်းခေါင်းဆောင်ဂါဘီမှ သွင်းယူခဲ့သည်။

အက်သလက်တီကိုအသင်းသည် ယူရိုပါလိဂ် ဆုဖလားအား ၂၀၁၀၊ ၂၀၁၂ ခုနှစ်များတွင်ဗိုလ်စွဲဖူးရာ ယခုတစ်ကြိမ်မှာ အသင်းသမိုင်းတစ်လျှောက် တတိယအကြိမ်မြောက် အင်တာမီလန်၊ ဂျူဗင်တပ်စ်၊ လီဗာပူးလ်အသင်းတို့နှင့်အတူ ချန်ပီယံဆု (၃)ကြိမ်ရသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ယခုပြိုင်ပွဲတွင် စပိန်ကလပ်များအနေဖြင့် လွှမ်းမိုးထားနိုင်ခဲ့ပြီး အကြိမ်အများဆုံးအဖြစ် (၁၁)ကြိမ်ဖြင့် စံချိန်သစ်တင်နိုင်ခဲ့ပြီး၊ နောက်ဆုံး (၁၅)နှစ်အတွင်း ချန်ပီယံဆုကို (၉)ကြိမ်အထိဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

ယူရိုပါလိဂ် (ယခင် UEFA) ဖလားပြိုင်ပွဲတစ်လျှောက်တွင် ပြင်သစ်ကလပ်အသင်းများမှာ တစ်ကြိမ်တစ်ခါမှ ဗိုလ်စွဲခဲ့ဖူးခြင်းမရှိဘဲ ယခုအခါ မာဆေးလ်အသင်းမှာလည်းပြင်သစ်မြေတွင်ပင် ချန်ပီယံဆုနှင့် ထပ်မံလွဲချော်ခဲ့သည်။

မြတ်မင်းဇင်

# ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ပါက လီဗာပူးကစားသမားတိုင်း ယူရိုနှစ်သိန်း ဆုကြေးရမည်

မေလ ၂၆ ရက်တွင် ယူကရိန်းနိုင်ငံ ကိဗ်မြို့၌ ၂နှစ်ဆက်ချန်ပီယံရီးရဲလ်နှင့် ရင်ဆိုင်ရမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် လီဗာပူးအနိုင်ရပါက အသင်းသားတစ်ဦးလျှင် ဆုကြေးယူရိုနှစ်သိန်းစီရရှိမည်ဖြစ်သည်။

ရီးရဲလ်သည် ချန်ပီယံလိဂ်ဖလားကိုသုံးကြိမ်ဆက်တိုက်ရယူနိုင်မည်ဟု မျှော်လင့်ကြောင်း ရီးရဲလ်အသင်းခေါင်းဆောင်ရာမို့စ်က ပြောသည်။

ချန်ပီယံလိဂ်ဖလားကို သုံးနှစ်ဆက်တိုက်ရရှိခြင်းသည် အိပ်မက်တစ်ခုဟု ရာမို့စ်ကပြောပြီး သုံးကြိမ်ဆက်တိုက်ရရှိသော ချန်ပီယံလိဂ်ဖလားကို အိမ်ပြန်သယ်ယူနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းကပြောသည်။

ဆဋ္ဌမမြောက် ချန်ပီယံလိဂ်ဖလားရရှိရေး ကြိုးပမ်းနေသော လီဗာပူးအတွက် ကွာတားဖိုင်နယ်သို့တက်ရောက်နိုင်ခဲ့သဖြင့် ဆုကြေးယူရို ၆ ဒသမ ၅ သန်းရခဲ့ပြီး ဗိုလ်လုပွဲတွင် အနိုင်ရခဲ့ပါက ဆုငွေများစွာ ပိုမိုရမည်ဖြစ်သည်။

၂၀၀၇ ကတည်းက ဗိုလ်လုပွဲသို့ မတက်လှမ်းနိုင်ခဲ့သော ပရီးမီးယားလိဂ်ကလပ် လီဗာပူးသည် ရီးရဲလ်၏အောင်မြင်မှုနှင့် နှိုင်းယှဉ်ပါက ကွာခြားနေသည်။

ရီးရဲလ်နည်းပြ ဇီဒန်းက ယင်းဖလားကိုနှစ်ကြိမ်ဆက်တိုက်ယူထားကာ သုံးကြိမ်ဆက်ဗိုလ်စွဲရန် ပြင်ဆင်နေပြီး ၎င်းကိုင်တွယ်ခဲ့သည့် ဥရောပရှုံးထွက်အဆင့်တွင် တစ်ကြိမ်မျှမရှုံးဖူးပေ။

ဂျူဗင်တပ်ကို ပြီးခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် နိုင်ပြီးနောက် ရီးရဲလ်ကကစားသမားများအား တစ်ဦးလျှင် ယူရိုနှစ်သန်းစီပေးခဲ့သည်။

ရီးရဲလ်သည် မိမိတို့ထက် များစွာအတွေ့အကြုံရှိသော အသင်းဖြစ်သော်လည်း လုံးဝအာရုံစိုက်၍ ရင်ဆိုင်မည်ဟု လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်က ပြောကြားထားသည်။

မြတ်မင်းဇင်

# ရိန်းဂျားအသင်း၌ ဂျာဂန်ကလော့ပ်၏ ကစားဟန် သွတ်သွင်းရန် စတီဗင်ဂျရတ် ဆန္ဒပြင်းပြနေ



လီဗာပူးအသင်းသို့ နည်းပြဂျာဂန်ကလော့ပ်ဆောင်ကြဉ်းလာသော တိုက်စစ်အသားပေးကစားဟန်ကို ရိန်းဂျားအသင်း၌ အသက်သွင်းရန် နည်းပြသစ်စတီဗင်ဂျရတ်က မျှော်လင့်နေပြီး စကော့တလန်ပရီးမီးယားလိဂ်အမှတ်ပေးဖလားကို ဆဲလ်တစ်အသင်းကြီးစိုးမှု အဆုံးသတ်ပြီဖြစ်ကြောင်း ပြောကြားသည်။

၂၀၁၆ တွင်ဘောလုံးသမား ဘဝအနားယူပြီးနောက် လီဗာပူး ယူ-၁၈ နည်းပြအဖြစ် တာဝန်ယူခဲ့သူ အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဂျရတ်သည် ယခုလအစောပိုင်းက ရိန်းဂျားနည်းပြရာထူးကို လက်ခံခဲ့သည်။ ရိန်းဂျားသည် စကော့တလန်အမှတ်ပေးဆုဖလားကို ၅၄ ကြိမ်စံချိန်တင်ဆွတ်ခူးနိုင်ခဲ့သော်လည်း ၂၀၁၂ က ဘဏ္ဍာရေးပြဿနာကြောင့် အောက်တန်းသို့ ဆင်းကစားရသည့်အခြေအနေမှ ပြန်လည်နာလန်ထဆဲအဆင့်သာ ရှိသေးသည်။

၂၀၁၆ က စကော့တလန် ပရီးမီးယားလိဂ်သို့ ပြန်လည်တန်းတက်ခဲ့ပြီးနောက် ရိန်းဂျားသည် အမှတ်ပေးဇယား၌ ၂ နှစ် ဆက်တိုက် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရပြီး မဟာပြိုင်ဘက် ဆဲလ်တစ်က နောက်ဆုံးခုနစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲခဲ့သည်။

"ဂျာဂန်ကလော့ပ်ကိုင်တွယ်တဲ့အသင်းရဲ့ ဘောလုံးကစားဟန်ကိုကြည့်လိုက်ရင် ကမ္ဘာပေါ်မှာရှိတဲ့ပရိသတ်တိုင်း ရှုမငြီးဖြစ်ကြတယ်လို့ ကျွန်တော်ထင်ပါတယ်"ဟု ဂျရတ်က ပြောသည်။

၁၇ နှစ်အတွင်း လီဗာပူး အတွက် ပွဲပေါင်း ၇၁၀ ကစားခဲ့သူ ဂျရတ်သည် ဇွန်လ ၁ ရက်တွင် ရိန်းဂျားကို တရားဝင်ကိုင်တွယ်မည်ဖြစ်ပြီး ယင်းတာဝန်ကို စတင်ထမ်းဆောင်ရန် စိတ်ပြင်းပြနေကြောင်း ပြောကြားသည်။

"ဆဲလ်တစ်က အချိန်အကြာကြီး စိုးမိုးထားပါတယ်" ဟု ကစားဖော်ဟောင်း ဂရေးမက်အယ်လစ်စတာကို ၎င်း၏လက်ထောက်နည်းပြအဖြစ် ခေါ်ယူမည့် ဂျရတ်က ပြောသည်။ "သမိုင်းအစဉ်အလာကြီးမားတဲ့ ရိန်းဂျားကို သွားဖို့က ကျွန်တော်နဲ့ အယ်လစ်စတာအတွက် ကြီးမားတဲ့အခွင့်အရေးဖြစ်ပြီး ရိန်းဂျားအသင်းတိုးတက်ဖို့ ကြိုးစားသွားပါ့မယ်။ ကျွန်တော်တို့ အစွမ်းကုန်ပေးဆပ်သွားမှာပါ"ဟု ဂျရတ်ကပြောကြားသည်။

မြတ်မင်းဇင်



# တိုက်စစ်မှူးနေမာ ပြင်သစ်တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုရရှိ

ယမန်နေ့က ပါရီမြို့တွင်ကျင်းပသော အခမ်းအနားတစ်ခု၌ ပြင်သစ်တစ်နှစ်တာအကောင်းဆုံးဘောလုံး သမားအဖြစ် နေမာကိုရွေးချယ်ပြီးနောက်ပိုင်းတွင် နေမာက အပြောင်းအရွှေ့နှင့်ပတ်သက်၍ မေးခွန်းများကိုဖယ်ရှားခဲ့သည်။

ဒဏ်ရာကြောင့် ဘောလုံးရာသီနောက်ဆုံးသုံးလတွင် မကစားနိုင်သော်လည်း ပီအက်စ်ဂျီစူပါကြယ်ပွင့်က ယင်းဆုကိုရရှိခြင်းဖြစ်သည်။

ကမ္ဘာ့ဈေးအကြီးဆုံးကစားသမားသည် ဖေဖော်ဝါရီတွင် ခြေချောင်းရိုးကျိုးဒဏ်ရာရရှိပြီး ဘရာဇီး၌ ခွဲစိတ်ကုသမှုမခံယူမီ ပီအက်စ်ဂျီအတွက် လိဂ်ပွဲပေါင်း ၂၀တွင် ၁၉ ဂိုးသွင်းယူခဲ့သည်။

ဒဏ်ရာရပြီးနောက်ပိုင်း နေမာဘောလုံးပြန်မကစားသေးဘဲ ယခုလစောစောပိုင်းက ဘရာဇီးမှပြင်သစ်သို့ပြန်လာပြီး တစ်ရာသီသာ ကစားရသေးသော အသင်းမှထွက်ခွာမည်ဟု မှန်းဆချက်များရှိခဲ့သည်။

"ကျွန်တော် ဒီဘောလုံးရာသီမှာ အရမ်းပျော်ရွှင်ပါတယ်။ ကြီးမားတဲ့ဂုဏ်ပြုမှုပါ။ ကျွန်တော့်ရဲ့အသင်းဖော်တွေမပါဘဲနဲ့ ကျွန်တော်ဒီဆုကိုရမှာမဟုတ်ပါဘူး"ဟုနေမာ (၂၆) နှစ်ကပြောကြားသည်။


စနေနေ့ညက ပီအက်စ်ဂျီ၏ လီဂူးဝမ်းချန်ပီယံအဖြစ် အောင်ပွဲခံအခမ်းအနားများတွင် ပါဝင်ခဲ့သော နေမာက ၎င်း၏အနာဂတ်ကိုဆွေးနွေးရန် ငြင်းဆန်သည်။

"အပြောင်းအရွှေ့ကာလရောက်လာတိုင်း ဒီကိစ္စတွေကိုပြောနေရတယ်။ လောလောဆယ်ကျွန်တော်ဘာမှမပြောချင်ပါဘူး။ ကျွန်တော်ဒီကို ဘာကြောင့်ရောက်လာသလဲ။ ရည်မှန်းချက် ဘာတွေလဲဆိုတာ လူတိုင်းသိပါတယ်။ လောလောဆယ်မှာ ကျွန်တော့်ရဲ့ရည်မှန်းချက်ဟာကမ္ဘာ့ဖလားပါ။ အပြောင်းအရွှေ့အကြောင်းပြောဖို့ မဟုတ်ပါဘူး"ဟု နေမာကပြောကြားသည်။

အသင်းဖော်များဖြစ်သော လီဂူးဝမ်း ထိပ်တန်းဂိုးသွင်းရှင် ကာဗာနီ၊ ကိုင်လီယန်မက်ဘီနှင့် မာဆေးတောင်ပံကစားသမား ဖလော်ရီယန်သော်ဗင်တို့ကို ကျော်ဖြတ်၍ နေမာက ပြင်သစ်တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုရရှိခြင်းဖြစ်သည်။

မြတ်မင်းဇင်

# ခေတ်သစ် ဇာဘုရင်တစ်ပါးသဖွယ် တန်ခိုးသြဇာကြီးထွားလာသူ (သို့မဟုတ်) ဗလာဒီမာပူတင်



ရုရှားနိုင်ငံ ကရင်မလင်နန်းတော်အတွင်းရှိ သမ္မတကျမ်းကျိန်ပွဲအခမ်းအနားကျင်းပရာ ခန်းမဆောင်သို့ အနောက်တိုင်းဝတ်စုံကို သေသပ်ကျနစွာဝတ်ဆင်ထားသည့် ဗလာဒီမာပူတင်က ခံ့ခံ့ထည်ထည်ခြေလှမ်းများဖြင့် ဝင်ရောက်လာသည်။ မေလ ၇ရက်တွင် ပူတင်က ရုရှားနိုင်ငံ၏ သမ္မတတာဝန်ဝတ္တရားများကို စတုတ္ထသက်တမ်းအဖြစ် တာဝန်ယူထမ်းဆောင်ရန် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ မတ်လအတွင်းက ကျင်းပသည့်ရွေးကောက်ပွဲ၌ ထောက်ခံမဲ ၇၇ရာခိုင်နှုန်းနီးပါး ရရှိခဲ့ပြီးနောက်ပူတင်သည် ရုရှားသမ္မတရာထူးအတွက် သက်သောင့်သက်သာပင် ဆက်လက်ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ၎င်းသည် မျက်မှောက်ခေတ်ရုရှားနိုင်ငံသမိုင်းတွင် သြဇာအကြီးမားဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်လာသည်မှာ သံသယရှိစရာမလိုချေ။ ပူတင်ကို လိုလားထောက်ခံသူများက ၎င်းသည် ရုရှားကိုတစ်ခေတ်ဆန်းစေမည့်စစ်မှန်သော ခေါင်းဆောင်ကောင်းတစ်ဦးအဖြစ် ညွှန်းဆိုသည်။ အတိုက်အခံအင်အားစုများကမူ သက်ဦးဆံပိုင်အာဏာရှင်ဆန်သည့် ခေတ်သစ်ဇာဘုရင်တစ်ပါးဟု ပူတင်ကို ပြက်ရယ်ပြုဝေဖန်နေသည်။

အထူးဧည့်သည်တော် ငါးထောင်မျှတက်ရောက်သည့် ကျမ်းကျိန်ပွဲအခမ်းအနားတွင် အသက် (၆၅)နှစ်ရှိပူတင်က ပြီးခဲ့သည့်နှစ်ပိုင်းများအတွင်း ရုရှားနိုင်ငံ၏ တိုးတက်အောင်မြင်မှုအတွက် ဝိုင်းဝန်းကူညီသူအားလုံးကို ကျေးဇူးတင်စကားပြောကြားသည်။ ယခုနှစ် ကျမ်းကျိန်ပွဲအခမ်းအနားသည် ၂၀၁၂ကအစီစဉ်လောက် ကြီးကျယ်ခမ်းနားအောင် စီစဉ်မထားချေ။ ပူတင်သည် ပြီးခဲ့သည့် ၁၈နှစ်အတွင်း ရုရှားကို သမ္မတ (သို့မဟုတ်) ဝန်ကြီးချုပ်အဖြစ်တာဝန်ယူအုပ်ချုပ်ပြီးဖြစ်သည်။ အကယ်၍ ယခုရွေးကောက်ခံရသည့် ခြောက်နှစ်သက်တမ်းပြည့်မြောက်သည်အထိ တာဝန်ထမ်းဆောင်ပြီးချိန်တွင် ၎င်းသည် ရုရှားကိုတရားဝင်ဖြစ်စေ၊ နောက်ကွယ်ကဖြစ်စေ ချုပ်ကိုင်ထားသည်မှာ ရာစုနှစ်တစ်စိတ်မျှကြာမြင့်လာမည့်သဘောဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပူတင်၏သမ္မတ သက်တမ်းသစ်အတွက် ကျမ်းသစ္စာကျိန်ဆိုမှုသည် အဟန့်အတားအနှောင့်အယှက်မရှိဘဲ အထမြောက်ခဲ့သည်။ Cortege ဟု ခေါ်ဝေါ်သည့် ဇိမ်ခံကားကြီးကို စီးနင်းကာ ပူတင်ကရင်မလင်နန်းတော်ရင်ပြင်ထဲသို့ ဝင်ရောက်လာသည်။ ထို့နောက် ကော်ဇောနီလျှောက်လမ်းကိုဖြတ်သန်းကာ ကျမ်းသစ္စာကျိန်ဆိုသည့် ခန်းမထဲသို့ ဦးတည်ခဲ့သည်။ ယခုနှစ်တွင်မူ ၂၀၁၂ အစီအစဉ်ကလောက် ခမ်းနားများပြားသည့် အခြွေအရံမော်တော်ယာဉ်တန်း ကိုမူ အသုံးမပြုတော့ချေ။

"အဖနိုင်ငံတော်ရဲ့ ဂုဏ်သရေကို ကျွန်ုပ်တို့က ပြန်လည်အသက်သွင်းဖို့လိုတယ်။ နိုင်ငံရဲ့ အကြီးအကဲအနေနဲ့ ရုရှားရဲ့ ခွန်အားနဲ့ ကြွယ်ဝချမ်းသာမှုကိုမြှင့်တင်ဖို့ ကျွန်ုပ်ကအစွမ်းကုန်ကြိုးစားသွားမှာ ဖြစ်တယ်" ဟု ပူတင်က၎င်း၏မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။ ၎င်းကဆက်လက်၍ ရုရှားသည်အဆိုးဆုံးအခြေအနေများ ကြုံခဲ့သည့်တိုင် ဒဏ္ဍာရီလာဖီးနစ်ငှက်သဖွယ် အကြိမ်ကြိမ်ရုန်းထ ပြခဲ့သည့် သမိုင်းကြောင်းများရှိနှင့်ပြီးဖြစ်ကြောင်းလည်း ဆိုသည်။

ပူတင်၏ ကြီးစိုးမှုကို နှစ်လိုသည်ဖြစ်စေ၊ ကန့်ကွက်သည်ဖြစ်စေ ရုရှားနိုင်ငံ အနေဖြင့်လာမည့် ခြောက်နှစ်ကာလကို ၎င်း၏ စီမံဆုံးဖြတ်ချက်များဖြင့် ဖြတ်သန်းရတော့မည်ဖြစ်သည်။ ပူတင်အနေဖြင့်လည်း ၎င်း၏ ရှေ့ဆက်မည့်မဟာ ဗျူဟာစီမံကိန်းများအတွက် အလေးအနက်စဉ်းစားကြံဆောင်ရတော့မည်မှာ သံသယရှိစရာမလိုချေ။

ပြည်တွင်းရေးအတွက်လည်း ၎င်းအနေဖြင့် ခိုင်ခိုင်မာမာပြင်ဆင်ပြောင်းလဲရမည့်ကဏ္ဍများ ရှိနေသည်။ ရုရှား၏ ဆင်းရဲနွမ်းပါးမှုများကို လျှော့ချရန်၊ နိုင်ငံပိုင်အခြေခံအဆောက်အအုံများကို ခေတ်နှင့်အမီ မြှင့်တင်ပြောင်းလဲရန်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပျမ်းမျှသက်တမ်းအစရှိသော စံသတ်မှတ်ချက်များကို အပေါင်းလက္ခဏာဘက် ဦးတည်လာအောင်စီမံရန် လိုအပ်နေသည်။ ရုရှားအနေဖြင့် နိုင်ငံ၏စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းကို ပိုမိုမြင့်မားကောင်းမွန်စေရန် နည်းပညာကဏ္ဍ၏ တွန်းအားကို လက်ရှိထက် ထဲထဲဝင်ဝင်အသုံးချရမည်ဖြစ်သည်။

ခရိုင်းမီးယားကို သိမ်းယူသည့် ဖြစ်စဉ်နောက်ပိုင်း အမေရိကန် ဦးဆောင်သော အနောက်အုပ်စုနိုင်ငံများက ရုရှားအပေါ် စီးပွားရေးအရ ပိတ်ဆို့အရေးယူခဲ့ပြီး ယင်းဒဏ်ကို လက်ရှိအချိန်ထိ ခံနေရဆဲဖြစ်သည်။ မည်သို့ပင်ဖြစ်စေရေနံ တင်ပို့မှု မြှင့်တင်လာနိုင်ခြင်း၊ ရေနံဈေးပြန်လည် မြင့်တက်လာခြင်းတို့ကြောင့် ရုရှားစီးပွားရေးသည် အတိုင်းအတာတစ်ခုထိ တက်ရိပ်ပြနေသည်။ ထိုအချက်ကမူ ပူတင်အတွက် ခုသာခံသာ ဖြစ်လာစေသည်။

အကောင်း၊ အဆိုးအမျိုးမျိုးရှိနိုင်သည့်တိုင် ပူတင်သည်နောက်ထပ်ခြောက်နှစ်ကာလကို ရုရှားသမ္မတအဖြစ် တာဝန်ယူရှေ့ဆက်မည်ဖြစ်သည်။ သမ္မတသက်တမ်းကုန်ဆုံးမည့် ၂၀၂၄တွင် ၎င်းအနေဖြင့် ဂျိုးဆက်စတာလင်နောက်ပိုင်းခေတ်သစ်ရုရှားသမိုင်းတွင် ကာလအရှည်ကြာဆုံး နိုင်ငံခေါင်းဆောင်အဖြစ်လည်း ရပ်တည်နိုင်မည်ဖြစ်သည်။ ရုရှားတွင် ပူတင်၏ သြဇာတစ်စထက်တစ်စခိုင်မာအားကောင်းလာခြင်းသည် ပြည်တွင်းရေးအတွက်သာမကဘဲ အနာဂတ်ကမ္ဘာ့ရေးရာကဏ္ဍများကို ထုဆစ်ပုံဖော်ရာ၌လည်း အရေးကြီးသည့် ညွှန်ကိန်းတစ်ခုအနေဖြင့် ရိုက်ခတ်လာရန် သေချာနေသည်။

လရောင်

Ref: Radio Free Europe, Independent

# တော်ဝင် ခေတ်သစ်မင်္ဂလာပွဲ













